ဆရာလမ်းညွှန်



# စာသင်ကြားခြင်း အတတ်ပညာ မိတ်ဆက်

The Curriculum Project

ဤစာအုပ်သည် ဆရာဖြစ်ရန်ရည်ရွယ်ထားသောသူများအတွက် အထွေထွေသင်ကြားပေးခြင်း အတတ်ပညာကို မိတ်ဆက်နိဒါန်းပျိုးပေးသောစာအုပ်ဖြစ်ပါသည်။ ဆရာတစ်ယောက်ဖြစ်ရန်အတွက် သင်တန်းသားများသည်လည်း မိမိသင်ကြားမည့်ဘာသာရပ်နှင့်ဆိုင်သော အသိပညာများ ကြွယ်ဝရန်လို အပ်ပါသည်။ ဤစာအုပ်တွင်ပေးထားသော အကြံဉာဏ်များသည် အတန်းအမျိုးမျိုးတွင် အသုံးပြု၍ရ ပါသည်။ သင်တန်းသားများ မှတ်သားထားရန်မှာ – ဤစာအုပ်နှင့်သင်ခန်းစာများကို သင်ယူသောအချိန် တွင် အကြံဉာဏ်များ၊ အတွေးအခေါ်များ၊ အတန်းနှင့်နည်းလမ်းများကို မည်သို့အသုံးချရမည်ကို စဉ်းစားရ ပါမည်။

## ကျေးဇူးတင်လွှာ

Curriculum Project (CP) အနေနှင့် ဤစာအုပ်ဖြစ်မြောက်ရေးအတွက် အဖက်ဖက်မှကူညီထောက်ပံ့ ပေးကြသော Karen Refugee Committee Education Entity, World Education, Youth Connect, ZOA Refugee Care စသည့် မိတ်ဆွေအဖွဲ့အစည်းများ အချက်အလက်၊ အထောက်အကူနှင့် အကြံဉာဏ်များ၊ Hsa Thoo Lei' Brighter Future Programme နှင့် Mae la စခန်းတွင်တည်ရှိနေသော Senior School တို့မှ အစမ်းသင်ကြားပေး ပြီးမှ အကျိုးရှိသော ဝေဖန်သုံးသပ်ချက်များနှင့်အချက်အလက်များ၊ Curriculum Project (CP) မှပေးသော သင်တန်းများကိုလည်း လုပ်ငန်းကာလ ဆရာမွန်းမံသင်တန်းကိုတက်ရောက်ခဲ့ပြီး လက်တွေ့ပါဝင်ကာ ဝေဖန်သုံးသပ်ချက်များပေးသောဆရာတို့ကို အထူးကျေးဇူးတင်ရှိပါကြောင်း ...

Voluntary Services Overseas (VSO) မှလည်း စေတနာလုပ်ငန်းအတွက်ရံပုံငွေမှ ဤစာအုပ်ဖြစ် မြောက်ရန် ဘာသာပြန်ခြင်းမှ ထုတ်ဝေခြင်းအထိ ပံ့ပိုးအားဖြည့်၍ထားပါသည်။ အဖက်ဖက်မှ ပူးပေါင်း ထောက်ပံ့မှုကြောင့်လည်း အရာရာကိုဖြစ်မြောက်စေပါသည်။ အားနည်းချက်များ၊ ချွတ်ချော်မှုများရှိပါက လည်း မိမိဘက်ကသာဝန်ခံပြီး ရှေ့ဆက်တည်းဖြတ်မည့်စာအုပ်အတွက်ရည်ရွယ်ကာ ပေးလာမည့်ဝေဖန် ချက်များကို အလေးထားပါမည်။

| သင်ခန်းစာ | ခေါင်းစဉ်နှင့် သင်ခန်းစာ၏ရလဒ် | ပါဝင်သောအချက်အလက် | Activity နှင့် အတတ်ပညာတိုးတက်မှု |
|---|---|---|---|
| ၁ | **ဆရာ၏ ကဏ္ဍနှင့် ဝတ္တရားများ**<br>သင်တန်းသားများသည် ...<br>(က) ကောင်းသောဆရာ၏ အရည်အချင်းကို ဖော်ပြနိုင်ခြင်း။<br>(ခ) ဆရာ၏ တာဝန်များဖြစ်သော စာသင်ခန်းကို စီမံခန့်ခွဲခြင်း၊ သင်ခန်းစာကို ကြိုတင်ပြင်ဆင်ခြင်းနှင့် ပို့ချခြင်းများကို ရှင်းပြပေးခြင်း။<br>(ဂ) စာသင်စက်ဝန်းကိုအသုံးပြုပြီး လက်တွေ့လုပ်ခြင်းကို ထောက်ပံ့ပေးခြင်း။ | အားသာ/ အားနည်းသော ဆရာများ။ | မိမိအတွေ့အကြုံများနှင့် ဆွေးနွေးမှုများကို ခွဲခြမ်းစိတ်ဖြာခြင်း။ |
| | | အသိပညာ၊ သဘောထား၊ အပြုအမူနှင့် အတတ်ပညာ။ | အရည်အချင်းများကို ခွဲခြားစိတ်ဖြာခြင်း။ |
| | | စာသင်ခန်းအတွင်းတွင် လမ်းပြစီမံခြင်းတာဝန်။ | ရလဒ်နှင့် နားလည်သဘောပေါက်ခြင်း။ |
| | | စာသင်စက်ဝန်းနှင့် ဆရာ၏တာဝန်များ။ | လုပ်ဆောင်မှုကိုညွှန်ကြားခြင်း။ တစ်ဦးနှင့်တစ်ဦးကို သင်ကြားပေးခြင်း။ |
| | | ပြန်လည်သုံးသပ်ထင်ဟပ်ခြင်း။ | မိမိအလုပ်ကို ပြန်လည်သုံးသပ်သည့် ပုံစံကို ဒီဇိုင်းဖော်ခြင်း။ |
| ၂ | (က) ကျွန်ုပ်တို့သည် မည်သို့သင်ယူပါသနည်း။<br>(ခ) ခြားနားသောသင်ကြားနည်းများကို ရှင်းပြခြင်း။<br>(ဂ) ခြားနားသောသင်ကြားမှုပုံစံကို ခွဲခြားစွာဖော်ပြခြင်း။<br>VAK နှင့် သင်ကြားခြင်းကို အကြံပြုခြင်း။ | စာသင်ခန်းနှင့် စာသင်ခန်းပြင်ပတွင် သင်ယူခြင်း။ | မိမိ၏အတွေ့အကြုံကို ခွဲခြမ်းစိတ်ဖြာခြင်း။ |
| | | သင်ယူခြင်း၏နည်းလမ်းများ။ | သင်ကြားနည်း activities ကိုလည်း ခွဲခြမ်းစိတ်ဖြာခြင်း။ |
| | | VAK ၏ သင်ယူနည်းပုံစံ။ | ဆင်ခြင်သုံးသပ်မြင်ယောင်ခြင်း။<br>တစ်ဦးနှင့်တစ်ဦး သင်ပေးခြင်း။<br>ပြန်လည်လက်တွေ့အသုံးချခြင်း။ |
| | | တက်ကြွသည့်ကျောင်းသားနှင့် မတက်ကြွသည့် ကျောင်းသားများ။ | Role play, Mine Map ကို လက်တွေ့သုံးခြင်း။ |
| ၃ | **ဆည်းပူးရန်အတွက် သင်ကြားပေးခြင်း။**<br>သင်တန်းသားသည် –<br>(က) တန်းတူညီမျှမှုနှင့်ဆိုင်သော ခေါင်းစဉ်ကို ရှင်းပြနိုင်ပြီး သင်ယူခြင်းနှင့် သင်ကြားခြင်းမှ မည်သို့ သက်ရောက်မှုရှိသည်ကိုလည်း ရှင်းပြနိုင်ခြင်း။<br>(ခ) တန်းတူခြင်းညီနှင့် ခြားနားခြင်းများကို စိတ်ဖြာနိုင်ပြီး၊ ပညာရေးတွင် အားလုံးပါဝင်နိုင်ရေးကို ပြင်ဆင်ပေးခြင်း။<br>(ဂ) သင်ခန်းစာတွင်ပါဝင်မှုရှိစေရန် လှုံ့ဆော်ပေးသောအချက်များကို ခွဲခြားပြခြင်း။ | ကျောင်းသားများ –<br>ခြားနားမှုနှင့် တန်းတူညီမှု။ | အချက်အလက်များကို ပြန်လည်တင်ပြခြင်း။ |
| | | ပညာရေးတွင် တန်းတူအခွင့်အရေးနှင့်ဆိုင်သော အဓိကအချက်များ။ | အမြင်နှင့် အဓိကစာလုံးများကို ရှာဖွေညှိနှိုင်းခြင်း။ Word cards |
| | | ပါဝင်မှုနှင့်ဆိုင်သော case study | ဆွေးနွေးပြီး ပြန်လည်တင်ပြခြင်း။<br>Role play |
| | | ကျောင်းသားများ လှုံ့ဆော်စေရန် လုပ်ဆောင်ချက်များ။ | သာဓကအချက်ကို လျာထားခြင်း။<br>ပိုစတာများ။ |
| | | ကျောင်းသားများအားလုံးကို စိတ်ဝင်စားရန် စွမ်းဆောင်နည်း။ | Check list ကို ပုံစံဒီဇိုင်းထွင်ခြင်း။<br>ဆွေးနွေးခြင်း။ |
| | | Activities များကို ကျောင်းသားများပါဝင်လှုံ့ဆော်ပြီး စိတ်ဝင်စားအောင် ကြိုတင်ပြင်ဆင် သင်ကြားပေးခြင်း။ | ပြန်လည်၍ အသုံးချခြင်း။ |

| သင်ခန်းစာ | ခေါင်းစဉ်နှင့် သင်ခန်းစာ၏ရည်ရွယ်ချက် | ပါဝင်သောအချက်အလက် | Activity နှင့် အတတ်ပညာတိုးတက်မှု |
|---|---|---|---|
| ၄ | **ဆည်းပူးရန်အတွက် သင်ကြားပေးခြင်း။**<br>သင်တန်းသားများသည် ...<br>**(က)** တွေးတောခြင်းအတတ်ပညာ တိုးတက်လာစေရန် ရှင်းပြပေးခြင်း။<br>**(ခ)** ဘာသာရပ်သင်ကြားရာတွင် ပြန်လည်၍ အသုံးချနိုင်ခြင်း။<br>**(ဂ)** စာသင်စက်ဝန်းကိုအသုံးပြုပြီး လက်တွေ့လုပ်ခြင်းကို ထောက်ပံ့ပေးခြင်း။ | ကျောင်းသားများ သင်ယူလာစေရန် ကျွန်ုပ်တို့ ဘာကိုအလိုရှိသနည်း။ | Reflection; ordering |
| | | တွေးတောမှုအတတ်။<br>Bloom's Educational Learning objectives. | – တူညီမှုကိုနှိုင်းယှဉ်ခြင်း။<br>– ပြန်လည်လေ့လာခြင်း။<br>– မိမိကိုယ်ကို ပြန်လည်သုံးသပ်ဆုံးဖြတ်ခြင်း။ |
| | | သင်ကြားခြင်းအလုပ်ကို ရေးသားခြင်း။ | ပြန်လည်အသုံးချခြင်း။ |
| | | သင်ကြားနည်း activities ကို ဖွဲ့စည်းတည်ဆောက်ခြင်း။ | ပြန်လည်အသုံးချခြင်း။<br>Brain storm |
| | | မေးခွန်းမေးခြင်းနှင့် နည်းလမ်းများ။ | မေးခွန်းများကိုရေးသားခြင်း၊ မေးခြင်းနှင့် အချင်းချင်း၏လုပ်ရပ်ကို သုံးသပ်ခြင်း။ |
| ၅ | **အုပ်စုလိုက်လုပ်ဆောင်ခြင်း**<br>သင်တန်းသားများသည် –<br>**(က)** အုပ်စုလိုက်လုပ်ဆောင်ခြင်း အကြောင်းကို ရှင်းပြနိုင်ခြင်း။<br>**(ခ)** ဘာသာရပ်သင်ကြားရာတွင် ပြန်လည်၍ အသုံးချနိုင်ခြင်း။ | အုပ်စုလိုက်လုပ်ဆောင်မှုကြောင့်ရသော ကောင်းကျိုးနှင့်ဆိုးကျိုးများ။ | ဇယားကွက်ကို ခွဲခြားခြင်း။ |
| | | အုပ်စုဖွဲ့ခြင်း။ | Ordering and catagorising. |
| | | အုပ်စုလိုက်လုပ်ဆောင်မှုအတွက် စီမံခန့်ခွဲခြင်း။ | Case study ကို ဝေဖန်ပိုင်းခြားခြင်း။ |
| | | အုပ်စုလိုက်လုပ်ဆောင်သောအချက်များကို ပြန်လည်တင်ပြခြင်း။ | ပြန်လည်တင်ပြခြင်း။ |
| | | အုပ်စုလိုက်လုပ်ဆောင်ရသော activities ကို ဒီဇိုင်းဆွဲခြင်း။ | ပြန်လည်အသုံးပြုခြင်း။ |
| ၆ | **သင်ထောက်ကူပစ္စည်းများ**<br>သင်တန်းသားသည် –<br>**(က)** သူတို့သင်ကြားရမည့်ဘာသာရပ်နှင့် သင်ထောက်ကူကို ရှာဖွေ ညှိနှိုင်းတတ်ခြင်း။<br>**(ခ)** ရှိနေသောသင်ထောက်ကူပစ္စည်းများနှင့် သင်ခန်းစာကို အံဝင်ဂွင်ကျဖြစ်အောင် အသုံးပြုတတ်ခြင်း။ | သင်ထောက်ကူနှင့်ပတ်သက်ပြီး သုတေသနပြုရှာဖွေပြီး ပြန်လည်တင်ပြခြင်း။ | သုတေသနလုပ်ခြင်း၊ ရှာဖွေခွဲခြမ်းစိတ်ဖြာ သုံးသပ်ခြင်း။<br>ရရှိလာသောအချက်များကို ပြန်လည်တင်ပြခြင်း။ |
| | | ရှိနေသောသင်ထောက်ကူပစ္စည်းများကို အသုံးပြုတတ်ခြင်း။ | သုတေသနပြု၍ ရှာဖွေခြင်း။<br>Work station |
| | | သင်ခန်းစာစာအုပ်ကို အသုံးပြုခြင်း။ | သင်ခန်းစာစာအုပ်ကို ခွဲခြားရွေးချယ်ခြင်း။<br>- Case studies ကိုခွဲခြားရွေးချယ်ခြင်း။<br>– Activities ကို ပုံစံဒီဇိုင်းဖော်ခြင်း။ |
| | | မိမိဘာသာ သင်ထောက်ကူပစ္စည်းပြုလုပ်ခြင်း။ | – သင်ခန်းစာရည်ရွယ်ချက်နှင့် အချိတ်အဆက်မိအောင်လုပ်ခြင်း။<br>– သင်ထောက်ကူ ဖန်တီးခြင်း။ |

| သင်ခန်းစာ | ခေါင်းစဉ်နှင့် သင်ခန်းစာ၏ရလဒ် | ပါဝင်သောအချက်အလက် | Activity နှင့် တတ်ပညာတိုးတက်မှု |
|---|---|---|---|
| ၇ | **ကြိုတင်ပြင်ဆင်ခြင်း**<br>သင်တန်းသားများသည် ...<br>**(က)** သင်ခန်းစာအတွက် ပြင်ဆင်ရေးသားခြင်း။<br>**(ခ)** ကျောင်းသားတစ်ဦးတစ်စီ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ပြင်ဆင်ပေးခြင်း။<br>**(ဂ)** သင့်လျော်သောသင်ထောက်ကူပစ္စည်းများကို အသုံးပြုခြင်း။<br>**(ဃ)** ထိရောက်သော စာသင်နည်းနှင့် သင်ယူနည်းအမျိုးမျိုးတို့ကိုသုံးကာ ကျောင်းသားများပါဝင်လာအောင် လှုံ့ဆော်ခြင်း။<br>**(င)** မိမိသင်ကြားရသောဘာသာရပ်ကို ပြန်လည်သုံးသပ်ရာတွင် လိုအပ်သည်များကို ပြန်လည်ဖြည့်ဆည်းခြင်း။ | သင်ရိုးကို စီမံနိုင်ခြင်း။ | သင်ရိုးကို ပြန်လည်လေ့လာပြီး အားသာချက်/အားနည်းချက်များကို ခွဲခြားခြင်း။ |
| | | ဘာသာရပ်အတွက် ကြိုတင်ပြင်ဆင်ခြင်း။ | သင်ခန်းစာကို ပုံကြမ်းရေးဆွဲပြင်ဆင်ခြင်း။ |
| | | သင်ခန်းစာ၏ရည်ရွယ်ချက်များ။ | သင်ခန်းစာ၏ရည်ရွယ်ချက်များကို ပြန်လည်၍ သုံးသပ်ခြင်း၊ ပြန်လည်အသုံးပြုခြင်း။ |
| | | သင်ခန်းစာအတွက် ကြိုတင်ပြင်ဆင်ခြင်း။ | – အဆင့်ဆင့်သော input process output များကို သင်ခန်းစာကြိုတင်ပြင်ဆင်ရာတွင်သုံးခြင်း။ Brainstorm - check list ကိုဖန်တီးခြင်း။ |
| | | လက်တွေ့လုပ်ဆောင်ခြင်း။ | ပြန်လည်ဝေဖန်ခြင်း။<br>– မိမိ၏လုပ်ရပ်များကို ပြန်လည်သုံးသပ်ခြင်း။<br>– ပြန်လည်အသုံးချခြင်း။ |
| ၈ | Assessment<br>သင်တန်းသားများသည် –<br>**(က)** ခြားနားသော Assessment နည်းကို ခွဲခြားသိမြင်ခြင်း။<br>**(ခ)** Assessment ကို ရှုထောင့်အမျိုးမျိုးနှင့် ရှင်းပြနိုင်ခြင်း (သင်ခန်းစာအစတွင်လုပ်ဆောင်သော assessment အပါအဝင်)<br>**(ဂ)** လက်တွေ့ကျကျလုပ်ဆောင်ပြီး ဝေဖန်ခြင်းကို ရှင်းပြနိုင်သည်သာမက သရုပ်ဖော်နိုင်ခြင်း။<br>**(ဃ)** မှတ်တမ်းတင်ထားခြင်းသည် တိုးတက်မှုနှင့် Assessment အတွက် မည်မျှဆက်နွယ်အရေးကြီးသည်ကို ရှင်းပြခြင်း။ | Assessment အမျိုးအစားများ။<br>Assessment နည်းလမ်းများ။ | သင်ခန်းစာရည်ရွယ်ချက်နှင့် learning assessment ကို နှိုင်းယှဉ်ခြင်း။ |
| | | သင်ခန်းစာအစတွင်လုပ်ဆောင်သော assessment | Case study ကို ဖတ်ရှုခြင်း။<br>ဆွေးနွေးခြင်း။ |
| | | – သင်ခန်းစာနှင့်ဆိုင်သော assessment<br>– မိမိကိုကိုယ်နှင့် အချင်းချင်းလုပ်ဆောင်ချက်များကို ပြန်လည်တိုင်းတာစစ်ဆေးသော assessment | – မိမိလုပ်ဆောင်သော အချက်များကို တိုင်းတာစစ်ဆေးသော assessment<br>- assessment လုပ်ဆောင်သော ပုံစံဒီဇိုင်း။ |
| | | – ပြန်လည်ဝေဖန်ပေးခြင်း။<br>– အမှတ်ပေးခြင်း။<br>– မှတ်တမ်းတင်ထားခြင်း။ | – ပြန်လည်ဝေဖန်ခြင်း။<br>– အမှတ်ပေးခြင်းကို ပြန်လည်သုံးသပ်စစ်ဆေးခြင်း။<br>– မှတ်တမ်းများကို ထိန်းသိမ်းသည့်နည်းပုံစံကို ဒီဇိုင်းဖော်ခြင်း။ |
| | | သင်ခန်းစာအဆုံးတွင်လုပ်သော assessment<br>– အမြဲတမ်းလုပ်သော assessment<br>– စာမေးပွဲများ။ | – သင်ခန်းစာအဆုံး၌ပြုလုပ်သော assessment policy ကို ဖန်တီးခြင်း။ |

| သင်ခန်းစာ | ခေါင်းစဉ်နှင့် သင်ခန်းစာ၏ရလဒ် | ပါဝင်သောအချက်အလက် | Activity နှင့် အတတ်ပညာတိုးတက်မှု |
|---|---|---|---|
| ၉ | **စာသင်ခန်းကို စီမံခန့်ခွဲခြင်း**<br>သင်တန်းသားများသည် ...<br>**(က)** စာသင်ခန်းစီမံခန့်ခွဲမှု၏ စည်းကမ်းကို ရှင်းပြနိုင်ခြင်း။<br>**(ခ)** နည်းဗျူဟာအမျိုးမျိုးကိုသုံးပြီး စာသင်ခန်းကို စီမံကွပ်ကဲခြင်း။ | စာသင်ခန်းအား စီမံကွပ်ကဲခြင်းဆိုသည်မှာ အဘယ်နည်း။ | စာသင်နည်းအတတ်ကို ပြန်လည်လေ့လာခြင်းအားဖြင့် စီမံခန့်ခွဲခြင်းနည်းလမ်းကို အသုံးပြုခြင်း။ |
| | | – စီမံခန့်ခွဲခြင်း၏နည်းလမ်းများ။ | – စာသင်ခန်းကို ကြည့်ရှုလေ့လာပြီး မှတ်တမ်းတင်ခြင်း။<br>– စာသင်ခန်း၏စည်းကမ်းကို ချမှတ်ခြင်း။ |
| | | ဆုပေး/ဒဏ်ပေးစနစ်။ | သင့်လျော်သောသုံးသပ်မှုများနှင့် ခြားနားသောနည်းလမ်းများ၏ ထိရောက်မှု။ |
| **အားလုံး** | လက်တွေ့လုပ်ဆောင်မှု | သင်ခန်းစာတိုင်းတွင် လက်တွေ့လုပ်ဆောင်မှုများ (သို့) သင်ကြားမှုများကို လေ့လာသင်ယူသည့် နည်းစနစ်များပါရှိသည်။ | |
| **အားလုံး** | activity တိုးချဲ့လုပ်ဆောင်ခြင်း။ | အခန်းတိုင်းတွင် အပိုဖတ်ရန်စာပိုဒ်၊ သုတေသနပြုရှာဖွေခြင်းနှင့် supplemtary activities section တွင် ပိုမိုပါရှိပါသည်။ ယင်းကို အားသာသောကျောင်းသားနှင့် သင်ခန်းစာကြီးတွင် သုံးနိုင်ပါသည်။ | |
| **အားလုံး** | Assessment | သင်ခန်းစာတိုင်းတွင် assessment task ပါရှိသည်။ အမြဲတမ်း assessment တွင်လည်း လုပ်ဆောင်နိုင်ပါသည်။ | |
| | Methods File | သင်ယူခြင်းနည်းလမ်းတချို့ ဤသင်ခန်းစာတွင်ပါရှိပါသည်။ နည်းလမ်းအတော်တော်များများအား ဤသင်ခန်းစာတွင် ဖော်ပြထားပါသည်။ | |

# နိဒါန်း

**ပြင်ဆင်ခြင်း**

သင်ကြားခြင်းကို အစမပြုမီ သင်ခန်းစာအားလုံးကို ဦးစွာဖတ်ပါ။ သင်ခန်းစာ ဘယ်နှစ်ခုသင်ကြားသွားမည်ကို ကြိုတင်ပြင်ဆင်ထားပေးရပါမည်။ မည်သည့်လှုပ်ရှားမှုကို (acitivities) ပိုသုံးပြီး၊ မည်သည့်လှုပ်ရှားမှုကို ကျော်သွားရမည်ကို သိရပါမည်။ သင်ခန်းစာအတွက်လိုအပ်သော သင်ထောက်ကူများ (စာရွက်၊ စာအုပ်၊ ကဒ်ထူများစသည့်) ကို ပြင်ဆင်ထား ပေးရပါမည်။

**လိုအပ်သောသင်ထောက်ကူပစ္စည်းများ**

လုံလောက်သည့် သင်တန်းကြီးကြပ်သူ လက်စွဲစာအုပ်နှင့် လမ်းညွှန်စာအုပ်များ။

အချို့ လေ့ကျင့်ခန်းများအတွက် cue card,word card, case studies များလိုအပ်သည်။ ဆရာကိုင်စာအုပ်အပြီး တွင် စာအုပ်ကို မိတ္တူကူးခြင်း၊ စာရွက်ကဒ်ထူပေါ်တွင်လည်း ရေးချနိုင်ပါသည်။

သင်ခန်းစာစာအုပ်၊ သင်တန်းကြီးကြပ်သူသည် သင်ခန်းစာစာအုပ်များကိုယူလာပါ။ အကယ်၍ သင်တန်းကြီးကြပ် သူသည် ယခင်ကစာသင်အတွေ့အကြုံမရှိက အဆင်ပြေမည်ဟုထင်ရသော လက်ရွေးစင်သင်ခန်းစာစာအုပ်ကိုလဲ ယူလာပေးပါ။ ယင်းစာအုပ်သည် သင်တန်းကြီးကြပ်သူများ လက်တွေ့သင်ခန်းစာကို ကြိုတင်ပြင်ဆင်လုပ်ဆောင်သော အခါတွင်လည်းကောင်း၊ သင်ခန်းစာအထောက်အကူပြုလုပ်ဆောင်မှု (activities) များကို လုပ်ဆောင်သောအခါတွင်လည်းကောင်း လေ့ကျင့်လုပ်ဆောင် သွားနိုင်ပါလိမ့်မည်။

အဖွဲ့လိုက်လုပ်ဆောင်မှုများကို ပြန်လည်တင်ပြနိုင်ရန်အတွက် ကြီးမားသည့်စာရွက်များကိုသုံးပါ။ အကယ်၍ မရှိခဲ့ သော် ကျောက်သင်ပုန်းကို အသုံးပြုနိုင်ပါသည်။

**ဘာသာစကား**

သင်တန်းသားများအား အသစ်သောအချက်အလက်များကို ရှင်းပြရာတွင်လည်းကောင်း၊ ပြန်လည်တင်ပြရာတွင်လည်း ကောင်း၊ အတန်းလိုက်ဆွေးနွေးရာတွင်လည်းကောင်း၊ အုပ်စုလိုက် (သို့) နှစ်ယောက်တစ်တွဲလုပ်ဆောင်သောအရာများကိုသော် လည်းကောင်း ဒေသခံဘာသာစကားကိုသုံးပါ။ သင်ခန်းစာတစ်လျှောက်လုံးသုံးသော အဓိကအကြောင်းအရာ သော့ချက်များကို အထွေထွေနိဒါန်းတွင် ဖော်ပြထားပါသည်။ သင်ခန်းစာတိုင်းတွင်ပါရှိသောအချက်များကို သင်တန်းသားနားလည်နိုင်ရန် အကျဉ်း ချုပ်စာပိုဒ်များဖြင့် ဖြည့်ဆည်းဖော်ပြထားပါသည်။

**သင်တန်းကြီးကြပ်သူသည် သင်ခန်းစာရှိ မည်သည့်အရာများကို မည်သို့သင်ကြားသွားပါသနည်း။**

သင်ခန်းစာအထောက်အကူပြုလှုပ်ရှားမှုများသည် ...

၁။ ဆရာကောင်းတစ်ဦးဖြစ်လာရန် သင်တန်းကြီးကြပ်သူမှ သိရှိအပ်သော အချက်များနှင့် အကြံဉာဏ်များ။

၂။ သင်ကြားနည်းအမျိုးမျိုးကိုလည်း သရုပ်ပြပေးပါသည်။ သင်တန်းသားများသည်လည်း သင်ခန်းစာတွင်ရှိသော သင်ကြားနည်းများကိုလည်း အသုံးပြုရပါမည်။ မိမိတို့အတန်းတွင် သင်ကြားနည်းများကို ပြေလည်စွာအသုံးချတတ်ရန်အတွက် အကြံဉာဏ်ပေးပါ။

**သင်ကြားခြင်း၏ရည်ရွယ်ချက်များ** ။ ။ သင်တန်းကြီးကြပ်သူကိုင်သော ဆရာကိုင်စာအုပ်နှင့် သင်တန်းသားကိုင်စာအုပ်များ ၏အစပိုင်းတွင် **သင်ကြားခြင်း၏ ရည်ရွယ်ချက်များ** (Learning objectives) ကို ထည့်သွင်းဖော်ပြထားသည်။

**သင်ခန်းစာ၏ အဓိကအချက်** ။ ။ သင်တန်းသားများသည် မိမိတို့သင်ခန်းစာနှင့်ပတ်သက်ပြီး ဆွေးနွေးရာမှလည်းကောင်း၊ (activities) လုပ်ရာမှလည်းကောင်း ရရှိလာသော အဓိအချက်များဖြစ်ပါသည်။ ယင်းနှင့်ပတ်သက်သောအချက်များသည် သင် တန်းကြီးကြပ်သူစာအုပ်တွင် ပါရှိပါသည်။

**ပုံစံနမူနာသရုပ်ပြခြင်း** ။ ။ ကောင်းမွန်သည့် သင်ကြားနည်းတခုကို နမူနာပုံစံဖြင့် သရုပ်ပြပေးပါ။ သင်တန်းသားများသည် ယင်းကို တွေ့မြင်သောအခါ သင်ခန်းစာကိုမည်သို့ ပြန်လည်သင်ကြားပေးရမည်ကို သိရှိရန်ဖြစ်သည်။ နောက်စာမျက်နှာများတွင် နမူနာ နှင့်တစ်ကွ ဖော်ပြထားပါသည်။

## သင်တန်း၏နည်းလမ်းများ

### ပြန်လည်လေ့လာခြင်း

ပြီးခဲ့သောသင်ခန်းစာများနှင့် အချက်အလက်များကို ပြန်နွေးခြင်းအားဖြင့် သင်ရှေ့ဆက်မည့်သင်ခန်းစာကို အစပျိုးပေးပါ။ အကယ်၍ သင်တန်းသားများသည် ကြည့်ရှုလေ့လာခြင်းကို ပြီးခဲ့သောသင်ခန်းစာတွင် လုပ်ဆောင်ထားခဲ့သည်ဆိုပါစို့။ သင်ရှေ့ဆက်မည့်သင်ခန်းစာတွင် ယင်းကိုပြန်လည်လုပ်ဆောင်ခြင်းအားဖြင့် သင်ခန်းစာနှစ်ခုကို ချိတ်ဆက်ပေးပါ။ ထိုသင်ခန်းစာနှစ်ခု၏ အချိတ်အဆက်ရှိပုံများကိုပြပေးပါ။

### သင်ခန်းစာကိုအစပျိုးခြင်း

အောက်ပါပေးထားသောနည်းများကိုသုံးပါ။ အခြားနည်းလမ်းကိုလည်းသုံးနိုင်သည်။

**နည်းလမ်းအမှတ် (၁)** – (Brainstorming) ဆရာက သင်တန်းသားများကို ခေါင်းစဉ်နှင့်ပတ်သက်သော အကြံမေးခွန်းများမေးပေးပါ။ သင်ခန်းစာကိုအစပြုရာတွင် ယင်းကဲ့သို့လုပ်ဆောင်ချက်သည် လွန်စွာအကျိုးရှိပါသည်။

**နည်းလမ်းအမှတ် (၂)** – သင်တန်းကြီးကြပ်သူသည် သင်ခန်းစာ၏အချက်အလက်များကို ပြောဆိုတင်ပြစေပြီး၊ သင်တန်းသားများသည်လည်း မိမိ၌ရှိသောအတွေ့အကြုံများကို ဖော်ပြပြောဆိုပေးခြင်း။

**နည်းလမ်းအမှတ် (၃)** – စာပိုဒ် (သို့) နိဒါန်းကို ဖတ်စေပါ။ သင်တန်းကြီးကြပ်သူသည် သင်တန်းသားများ (Key words) ကို မည်မျှနားလည်ကြောင်း စစ်ဆေးပေးပါ။

**နည်းလမ်းအမှတ် (၄)** – သင်တန်းသားများအား စာပိုဒ် (သို့) နိဒါန်းကိုဖတ်ခိုင်းပြီး သုံးထားသောအသုံးအနှုန်းများကို နားမလည်ပါက အဘိဓာန်ကိုသုံးပြီး အဓိပ္ပါယ်ကိုရှာစေပါ။

**နည်းလမ်းအမှတ် (၅)** – သင်တန်းကြီးကြပ်သူမှ နိဒါန်းနှင့် စာပိုဒ်ကိုဖတ်ပြပေးပါ။ နားလည်မှုအတိုင်းအတာကို သိရှိနိုင်ရန်အတွက် မေးခွန်းများကိုမေးပေးပါ။

### ဆွေးနွေးခြင်း

သင်တန်းကြီးကြပ်သူ၏ လက်ကိုင်စာအုပ်တွင်ပါဝင်သော မေးခွန်းများကို မေးပါ။ Method file C : open and close question ဆွေးနွေးခြင်းကိုလမ်းခင်းပေးသောမေးခွန်းများကို မေးပေးပါ။

သင်တန်းသားများကိုစဉ်းစားချိန်ပေးပြီး (၁) မိနစ်ခန့် သူတို့စဉ်းစားသောအရာများကို ဆွေးနွေးနိုင်ရန်အတွက် ရေးမှတ်ချိန်ပေးပါ။ (Method file B: Why ask questions/write time) တွင်ကြည့်ပါ။

သင်တန်းသားကို ပထမမေးခွန်း၏အဖြေနှင့်အကြံများကို မေးပါ။ ပြီးလျှင် အခြားသောသင်တန်းသားများအား သဘောတူ/မတူကို မေးပါ။ ပြီးလျှင် (follow-up question) ကို နားလည်သော သင်တန်းသားကိုမေးပေးပါ။ (Method file B: Why ask questions/minimun length answers) ကိုကြည့်ပါ။

သင်ခန်းစာအဓိကအချက်များနှင့် ဆွေးနွေးချက်များကို အတိုချုံးပေးပါ။

သင်တန်းကြီးကြပ်သူသည် သင်တန်းသားများနှင့်ဆွေးနွေးနိုင်ရန်အတွက် မိမိကိုယ်ကိုယုံကြည်မှုရှိရပါမည်။

ရှေ့ဆက်ပြီး ပိုမိုဆွေးနွေးနိုင်ရန်အတွက် မေးခွန်းများကို မေးပါ။ အကယ်၍ သင်တန်းသားများသည် သင်၏အကြံကိုလက်မခံလျှင် သူတို့တင်ပြသောအရာများကို နားထောင်ပေးပါ။ မှန်ကောင်းမှန်နေလိမ့်မည်။





အဖွဲ့လိုက်လုပ်ဆောင်ခြင်း



**အဖွဲ့များဖွဲ့ခြင်း** ။ ။ အဖွဲ့များကို ဖွဲ့စည်းခြင်းသည်လည်း အဓိကကျသော စာသင်နည်းတစ်ရပ်ဖြစ်ပါသည်။ (activity) လုပ်ဆောင်မှုများကိုလုပ်ဆောင်သောအခါ သင်ခန်းစာအနေနှင့် အဖွဲ့ကို မည်သို့ဖွဲ့ရမည်ကို အတိအကျဖော်ပြထားခြင်းမရှိပေ။ အဖွဲ့များကိုဖွဲ့စည်းရာတွင် မိမိအတန်း၏အခြေအနေကို စဉ်းစားကာ မိမိရည်ရွယ်ချက်အတွက် အကောင်းဆုံးနည်းကို ရွေးချယ်ပါ။ သင်ခန်းစာ (၅) တွင်ပေးထားသော (Additional reading and research) ဆိုသော ခေါင်းစဉ်ကို အကြံကောင်းများရယူဖို့ရန်အတွက် လေ့လာပေးပါ။

**အဖွဲ့လိုက်လုပ်ဆောင်မှုအတွက် ခွဲတမ်းချစီမံခန့်ခွဲခြင်း** ။ ။ သင်တန်းကြီးကြပ်သူ၏လက်ကိုင်စာအုပ်ရှိ သင်ခန်းစာ (၅) တွင်ပါသော check list ကိုကြည့်ပြီးသုံးပါ။ သင်တန်းသားများကိုလည်း အဘယ်ကြောင့် ယင်းသို့လုပ်ဆောင်ရသည်ကို သဘောပေါက်နားလည်စေပါ။

**ပြန်လည်တင်ပြခြင်း** ။ ။ အုပ်စုလိုက်လုပ်ဆောင်သောအရာများအား ပြန်လည်တင်ပြခြင်းများကို သင်ခန်းစာ (၅) တွင် ဖော်ပြထားပါသည်။ နည်းအမျိုးမျိုးဖြင့်လုပ်ဆောင်နိုင်သော အချက်အလက်များပါရှိပါသည်။



**မှတ်တမ်းတင်ခြင်း** ။ ။ သင်တန်းသားများသည် အုပ်စုလိုက်လုပ်ဆောင်သောအရာများကို မှတ်တမ်းတင်ထားရပါမည်။ မှတ်တမ်းများရေးခြင်း၊ အတိုချုံးခြင်းများအတွက် အချိန်ပေးပါ။ ယင်းသို့မလုပ်လျှင် အရေးကြီးသောသင်ခန်းစာအချက်အလက်များကို မေ့လျော့သွားနိုင်ပါသည်။

### အချိန်နှင့်ပတ်သက်သောလုပ်ရှားမှုများ

သင့်လျော်သောလုပ်ဆောင်မှု (task) နှင့်လုပ်ဆောင်နိုင်မည့်ကျောင်းသားကို ရှာထားပါ။ အချိန်သည် သင်ခန်းစာခေါင်းစဉ်၏ ခက်ခဲမှု၊ ရင်းနှီးမှု (သို့) လုပ်ဆောင်မှုတို့အပေါ်တွင် အခြေခံပြီး မူတည်ရပါလိမ့်မည်။ သင်တန်းသားများကို အချိန်များစွာမပေးပါနှင့်။ လုပ်ဆောင်မှုများစောစီးစွာပြီးနေပြီး အချိန်ပိုနေလျှင် ဂနာမငြိမ်ဖြစ်တတ်သည်။ အခြားသောအပိုလုပ်ဆောင်ချက်များရှိခဲ့သော် အချိန်များစွာပေးပါက ကိစ္စမရှိပါ။ အကယ်၍ သင်တန်းသားများ၏အလုပ်သည်များနေပြီး အချိန်သည်မလုံလောက်ခဲ့သော် လုပ်ဆောင်မှုများပြီးမြောက်ရန်အတွက် အချိန်တိုး၍ပေးပါ။

### အဖြေများ

ဤသင်ခန်းစာသည် သင်တန်းသားများ နားလည်ရန်နှင့် သင်ကြားခြင်းဆိုင်ရာအချို့သောစည်းကမ်းများကို လိုက်လျောက်တတ်စေရန်ဖြစ်ပါသည်။ လုပ်ဆောင်မှုတွင် အများအားဖြင့် မှားသည်/မှန်သည်ဟူသော အဖြေမရှိပါ။ တနည်းအားဖြင့်ဆိုသော် ဖြစ်နိုင်ချေဖြစ်သောအဖြေများကိုသာ ပေးထားပါသည်။ သင်တန်းသားများတွင်လည်း ပိုမို၍တမူထူးခြား ကောင်းမွန်သောအဖြေ ရှိကောင်းရှိနိုင်ပါသည်။

## သင်တန်းသားလက်ကိုင်စာအုပ်

သင်တန်းသားလက်ကိုင်စာအုပ်တွင် သင်ကြားနည်းအမျိုးမျိုးပါဝင်ပြီး စုစုပေါင်း သင်ခန်းစာ (၉) ခုရှိပါ ရှိပါသည်။ သင်ခန်းစာတိုင်းတွင် အောက်ပါအချက်များပါဝင်ပါသည်။

### စာပိုဒ်များဖတ်ခြင်းနှင့် ဇယားများကိုလေ့လာခြင်း

အတိုကောက် (သို့) အသစ်သော အကြောင်းအရာအချက်အလက်များကို ဖော်ပြပေးပါသည်။

**သင်ယူမှုကို အထောက်အကူပြုစေသည့် လုပ်ရှားမှုများ**

ယင်းလုပ်ရပ်များသည် သင်တန်းသားများ မိမိတို့သိရှိထားသောအရာများနှင့် ဆက်စပ်မှုရှိရန်အတွက် အထောက်အကူပြုပါသည်။ အသစ်သောအချက်အလက်များနှင့်လည်း အချိတ်အဆက်များရှိစေပါသည်။ သူတို့၏ နားလည်မှု၊ လေ့ကျင့်မှုနှင့် စာသင်ခန်းတွင် ပြန်လည်အသုံးချတတ်စေရန်ဖြစ်ပါသည်။ သင်တန်းသားများ သင်ခန်းစာကို ပိုမိုနားလည်သဘောပေါက်သိရှိစေရန်ဖြစ်ပါသည်။

**တုန့်ပြန်မှု**

သင်တန်းသားများ မည်သည့်အရာမကို သင်ယူသွားသည်၊ မည်မျှတိုးတက်လာသည်ကို သိရှိရန်အတွက်ဖြစ်ပြီး ယင်းစာမျက်နှာသည် သင်တန်းသားများ မိမိတို့၏ ကိုယ်တိုင်လုပ်ဆောင်ချက်များကို ပြန်လည်သုံးသပ်ရန်အတွက်သာဖြစ်ပြီး၊ သူတို့နားလည်မှုအတိုင်းအတာကို သိရှိနိုင်ရန်အတွက် မေးခွန်းများကို ဖြေဆိုခိုင်းရပါသည်။

**အကျဉ်းချုံး**

အဆုံးတွင် သင်ခန်းစာတစ်ခုလုံးတွင်ပါသောအချက်များကို အကျဉ်းချုံးပေးထားပါသည်။ အချက်လေးများ (bullet-point) (သို့) စာပိုဒ်အနေဖြင့် ဖော်ပြထားပါသည်။

**နီးကပ်စွာ ကြည့်ရှုလေ့လာခြင်း**

အတွေ့အကြုံရင့်ကျက်သောဆရာ၏သင်ကြားမှုကို သင်တန်းသားများလေ့လာခြင်း၊ အကြောင်းအရာများသောသင်ခန်းစာကို လေ့လာခြင်းနှင့် နည်းသောသင်ခန်းစာများအတွက်ဆိုလျှင် လေ့လာခြင်းကို (၁) ကြိမ် (သို့မဟုတ်) (၂) ကြိမ်မျှ လုပ်ဆောင်နိုင်ပါသည်။

**လက်တွေ့လုပ်ဆောင်မှုများ**

တချို့သောသင်ခန်းစာများတွင် လေ့လာကြည့်ရှုမှုအစား လက်တွေ့လုပ်ဆောင်မှုကို သုံးထားပါသည်။ ယင်းလုပ်ရပ်သည်လည်း သင်ခန်းစာနှင့်ဆက်နွယ်နေပါသည်။

**ပြန်လည်စစ်ဆေးခြင်း**

သင်ခန်းစာတိုင်းတွင် ပြန်လည်စစ်ဆေးမှုလုပ်ခြင်းကို ထည့်သွင်းထားပါသည်။ ယင်းသည် သင်ခန်းစာကို မည်မျှနားလည်သဘောပေါက်သည်။ မည်မျှပြန်လည်လေ့ကျင့်အသုံးချနိုင်သည်ကို စစ်ဆေးခြင်းဖြစ်သည်။

ယေဘုယျအားဖြင့် သင်တန်းသားများအား လက်တွေ့နှင့် သင်ခန်းစာမှအချက်အလက်များ ဆက်စပ်နေမှုအခြေအနေကို ဖော်ပြစေပါသည်။

ကျသည်/ အောင်မြင်သည်ကိုဖော်ပြခြင်းမဟုတ်ဘဲ အထက်တွင်ဖော်ပြထားသည့်အတိုင်း သင်ခန်းစာကို မည်မျှနားလည်သဘောပေါက်သည်၊ မည်မျှပြန်လည်လေ့ကျင့်အသုံးချနိုင်သည်ကို စစ်ဆေးပေးခြင်းသာဖြစ်ပါသည်။ အကယ်၍ သင်သည်လည်းသဘောပေါက်ခြင်းနှင့် မည်မျှပြန်လည်အသုံးချနိုင်သည်ကို အမြဲတမ်းလုပ်ဆောင်လျှင် အောင်သည်/ ဆက်လက်ကြိုးစား ရပါဦးမည်ဆိုသည့်လုပ်ဆောင်ချက်များကို တိုင်းတာအဖြေပေးသော တိုင်းတာခြင်းများ (Two point scale) ကို သုံးပေးရပါမည်။

အကယ်၍ ကြိုးစားရဦးမည်ဆိုလျှင် မည်သို့ဆက်ကြိုးစားလုပ်ဆောင်ရမည်ကို ရှင်းလင်းတိကျစွာဖော်ပြပေးရပါမည်။

**သင်တန်းကြီးကြပ်သူ၏လက်ကိုင်စာအုပ်အဆုံးတွင် ဖြည့်စွက် အခန်း (၃) ခန်းပါဝင်ပါသည်။**

**ဖြည့်စွက်ဖတ်ရှုရန်နှင့် လေ့လာရန်**

ပိုပြီးတက်ကြွလုပ်ဆောင်မှုရှိသောသင်တန်းသားများ (stronger trainees) အတွက် လုပ်ဆောင်မှုများကို ဖြည့်စွက်ပေးထားပါသည်။ သင်တန်းသားများအားလုံး မလုပ်မနေရဟူ၍လည်းမဟုတ်ပါ။ မည်သည့်အရာကိုသုံးမည်၊ မည်သည့်သင်တန်းသားအတွက် အကျိုးရှိမည်ဟူသည့် ဆုံးဖြတ်ချက်အခြေအနေမှာ သင့်အပေါ်တွင်သာမူတည်ပါသည်။

**အပိုလုပ်ဆောင်ရသောလုပ်ဆောင်မှုများ**

သင်ကြားနည်းစနစ်အပေါ်မူတည်ပြီး၊ ထပ်ဆောင်းလုပ်ဆောင်ရသောလုပ်ဆောင်မှုများ အနည်းငယ်ပါရှိပါသည်။

အဆင့်အမျိုးမျိုးရှိသည့် သင်တန်းသားအားလုံးအတွက် သင့်လျော်မှုရှိသောသင်ကြားမှုအတတ် (သို့) သင်ကြားမှုအတွက် ပြန်လည်အသုံးချခြင်းတွင် သင့်လျော်ပါသည်။ မည်သည့်အချိန်တွင် အသုံးပြုရမည်ကိုမူ သင်တန်းကြီးကြပ်သူသာ ဆုံးဖြတ်ရမည်ဖြစ်သည်။

**နည်းစနစ်**

သင်ကြားနည်းသင်ခန်းစာထဲတွင် ယင်းသည် နည်းစနစ်ကို သုံးထားသည်။ ဥပမာ – သင်တန်းသားများ ပြန်လည်တင်ပြခြင်း (သို့) အဖွဲ့လိုက်လုပ်ဆောင်သောအရာများကိုတင်ပြသောအခါ (Methods files) တွင်ပေးထားသော လမ်းပြနမူနာများကို သုံး၍ရပါသည်။

# သင်ခန်းစာ (၁)

## ဆရာ၏အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများ

**Teacher roles and responsibilities**

### A. သင်ကြားပေးခြင်းကို စဉ်းစားကြည့်ခြင်း

**ကျွန်ုပ်၏ အဆိုးဆုံးဆရာ**

၁။ သင်တွေ့ကြုံဆုံခဲ့ရသော ဆိုးသည့်ဆရာ၏အကြောင်းကိုစဉ်းစားပြီး ဆိုးရခြင်း၏အကြောင်းရင်းများကို အချက်များဖြင့် ရေးချပါ။

၂။ (၂) ယောက်တစ်ဖွဲ့ဖွဲ့ပြီး ဆိုးသည့်ဆရာ၏အားနည်းချက်များကို ရေးချပေးပါ။

**ကျွန်ုပ်၏ အကောင်းဆုံးဆရာ**

၃။ သင်တွေ့ကြုံခဲ့သည့် ကောင်းသည့်ဆရာ၏အကြောင်းကိုစဉ်းစားပြီး၊ ကောင်းရခြင်း၏အကြောင်းရင်းများကို အချက်များဖြင့် ရေးချပါ။

၄။ (၂) ယောက် တစ်ဖွဲ့ဖွဲ့ပြီး ကောင်းသည့်ဆရာ၏အားသာချက်များကို ရေးချပေးပါ။

**ဆွေးနွေးရန် ။ ။ မည်သည့်အချက်များက ကောင်းသည့်ဆရာဖြစ်ရန် ဖန်တီးပေးပါသနည်း။**

၅။ တခန်းလုံးအတိုင်းအတာဖြင့် ကောင်းသောဆရာအသွင် ဖန်တီးပေးသောအရည်အချင်းများကို ဆွေးနွေးပြီး အချက်အလက်များအား စုပေါင်းရေးချပါ။

အကယ်၍ သင်တန်းသားက ကောင်းသောဆရာသည် စိတ်ဝင်စားစရာကောင်းသည် လှုံ့ဆော်မှုကိုအားပေးသည်ဟုဆိုလျှင် မည်သည့်အရာများက ယင်းသို့ဖြစ်စေသည်ဆိုသောမေးခွန်းကို ဖြေဆိုစေခြင်းအားဖြင့် ဆရာ၏အရည်အချင်းများကို ဖော်ပြစေပါ။

### B. အသိပညာ၊ သဘောထား၊ အပြုအမူနှင့် အတတ်ပညာ

၁။ သင်တန်းသားများ၏ စကားလုံးနှင့်အဓိပ္ပါယ်ကို ယှဉ်တွဲဖော်ပြပေးပါ။

**အဖြေ** – က . ၂ ခ . ၄ ဂ . ၁ ဃ . ၃

၂။ (၂) ယောက်တစ်ဖွဲ့ဖွဲ့ကာ ဇယားကွက်ကိုဖြည့်ပါ။

ကျောက်သင်ပုန်း (သို့) စာရွက်များပေါ်တွင် အကြံဉာဏ်နှင့် တွေးတောချက်များကို စုပေါင်းရေးချပေးပါ။ ဆွေးနွေးခြင်းကိုလုပ်စေပါ။ အခြားသောသင်တန်းသားများကိုလည်း တွေးတောချက်နှင့် အကြံဉာဏ်များကို သဘောတူညီမှု ရှိ/မရှိ မေးပါ။

သင်တန်းသားများ၏အဖြေသည် ဆရာ၏သဘောထားနှင့်အပြုအမူပေါ် ရေးရှု့ကောင်း ရေးရှု့နေပါမည်။ အသိပညာနှင့် အတတ်ပညာပိုင်းဆိုင်ရာကို အချိန်ပိုယူဆွေးနွေးပေးပြီး အားလုံးပေါင်းထည့်ဖြည့်ဆည်းပေးပါ။

**အဖြေအတွက် နမူနာများ** – ယင်းသည် နမူနာများသာဖြစ်သည်။ အဖြေမှန်များဟုတ်ပါ။

| အသိပညာ | သဘောထားနှင့် ပြုမူပုံ | အတတ်ပညာများ |
|---|---|---|
| –ဘာသာရပ်ပိုင်းဆိုင်ရာ အသိပညာများ (ဥပမာ–သင်္ချာ၊အင်္ဂလိပ်၊ သိပ္ပံ)<br>– မည်သို့သင်ကြားပေးရပါမည်နည်း။ (ယေဘုယအားဖြင့်) | – စိတ်ရှည်ခြင်း<br>– နားလည်ခြင်း<br>– မျှတခြင်း<br>– ကျောင်းသားကိုဂရုစိုက်ခြင်း | – သင်ခန်းစာကို စိတ်ဝင်စားစရာဖြစ်အောင်လုပ်ခြင်း။<br>– ဘာသာရပ်ကို ပျော်စရာဖြစ်စေအောင် သင်ပေးတတ်ခြင်း။ |

| | | |
|---|---|---|
| – မည်သို့သင်ကြားပေးရပါမည်နည်း။ (ဘာသာရပ်ဆိုင်ရာ)<br>– လူများ မည်သို့သင်ယူသည်ကို သဘောပေါက်နားလည်ခြင်း။<br>– မသိသောအရာများကို သိအောင်ရှာဖွေတတ်ခြင်း။ | – ကျောင်းသားကိုနားလည်ခြင်း။<br>– ကျောင်းသားများကို ချီးမွမ်းခြင်း။<br>– ကျောင်းသားများအား မအော်မငေါက်ခြင်း။<br>– ကာယအပြစ်ပေးမှုမလုပ်ခြင်း။<br>– စိတ်ဓာတ်ရေးရာ အပြစ်ပေးမှု မလုပ်ခြင်း။ (ဥပမာ – ကျောင်းသားများကို တုံးဟုပြောခြင်း) | – ရှင်းပြချက်များ ရှင်းလင်းခြင်း။<br>– ကျောင်းသားများနားလည်လွယ်အောင်ဖေးမပေးခြင်း။<br>– သင်ခန်းစာကို အမျိုးမျိုးသင်ပြနိုင်ခြင်း။<br>– စာသင်ခန်းတွင် ဆရာနှင့်တပည့် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်လေးစားမှုရှိစေရန်အတွက် ဖေးမတတ်ခြင်း။ |

**ကောင်းသည့်ဆရာ၏ အရည်အချင်းများ**

**၃။** သင်တန်းသားများသည် အတိုချုံးထားသော ဇယားကွက်ပေါ်တွင်မူတည်ပြီး ပြန်လည်လေ့လာစစ်ဆေးပါ။ ကျောင်းသားကိုင်စာအုပ်မှ အတိုချုံးနှင့် အတန်းမှုစီချထားသောအချက်တို့၏ ဆက်စပ်ပုံကို ဆွေးနွေးစေပါ။ အတိုချုံးထားသည့်အချက်များတွင်မပါဘဲ ကျောင်းသားထံမှ အဖြေကောင်းများ ရှိကောင်းရှိနေလိမ့်မည်။

**၄။** သင်တန်းသားများသည် အဖြေနှင့်စာလုံးကို ယှဉ်တွဲခိုင်းပါ။

**အဖြေများ** – က . ၃ ခ . ၁ ဂ . ၂

## C. ဆရာ၏ ကဏ္ဍများ

၁။ ကျောင်းသားများအား စာပိုဒ်ကိုဖတ်ခိုင်းပါ။ ၎င်းတို့နားမလည်သော အကြောင်းအရာများကို ရှင်းပြပေးပါ။

၂။ အဖြေသည် မှားသည်/မှန်သည်ဟူ၍ အတိအကျမရှိပါ။ အရေးကြီးသောအချက်အလက်များ ရှိ/မရှိ စစ်ဆေးပေးပါ။

**ဥပမာအဖြေများ -**

၁။ မည်သည့်အရာများကို သင်ရမည်။ မည်သို့သင်မည်။ မည်သည့်အရာများတိုးတက်လာသည်။ (စာပိုဒ် ၂ မှ)

၂။ နမူနာများပေးပါ။ သင်ခန်းစာနှင့် လျော်ညီစေပါ။ (စာပိုဒ် ၃ မှ)

၃။ သင်ခန်းစာအတွက် ကြိုတင်ပြင်ဆင်ခြင်း၊ တစ်ဦးစီအတွက်ပြင်ဆင်ခြင်း။ (စာပိုဒ် ၄ မှ)

၄။ သေချာလုပ်ဆောင်စေပါ။ အခြားသူများအား မနှောင့်ယှက်စေပါနှင့်။ (စာပိုဒ် ၅ မှ)

၅။ စာသင်ကြားခြင်းကို စဉ်းစားပေးခြင်း၊ ဆန်းသစ်သောအရာများကို စူးစမ်းခြင်း၊ အမှားလုပ်မိမည်ကို စိုးရိမ်ရန်မလိုပါ။ (စာပိုဒ် ၆ မှ)

## D. ဆရာ၏ တာဝန်နှင့် ဝတ္တရားများ

**စာသင်ကြားမှု စက်ဝန်း**

**၁။** သင်တန်းသားအား စာသင်စက်ဝန်း၏ အဆင့်ဆင့်များကို ပုံစံကားချပ်အတွင်းရေးချစေပါ။ အကယ်၍ အခက်အခဲရှိခဲ့သော် Identify need ကို စာပိုဒ်၏ထိပ်တွင် ရေးချပေးပါ။



**အဆက်အစပ်ပြတ်နေသော အစိတ်အပိုင်းများ**

**၂။** စာသင်စက်ဝန်းအဆင့်ဆင့်ရှိပါသည်။ ကျောင်းသားများ (၂) ယောက်တစ်တွဲတွဲကာ ပုံပြင်ကိုဖတ်ပြီး ဆွေးနွေးစေပါ။

**အဖြေ** – မရှိပါ။

**ကျွန်ုပ်တို့ မည်ကဲ့သိရှိပါသနည်း။**

**မည်သူမည်ဝါဖြစ်ကြောင်း ဖော်ပြရန်မလိုအပ်ပေ** – ဆရာက ကျောင်းသားများ ယခင်ကလုပ်ခဲ့ဖူးသည်ကို လုပ်စေခြင်း။

**ကြိုတင်ပြင်ဆင်ရန်မလိုခြင်း** – ကျောင်းသားများကို သင်ခန်းစာစာအုပ်ကိုသုံးစေပါ။ လေ့ကျင့်ခန်း (၁) ခုတွင် မြေပုံလိုအပ်ပါသည်။ သို့သော် ဆရာက မည်သည့်အရာမျှပေးမထားပါနှင့်။

**သင်ကြားမှု မလုပ်ခြင်း** – ဆရာသည် အမှတ်ကိုသာခြစ်နေပြီး ကျောင်းသားများ မည်သည့်အရာများလုပ်နေသည်ကို မကြည့်ခြင်း။

**သုံးသပ်မှုများ မလုပ်ခြင်း** – ကျောင်းသားများ မည်သည့်အရာကိုသင်ယူခဲ့သည်ကို ပြန်လေ့လာခြင်းမပြု၊ အမှတ်ပေးရန်လည်း မလုပ်။

**ပြန်လည်လေ့လာမှု မပြုခြင်း** – ကျောင်းသားများတိတ်ဆိတ်နေသည်ကို အခြေအနေကောင်းသည်ဟု မှတ်ယူခြင်း။

**စာသင်စက်ဝန်း အဆင့်ဆင့်**

**၃။** အဖွဲ့ (၃) ဖွဲ့ခွဲပေးပါ။ အဖွဲ့တိုင်းသို့ စာမျက်နှာ (၅) နှင့် (၆) တွင်ရှိသော စာသင်စက်ဝန်း စာပိုဒ် (၁) ပိုဒ်ကိုပေးပြီး အုပ်စုနှင့် အဖွဲ့လိုက် (၅) မိနစ် (၁၀) မိနစ်ခန့် ဆွေးနွေးစေပါ။

အဖွဲ့တိုင်းသည် မိမိတို့ရထားသောအဆင့်ကိုဖတ်ပြီး မေးခွန်း a. နှင့် b. ကို ဖြေပေးပါ။ အဖွဲ့မှလူများအား မိမိတို့ အတွေ့အကြုံများကိုအခြေခံပြီး ဥပမာပေးစေပါ။ ယင်းကဲ့သို့လုပ်ခြင်းအားဖြင့် ဆွေးနွေးခြင်းနှင့် လက်ရှိအခြေအနေကို ဆက်စပ်ပေးရုံသာမက ကျောင်းသားများ ပိုမိုနားလည်စေရန် အထောက်အကူပြုပါသည်။ အဖွဲ့တိုင်း အတန်းသို့ ပြန်လည်တင်ပြခြင်းလုပ်ပါ။ တင်ပြခြင်းများပြီးစီးခဲ့သော် ထပ်မံဖြည့်စွက်စရာများ ရှိ/မရှိကို ပြန်မေးပါ။ သင့်အနေနှင့်လည်း ကျန်နေသေးသည်ဟုထင်လျှင် ဖြည့်ဆည်းပေးပါ။

**အဖြေဥပမာများ –**

**လိုအပ်ချက်များကို ခွဲခြားခြင်း**

**၁။** ဆရာသည် ကျောင်းသားတစ်ဦးတစ်ယောက်စီကိုသိပြီး သူတို့လိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်ရန် ကြိုတင်ပြင်ဆင်နိုင်ခြင်း။

**၂။** လက်ရှိကျောင်းသား၏ အဆင့်အခြေအနေနှင့် သူတို့သိရှိနေသောအရာများကို ဆက်စပ်လုပ်ဆောင်ခြင်း။ သူတို့တွင် တကယ့်ရှိနေသောအခက်အခဲများကိုသိရှိခြင်း။ အသိအမှတ်ပြု စာမေးပွဲစစ်ခြင်း။ ထို့ပြင် ဆွေးနွေးခြင်းနှင့် အပြန်အလှန်ပြောဆိုတင်ပြခြင်း။

### ကြိုတင်ပြင်ဆင်ခြင်း

၁။ ကျောင်းသားများသင်ယူနိုင်ရန်အတွက် စီမံလမ်းပြပေးခြင်းနှင့် ပုံစံများကို ပြင်ဆင်ပေးခြင်း။
၂။ သင်ခန်းစာတိုင်းအတွက်သော်လည်းကောင်း၊ ဘာသာရပ်တစ်ခုလုံးအတွက်သော်လည်းကောင်း၊ ကြိုတင်ပြင်ဆင်ပေးခြင်း၊ သင်ခန်းစာတွင်ပါဝင်သောအချက်များကိုသိရှိခြင်း၊ မည်သို့သင်ကြားရမည်၊ မည်သို့ပုံစံဆွဲပေးရမည်ကို ကြိုတင်ပြင်ဆင်လုပ်ဆောင်ပေးခြင်း။

### သင်ကြားခြင်း

၁။ ကျောင်းသားများစိတ်ဝင်စားစေရန် လုပ်ရှားပါဝင်မှုရှိစေနှင့် သင်ယူမှုကိုအထောက်အကူပြုစေရန် ပြင်ဆင်သင်ကြားခြင်း။
၂။ ရှင်းလင်းသောရည်ရွယ်ချက်များထားရှိခြင်း၊ သင်ကြားရာတွင် အထောက်အကူပြုသောလုပ်ရှားမှုအမျိုးမျိုးဖြင့် စာသင်ခန်းကိုစီမံခန့်ခွဲခြင်း။

### ကျောင်းသားများ သင်ယူမှုအတိုင်းအတာကို သိရှိရန် ပြန်လည်လေ့လာခြင်း

၁။ ကျောင်းသားနှင့် ဆရာပါမကျန် ကျောင်းသားများ မည်မျှသင်ယူခဲ့သည်ကို သိရှိခြင်း။
၂။ ကျောင်းသားများအား ပြန်လည်ဝေဖန်မှု (feedback) ကို ပေးခြင်း၊ ကျောင်းသား၏တိုးတက်မှုကို မှတ်တမ်းတင်ထားခြင်းနှင့် စမ်းသပ်မှုကို တခါတရံပြုလုပ်ပေးခြင်း။

### သင်ကြားမှုကို ပြန်လည်ဝေဖန်သုံးသပ်ခြင်း

၁။ ဆရာသည် သူ၏သင်ကြားခြင်းအခြေအနေကိုသိရှိခြင်း၊ သင်ယူမှုတိုးတက်စေရန် ပြောင်းလဲမှုများပြုလုပ်ရန်လိုကြောင်း တွေ့ရှိခြင်း။
၂။ ကျောင်းသားများ၏ ဝေဖန်ချက်များကိုရယူပါ။ မိမိလုပ်ဆောင်ခဲ့သောအရာများတွင် မည်သည့်အချက်သည် ကောင်းသည်၊ မည်သည့်အချက်တွင် လိုသည်ကို မိမိကိုယ်ကိုဆန်းစစ်ပါ။

**မိမိ၏သင်ကြားမှုကို ပြန်လည်ဆန်းစစ်ခြင်း**

၁။ ဆရာများ စာသင်အပြီး သုံးသပ်ခြင်းရယူရန် သင်တန်းသားများကို check-list ပုံစံထုတ်ပေးပါ။

**အဓိကသင်ခန်းစာ၏အချက်များ** – မိမိ၏သင်ခန်းစာအဆုံးတွင် မိမိကိုယ်ကို မည်သို့သောမေးခွန်းများ ပြန်လည်မေးရပါမည်နည်း။

သင်တန်းသားများအား အသေးစိတ်လုပ်လိုက လုပ်ဆောင်နိုင်ကြောင်း ပြောပြပါ။ သူတို့၏ check-list ကို ဝေဖန်ချက်များပေးပါ။ သင်ခန်းစာတွင်ပါဝင်သောအချက်များသည် ဆရာ၏အသိပညာ၊ အတတ်ပညာနှင့် အတွေးခေါ်များ လေ့ကျင့်ပေးခြင်းတွင် အထောက်အကူပြုပါသလား။ "မည်မျှ ထိရောက်မှုရှိသလဲ။ မည်သည့် ဟာကွက်များ ရှိပါသလဲ။ မည်သို့ပြောင်းလဲမှုများကိုလုပ်ရမလဲ" စသည်တို့ကို စဉ်းစားမိအောင် ထည့်သွင်းပါဝင်စေပါ။

**ဥပမာအဖြေများ –**

- ကျောင်းသားများသည် စိတ်ဝင်စားမှုရှိပြီး တက်ကြွမှုရှိကြသည်။
- သင်ခန်းစာတွင် ရောထွေးမှုများစွာပါဝင်သည်။
- သည်းခံစိတ်ရှည်ပြီး ကူညီပါသည်။
- ကျောင်းသားများ သင်ခန်းစာ၏ အဓိကကျသောအချက်များကို သိရှိပါသည်။
- သင်ခန်းစာသည် ကျောင်းသားအဆင့်နှင့် အံကိုက်ပင်ဖြစ်နေပါသည်။

## E. လက်တွေ့လုပ်ဆောင်ရန် – လေ့လာကြည့်ရှုခြင်း (၁)

လေ့လာကြည့်ရှုခြင်းကို နိဒါန်းတွင်ကြည့်ပါ။

## F. ကျောင်းသားများ၏ သင်ယူချက်အတိုင်းအတာကို ပြန်လည်လေ့လာသုံးသပ်ခြင်း

၁။ သင်တန်းသားသည် စာသင်စက်ဝန်းဆိုသောခေါင်းစဉ်ရှိ 3. D အောက်တွင်ပါရှိသော အဓိကအချက်အလက်များကို အတိုချုံးပေးပါ။ ယင်းအချက်လက်တိုင်းသည် အဘယ်ကြောင့်အရေးကြီးသည်ကိုလည်း ရှင်းပြပေးပါ။

**လမ်းညွှန်ကို မှတ်သားခြင်း**

Assessment ဆိုသောခေါင်းစဉ်ကို နိဒါန်းတွင်လေ့လာပေးပါ။

အကယ်၍ သင်တန်းသားက စာပိုဒ်မှ အဓိကအချက်များကို မဖော်ပြနိုင်ခဲ့သော်၊ စာပိုဒ်ကို နောက်တစ်ကြိမ် ပြန်ဖတ်ခိုင်းပြီး ခြားနားသောအချက်များကိုမရေးမီ မျဉ်းတားခိုင်းပါ။ ကျောင်းသားကို သင်ခန်းစာတစ်ခုတွင် အတိုချုံး (၃) ခုကိုလုပ်ခိုင်းပါ။ ပြီးလျှင် ရှင်းပြချက်အတွက် ဝါကျ (၁) ခုလုပ်ခိုင်းပါ။

**အဖြေအတွက်နမူနာများ –**

**လိုအပ်ချက်များကို ဖော်ပြခြင်း**

- ကျောင်းသားအဆင့်ကိုဖော်ပြခြင်း။
- ကျောင်းသားတစ်ဦးစီလုပ်ဆောင်လျှင် ပိုထိရောက်မှုရှိကြောင်းဖော်ပြခြင်း။
- ကျောင်းသားများသိထားပြီးအချက်များကို ဖော်ပြခြင်း။
- တစ်ဦးချင်းလုပ်ဆောင်လျှင် တွေ့ရှိနိုင်သည့်အခက်အခဲကိုဖော်ပြပေးခြင်း။

ဆရာတစ်ယောက်အနေနှင့် ကျောင်းသား၏လိုအပ်ချက်ကို သိရှိဖော်ပြတတ်ဖို့လိုသည်။ သို့မှသာလျှင် အုပ်စုလိုက်ရှိသောကျောင်းသားများ၏ အခက်အခဲနှင့် အရည်အသွေးအဆင့်ကိုသိကာ သင်ခန်းစာအတွက် ကြိုတင်ပြင်နိုင်ပါမည်။

**ကြိုတင်ပြင်ဆင်ခြင်း**

- သင်ကြားမည့်အချက်များကို ကြိုတင်ပြင်ဆင်ခြင်း။

- သင်ခန်းစာအတွက် ပုံစံနမူနာကို ကြိုဆွဲထားခြင်း။
- မည်သည့်နည်းလမ်းဖြင့် သင်ကြားပေးမည်ကို ကြိုတင်ပြင်ဆင်ခြင်း။
- တစ်ဦးတစ်ယောက်အတွက် စာသင်ခန်းနှင့် သင်ခန်းစာကို အထောက်အကူပြုစေသောလုပ်ရှားမှုများကို ကြိုတင်ပြင်ဆင်ခြင်း။

ဆရာအနေနှင့် သင်ခန်းစာကြိုတင်ပြင်ဆင်မှုသည် လွန်စွာမှအရေးကြီးပါသည်။ သို့မှသာလျှင် ကျောင်းသားများသင်ယူနိုင်ရန်အတွက် လမ်းပြညွှန်ကြားခြင်းကိုလုပ်ပေးနိုင်ပါလိမ့်မည်။

**သင်ကြားပေးခြင်း**

- သင်ကြားခြင်း၏ရည်ရွယ်ချက်များကို ထားရှိရပါမည်။
- ကျောင်းသားများ၏ လူမှုဘဝကိုလဲ အလေးထားရပါမည်။
- ထူးခြားသည့် အမျိုးမျိုးသောလုပ်ဆောင်မှုများကို ကြံဆခြင်း။

သင်ခန်းစာကို တက်ကြွစွာသင်ပေးခြင်းသည် အလွန်အရေးကြီးပါသည်။ သို့မှသာ ကျောင်းသားများသည် သင်ခန်းစာ၏ရည်ရွယ်ချက်ကို ထိမိစွာဆုပ်ကိုင်သင်ယူနိုင်ပါမည်။

**ပြန်လည်လေ့လာသုံးသပ်ခြင်း**

- ကျောင်းသားများ သိရှိသဘောပေါက်သောအရာများကို ဆရာမှသိရမည်။
- ကျောင်းသားများအနေနှင့်လည်း သူတို့ မည်ကဲ့သို့လုပ်ဆောင်သည်ကို သိရှိရပါမည်။
- ကျောင်းသားများ၏လုပ်ဆောင်ချက်ကို ပြန်လည်ဝေဖန်ပေးခြင်းသည် သင်ကြားမှုကို ပိုမိုထိရောက်စေသည်။

ကျောင်းသားများသည် သင်ခန်းစာ၏ရည်ရွယ်ချက်ကို မည်မျှပိုင်နိုင်ခြင်းရှိသည်ကို ကျောင်းသားနှင့်ဆရာ သိရှိထားရန် အရေးကြီးပါသည်။ သို့မှသာ ကျောင်းသားများ မည်သို့လုပ်ဆောင်ရမည်ကိုသိရှိပြီး၊ ကျောင်းသားလိုအပ်ချက်အား မည်သို့ဖြည့်ဆည်းပေးရမည်ကို စဉ်းစားနိုင်ပါလိမ့်မည်။

**မိမိသင်ကြားပေးခြင်းကို ပြန်လည်တိုင်းတာသုံးသပ်ခြင်း**

- မိမိသင်ကြားခြင်းမှ မည်မျှတတ်မြောက်သွားသည်ကို ဆန်းစစ်ပါ။
- ကျောင်းသားထံမှ ဝေဖန်တင်ပြချက်များကို လက်ခံပါ။
- အဆင်မပြေသောအရာများကို အဖြေရှာပါ။

သင်ကြားပေးခြင်းအခြေအနေကိုသိရှိရန်အတွက် လေ့လာသုံးသပ်ခြင်းသည် အလွန်အရေးကြီးပါသည်။ သို့မှသာလျှင် မည်သည့်နေရာတွင်ကောင်းမွန်ပြီး၊ မည်သည့်အပိုင်းတွင် ကြိုးစားရန်လိုသေးသည်ကို သိရှိနိုင်မည်ဖြစ်ပါသည်။

# သင်ခန်းစာ (၂)
# ကျွန်ုပ်တို့ မည်ကဲ့သို့ ဆည်းပူးသင်ယူနေကြပါသနည်း

**How we learn.**

## A. လေ့လာသင်ယူမှုကို စဉ်းစားခြင်း

**မိမိပတ်ဝန်းကျင်အရာများမှ သင်ယူခြင်း**

**၁။ ပြင်ဆင်ခြင်း** – မိမိဘာသာလေ့ကျင့်ယူပါ။ လူတိုင်းပိုမိုနားလည်ရန်အတွက် သင့်ကို မေးခွန်းများမေးခြင်းကို လမ်းခင်းပေးပါ။ ကျောင်းသားများသည် ပိရမစ်ကဲ့သို့ လုပ်ဆောင်မှုများကိုလုပ်ရပါမည်။ ကျောင်းသားများသည် မိမိတို့၏အတွေ့အကြုံများကို ပြန်လည်စဉ်းစားပြီး၊နှစ်ယောက်တစ်တွဲ တွဲပြီးလျှင် အုပ်စုငယ်နှင့်ဆွေးနွေးစေပါ။

၂။ ကျွန်ုပ်တို့သည် မည်သို့ခြားနားစွာသင်ယူသည်ကို တစ်တန်းလုံးအတိုင်းအတာဖြင့် စာရင်းများကို ကျောက်သင်ပုန်းပေါ်တွင် ရေးချစေပါ။ နားလည်သဘောပေါက်မှုများကို ပိုမို၍လေးနက်သွားစေရန် မေးခွန်းများမေးပါ။

**ဥပမာ –**

– မော်တော်ဆိုင်ကယ်ပေါ်မှပြုတ်ကျသွားလျှင် မည်သို့ဖြစ်သွားနိုင်ပါသနည်း။ *(တစ်ခါတစ်ရံ သင်ပြုလုပ်လိုက်သောအမှားများမှ သင်ယူရတတ်သည်။)*

– ကလေးငယ်များသည် ပထမဦးဆုံးစကားလုံးနှင့် မိမိတို့၏သဘောထားကို မည်သို့ဖော်ပြပါသနည်း။ *(မလုပ်ဘူး၊ လိုချင်သည် စသည်ဖြင့် ...)*

– သင်ယူခြင်းတွင် စည်းကမ်း (သို့) အကျိုးအကြောင်းနှင့် နားလည်သိရှိခြင်းတို့တွင် မည်သည့်အချက်သည် ပို၍ အရေးကြီးပါသနည်း။ *(အစာကို ဝေငှ၍စားခြင်း၊ သူတစ်ပါးအားမရိုက်ခြင်း)*

**ဖြစ်နိုင်ခြေရှိသောအဖြေများ** – ယနေ့ ကျွန်ုပ်တို့ပတ်ဝန်းကျင်မှ သင်ယူနေသောအရာများကို အောက်တွင် နမူနာပေးထားပါသည်။

- သူများသင်သည့်အတိုင်း လေ့ကျင့်လုပ်ဆောင်ခြင်း။
- လက်တွေ့လုပ်ဆောင်ခြင်းအားဖြင့် သင်ယူခြင်း။
- အကြောင်းရင်းနှင့် ရှင်းပြခြင်း။
- ဖြစ်ရခြင်းအကြောင်းနှင့် ရလဒ်များ။
- မြင်တွေ့ရခြင်းနှင့် ကြည့်ရှုလေ့လာခြင်း။
- မိမိ၏အမှားများမှ သင်ယူခြင်း။
- ပြန်လည်လိုက်ဆိုခြင်းနှင့် မှတ်မိခြင်း။
- စဉ်းစားခြင်း။
- အတွေ့အကြုံနှင့် စမ်းကြည့်ခြင်း။
- သူတစ်ပါးကို အတုယူခြင်း။
- ကစားခြင်းများ။
- တစ်ခုနှင့်တစ်ခုကို ဆက်နွယ်စေခြင်း စသည်ဖြင့် ...

**သင်ခန်းစာ အဓိကအချက်များမှ အကျဉ်းချုံးခြင်း**

– လူများသည် ခြားနားသည့်နည်းအမျိုးမျိုးဖြင့် သင်ယူကြပါသည်။

– အကောင်းဆုံးသောသင်ယူခြင်းသည် ရည်ရွယ်ချက်ကို ဖြစ်မြောက်စေခြင်းဖြစ်သည်။ သင်သည် သူများပြောပြသည်ကိုနားထောင်ကာ လိုက်လုပ်နေပြီး၊ ကိုယ်တိုင်ကိုယ်ကျ စက်ဘီးကို မကိုင်ကြည့် မစီးကြည့်၊ မလေ့ကျင့်ပါက စက်ဘီးဆိုသည်ကို မည်သည့်အခါမျှစီးတတ်မည်မဟုတ်ပေ။

– မည်သည့်အရာများက ကျွန်ုပ်တို့သင်ယူရာတွင် နားလည်အောင်ဖေးမပါသနည်း။

**၃။** မေးခွန်းများကို ဆွေးနွေးပေးပါ။ နောက်စာမျက်နှာတွင်ပေးထားသော ဖတ်ရန်စာပိုဒ်တွင် သင်ကြားသော အချက်များကို ကျောင်းသားများပိုမိုနားလည်အောင်ရှင်းပြရန် ပြင်ဆင်ထားပါသည်။

– စာသင်ခန်းတွင် ပို့ချသမျှသောအရာများသည် သင်ယူခြင်းနည်းလမ်းအနည်းငယ်သာပါရှိပါသည်။

– ထိုနည်းများသည် ကျောင်းသားများ မည်သို့အကောင်းဆုံးသင်ကြားသွားနိုင်ရန်အတွက် ပြောပြပါလိမ့်မည်။

**စာသင်ခန်းထဲတွင် သင်ယူခြင်း**

**၄။** ကျောင်းသားများအား ယင်းမေးခွန်းများကို နှစ်ယောက်တစ်တွဲစေကာ အချိန် (၁၀) မိနစ်ခန့်ပေးပြီး ဆွေးနွေးစေပါ။ ပြီးလျှင် အတန်းသို့ ပြန်လည်ရှင်းတင်ပြစေပါ။

**ဖြစ်နိုင်ခြေရှိသော အဖြေများ –**

| | **စာသင်ခန်းတွင်** | **ကျောင်းသားများ မည်သို့သင်ယူသည်ကို ခံယူချက်** | **သင်ယူနေစဉ် ကျောင်းသားသည်** |
|---|---|---|---|
| **ကျောင်းသားများ** | ကျောင်းသားများသည် တိတ်ဆိတ်စွာ နားထောင်ခြင်း။ | ဆရာပို့ချသမျှကို နားထောင်ခြင်း။ | |
| | ကျောင်းသားထံမှ မေးခွန်းမေးခြင်း။ | စဉ်းစားခြင်း၊ စစ်ဆေးခြင်းနှင့် နားလည်သဘောပေါက်မှုများမှ သင်ကြားခြင်း။ | |
| **သင်ခန်းစာ၏** activities | ကျောင်းသားများသည် ဆရာပြောသမျှကို လိုက်ကူးရေးခြင်း။ | ရရှိထားသောအချက်အလက်များကို လိုက်လုပ်ခြင်းအားဖြင့် သင်ယူခြင်း။ | |
| | ကျောင်းသားများအဖွင့်မေးခွန်းကိုမေးရန် (၂) ယောက်တစ်တွဲစီတွဲခြင်း။ | စူးစမ်းရှာဖွေပြီး ကြံကြံဖန်ဖန်သိရှိမှုများမှ သင်ယူခြင်း။ | |
| **ပြန်လှန်ဆက်နွယ်ခြင်း။** | ကျောင်းသားနှင့်ဆရာကြား ဆက်နွယ်မှုနည်းပါးခြင်း။ | ကြားသမျှကို စုဆောင်းသင်ယူခြင်း | |
| | ကျောင်းသားနှင့်ဆရာကြား ဆက်နွယ်မှုများပြားခြင်း။ | အတူတူလုပ်ဆောင်မှုနှင့် ကျောင်းသားများ နားလည်သဘောပေါက်ရန်အတွက် ဖေးမခြင်း။ | |

## B. လေ့လာသင်ယူခြင်း၏ နည်းလမ်းများ

**လေ့လာသင်ယူနည်း (၃) နည်း**

**၁။** သင်တန်းသားများ စာပိုဒ်ကိုဖတ်ပေးပါ။

– စာပိုဒ်တွင် သင်ကြားနည်း (၃) နည်းကို ဖော်ပြထားပါသည်။

– စာပိုဒ်သည် ရိုးရှင်းပြီး အကျဉ်းချုံးဖတ်ရာတွင် လွယ်ကူစေရန်အတွက် ဇယားမှလည်း ကူညီပံ့ပိုးထားသည်။ ကျွန်ုပ်၏စာသင်ခန်းမှ အတွေ့အကြုံများဆိုသည့် လေ့ကျင့်ခန်းတွင် ကျောင်းသားများသည် စာတွေ့နှင့်လက်တွေ့အား ချိတ်ဆက်နိုင်ရန် ဖေးမပေးသွားပါလိမ့်မည်။

၂။ သင်တန်းသားများကို သူတို့၏အတွေ့အကြုံများမှ သင်ယူနည်း (၃) နည်းကို ရေးစေပါ။
သူတို့ပိုရှုနားလည်လွယ်ကူစေရန်အတွက် ဥပမာ (၁) ခု (၂) ခုကိုလည်းပေးပါ။ ဆရာမှ ရှင်းပြချက်များကို ပြောခြင်း၊ သိပ္ပံစမ်းသပ်ပစ္စည်းများ၊ အတန်းလိုက်ဆွေးနွေးခြင်း စသည်ဖြင့် ....
စာသင်ခန်းတွင်းတွင်လှည့်လည်ပြီး ကျောင်းသားများလုပ်ဆောင်ထားသောဥပမာများကိုလေ့လာကာ သူတို့ အမှန်တကယ် နားလည်သည်/မလည်သည်ကို ဆန်းစစ်ပေးပါ။

**ကျွန်ုပ်၏ စာသင်ခန်း**

၃။ ယင်း activities သည် ကျောင်းသားများ၏ လက်တွေ့အတွေ့အကြုံကိုမှီပြီး ကျောင်းသားဗဟိုပြုသင်ကြားနည်းနှင့် ဆရာဗဟိုပြုသင်ကြားနည်း (၂) မျိုး၏ တူညီခြင်းနှင့် ခြားနားခြင်းများကို ယှဉ်တွဲဖော်ပြပါသည်။ သင်တန်းသားများတစ်ဦးစီအနေနှင့် သင်ကြားခြင်း Activity ကိုဖတ်စေပါ။ ကျောင်းခန်းတွင်းမှ သူတို့ကိုယ်တိုင်တွေ့ကြုံခဲ့ရသောအရာများကို ပြန်လည်စဉ်းစားစေပြီး ပေးထားသောဇယားကွက်ထဲမှအမှတ်များကို သင့်သလို ဖြည့်ပေးပါ။
၁။ အနည်းငယ်သာ ဖြစ်ပျက်သည်။ ၂။ တော်တော်များများ ဖြစ်ပျက်သည်။

၄။ အဖွဲ့လိုက် ဇယားကွက်နှင့်လုပ်ဆောင်ပြီး အကွက်တိုင်းမှ Activity တိုင်းကို ခွဲခြားပေးပါ။ မိမိအဖွဲ့၏ ရလဒ်ကို အတန်းသို့ပြန်လည်၍တင်ပြပေးပါ။ တိကျသောအဖြေ မရှိနိုင်ပါ။ အဖြေမှာ ဆရာများက မိမိတို့၏ သင်ကြားပေးခြင်း လုပ်ဆောင်မှုအခြေအနေပေါ်တွင် မူတည်ပါသည်။

**ဖြစ်နိုင်ခြေ ရှိသောအဖြေများ –**

| ညွှန်ကြားခြင်း (ကျောင်းသားနာခံခြင်း) | စူးစမ်းရှာဖွေခြင်း (ကျောင်းသားကိုယ်တိုင်လုပ်ဆောင်ခြင်း) | အချင်းချင်းဆက်နွယ်ခြင်း (ကျောင်းသားကိုယ်တိုင်လုပ်ဆောင်ခြင်း) |
|---|---|---|
| – ရေးထားသောစာကို ကျယ်ကျယ်ဖတ်ခြင်း။<br>– ဆရာကိုသာ နားထောင်ခြင်း။<br>– ကျောက်သင်ပုန်းမှ ကူးရေးခြင်း။<br>– အချက်များကို ပြန်မှတ်မိခြင်း၊<br>– လိုက်ဆိုခြင်း။<br>– နားလည်သောအရာများကိုသာ တင်ပြဖြေဆိုခြင်း။<br>– မေးခွန်းများမေးခြင်း။<br>– ဆရာကသာအမှတ်ပေးခြင်း။<br>– မှန်သည်/မှားသည် ဆိုသောအဖြေကိုသာပြသော လေ့ကျင့်ခန်းများ။<br>– သရုပ်ပြခြင်း၊ ကြည့်ရှု့လေ့လာခြင်း။ | – သင်ခန်းစာ စာအုပ်ကိုသုံးကာ မိမိဘာသာလုပ်ဆောင်သွားခြင်း။<br>– စမ်းသပ်လုပ်ဆောင်ခြင်း။<br>– လေ့ကျင့်လုပ်ဆောင်ခြင်း။<br>– ကြိုးစားရှာဖွေခြင်း (စာကြည့်တိုက်၊ အင်တာနက်)<br>– လက်တွေ့စမ်းသပ်လေ့လာခြင်း။<br>– မိမိနားလည်သလို ရေးသားခြင်း (စာစီစာကုံး)<br>– လေ့ကျင့်ခြင်းဖြင့် တတ်မြောက်ခြင်း။ | – မေးခွန်းများမေးခြင်း။<br>– နှစ်ယောက်တစ်တွဲ (သို့) အုပ်စုလိုက်ဆွေးနွေးခြင်း။<br>– ဆရာ၏ဦးဆောင်မှုဖြင့် အတန်းလိုက်ဆွေးနွေးခြင်း။<br>ဆရာ၏ ဝေဖန်သုံးသပ်ချက်များကိုရရှိခြင်း။<br>– Project<br>– အဖွင့်မေးခွန်းများကို ဖြေကြားရခြင်း။<br>– case study<br>– သင်ကြားသောသင်ခန်းစာနှင့်ပတ်သက်ပြီး စဉ်းစားခြင်း။<br>– လက်တွေ့လေ့ကျင့်လုပ်ဆောင်ခြင်းအတတ်။ |

၅။ သင်တန်းသားများအား သူတို့ကျောင်းသားဘ၀တွင် မည်သည့်နည်းများကို ပုံမှန်လေ့ကျင့်လုပ်ဆောင်ပါသနည်း။ ကျောင်းသားကိုင်စာအုပ်ထဲတွင်ပေးထားသည့်အတိုင်း အကျဉ်းချုံးရေးချပေးပါ။

*သင်ခန်းစာကို ဆရာကသာပို့ချနေလျှင် ကျောင်းသားအတော်များများကို ငြီးငွေ့စေပါမည်။ စသည်ဖြင့် ..*

၆။ သင်တန်းသားများကို Method file A: Teacher Explanation, Supplemtary Activity A: Teacher presentation in class ကိုလေ့လာစေပါ။ ယင်း Activity သည် ကျောင်းသားများ မည်သို့လေ့ကျင့်ရမည်ကိုသော်လည်းကောင်း၊ ရရှိသောအချက်အလက်များကို ပြန်လည်တင်ပြခြင်းအတတ်ကိုသော်လည်းကောင်း ပိုမိုတိုးတက်စေရန်အတွက် အထောက်အကူဖြစ်စေပါသည်။

## C: သင်ယူ နည်းပုံစံ – ကျွန်ုပ် မည်သို့ အကောင်းဆုံးသင်ယူပါသနည်း။

**သင်ယူခြင်းနည်းပုံစံနှင့်ပတ်သက်သော မေးခွန်းများ-**

**ကျွန်ုပ်တို့သည် မည်ကဲ့သို့ အကောင်းဆုံး ဆည်းပူးသင်ယူကြသနည်း။**

**၁။** သင်တန်းသားများ မေးခွန်းလွှာများကို မိမိတို့ဘာသာ ဖြည့်စေပါ။ သူတို့နားမလည်သောအရာများကို ရှင်းပြပေးပါ။

၂။ သင်တန်းသားများ မိမိတို့၏ရမှတ်များကို ပေါင်းစေပါ။ (၂ – ၃) မိနစ်ခန့် နှစ် ယောက်တစ်တွဲဖြစ်စေ အုပ်စုငယ်နှင့်ဖြစ်စေ စုပြီး မိမိတို့၏ရလဒ်များကို နှိုင်းယှဉ်စေပါ။ စိတ်ဝင်စားစရာအချက်များ ရှိ/ မရှိကိုလည်း အတန်းသို့ မေးပါ။

၃။ သင်တန်းသားများသည် အာရုံနှင့်ဆိုင်သောအသုံးအနှုန်းများကို အဖြေတူရှာ၍ နှိုင်းယှဉ်စေပါ။

**အဖြေများ** – ၁ . တွေ့ခြင်း ၂ . ကြားခြင်း ၃ . ထိတွေ့ခြင်း

၄။ အတန်းလိုက်အနေနှင့်လုပ်ဆောင်ပါ။ ယင်းကဲ့သို့လုပ်ဆောင်ခြင်းအားဖြင့် မိမိ၏စာသင်ခန်းတွင် သင်ကြားနည်းပုံစံများကို ပြန်လည်အသုံးချတတ်ရန် သင်တန်းသားများစဉ်းစားရန် ပြင်ဆင်ပေးရာရောက်ပါသည်။

**အဖြေများ** ။ ။
- မြန်မြန်ဖတ်နိုင်ခြင်း။ (အမြင်အာရုံ)
- စာကို မြန်မြန်ရိုက်နိုင်ခြင်း။ (ထိတွေ့ခြင်းအာရုံ)
- လူတစ်ဦးဦး၏နာမည်ကို မှတ်မိနိုင်ခြင်း။ (အကြားအာရုံ)
- မိမိ၏မိခင်စကားဖြင့် (ကရင် (သို့) ဗမာ) ကောင်းမွန်စွာစာလုံးပေါင်းနိုင်ခြင်း။ (အကြား အာရုံ)
- အင်္ဂလိပ်ဘာသာကို ကောင်းမွန်စွာစာလုံးပေါင်းနိုင်ခြင်း။ (အမြင် (သို့) ထိတွေ့အာရုံ)
- အမြင်အာရုံအားဖြင့် ပတ်ဝန်းကျင်ကိုလေ့လာပြီး၊ အထိအတွေ့အာရုံဖြင့်ရေးမှတ်ကာ ပြန်ကြည့်ခြင်း၊ အင်္ဂလိပ်လို စာလုံးပေါင်းအသံထွက်ရာတွင် အသံနေထားအမျိုးမျိုးရှိနိုင်ပါ၍ အကြားအာရုံသည် ဤနေရာတွင် အကျိုးဝင်မှုနည်းပါသည်။

၅။ အုပ်စုဖြင့်သော်လည်းကောင်း၊ နှစ်ယောက်တစ်တွဲသော်လည်းကောင်း ဝါကျရေးပါ။

**အဖြေများ –**

၁။ ကျောင်းသားသည် သင်ယူရာ၌ မိမိအားသာသည့်သင်ယူနည်းကိုသုံးလျှင် ပို၍ထိရောက်မှုရှိပါသည်။

၂။ ဆရာသည် သင်ခန်းစာကိုသင်ကြားပေးရာတွင် နည်းဗျူဟာအမျိုးမျိုးကို သုံးရပါမည်။

**VAK – သင်ကြားခြင်းနှင့် သင်ယူခြင်းတို့၏ အဓိပ္ပါယ်ကား အဘယ်နည်း။**

၆။ **က** – အတန်းကို အုပ်စုများနှင့် ခွဲပေးပါ၊ အဖွဲ့တိုင်းသည် ဤသင်ခန်းစာမှအချက်အလက်များနှင့် မိမိတို့၏ ကိုယ်တိုင်အမြင်တို့ကိုပေါင်းစပ်ကာ သင်ကြားနည်းပုံစံများကို ပိုစတာများဖြင့် ဒီဇိုင်းဖော်ပေးပါ။
**ခ** – ပိုစတာများကို နံရံပေါ်တွင် ကပ်ထားပါ။ သင်တန်းသားများသည်အခြားအဖွဲ့မှ ပိုစတာများကို ကြည့်ပြီး လိုအပ်သည်များကို မိမိတို့အမြင်အားဖြင့် ဖြည့်ဆည်းပေးပါ။ (အခြားသော မင်အရောင်ကိုသုံးပေးပါ) မိမိ၏ကိုယ်ပိုင်မှတ်ချက်များနှင့်အကြံများကို ရေးပေးပါ။
**ဂ** – သင်တန်းသားများသည် မိမိ၏ကိုယ်ပိုင်မှတ်စုတွင် အဖွဲ့များအားလုံးမှ စုပေါင်းလုပ်ဆောင်ထားသော အကောင်းဆုံးအချက်များကို ရေးမှတ်ထားပါ။

**VAK – သင်ခန်းစာတွင် အရေးပါသောအချက်များ**

သင်တန်းသားများ မှတ်မှတ်သားသားရှိစေရန် ကျောင်းသားများ သင်ယူနိုင်သည့် နည်းလမ်း (၃) ချက်ကို အသုံးချခြင်းသည် ပိုမိုကောင်းမွန်သောသင်ယူခြင်းကို အထောက်အကူပြုပါသည်။
– သင်ယူသူသည် သူ၏အားသန်ဆုံးသောသင်ယူနည်းကိုသုံးလျှင် ပိုမိုဆည်းပူးရယူနိုင်ပါသည်။ *ဥပမာ – ပြန်လည်လေ့လာသည့်အခါ ...*
– ကျောင်းသားများအားလုံး တန်းတူစွာသင်ကြားဆည်းပူးခွင့်ရနိုင်ရန်အတွက် ဆရာသည် သင်ကြားစဉ်တွင် အထက်ပါသင်ယူနည်း (၃) နည်းစလုံးကို ထည့်သွင်းသင်ကြားပေးရပါမည်။
– ဆရာအနေနှင့် မိမိ၏ကျောင်းသားသည် သူသိပ်အားမသန်သော သင်ယူနည်းတို့ကို ပိုမိုကောင်းမွန်အောင် ဖေးမပေးနိုင်ပါသည်။ သို့မှသာလျှင် ကျောင်းသားသည်လည်း ကျယ်ပြန့်သောသင်ယူနည်းများကို တပြိုင်နက် ဆည်းပူးသွားနိုင်ပါမည်။

## D. မတက်ကြွခြင်းလော (သို့) တက်ကြွခြင်းလော၊ ကျောင်းသားများ၏သင်ကြားမှုကို လက်ခံမှု

**၁။** သင်တန်းသားကိုင်စာအုပ်အဆုံး (စာမျက်နှာ ၇၅ – ၇၆) တွင် ယင်း activity အတွက် cue card ပုံစံကို ပေးထားပါသည်။
**က** – သဘောတူသည်၊ အလွန်သဘောတူသည်၊ သဘောမတူ၊ လုံးဝသဘောမတူ စသည့်သဘောထားများကို ကိုယ်စားပြုသည့်နေရာများကို သင်တန်းသားများအားရှင်းလင်းပြောပါ။ သဘောထားနှင့်ဆိုင်သော အမှတ်အသားများကိုလည်း အခန်းထောင့်တွင် နှစ်သက်သလို စိတ်ကြိုက်ကပ်ထား၊ လုပ်ထားနိုင်ပါသည်။
**ခ** – Passive or Active စာရင်း list မှ အချက်အလက်များကိုရွေးပြီး ဖတ်ပြပါ။ သင်တန်းသားများကိုလည်း သူတို့အမြင်ကို ကိုယ်စားပြုသည့်နေရာကို သွားခိုင်းပါ။
**ဂ** – ကျောင်းသားအချို့ကို သူတို့၏ အမြင်သဘောထားများအကြောင်းကို ရှင်းပြခိုင်းပါ။
**ဃ** – Passive or Active စာရင်း list အသီးသီးမှ အချက် (၄ – ၅) ချက်ကို ပြန်လည်ဖော်ပြပေးပါ။

> Alternative method သင်တန်းသားများသည် cue card မှအချက်အလက်များ၏ မိတ္တူများကို ဝေထားပေးပါ။ Passive or Active ခေါင်းစဉ်အတိုင်း နှစ်စုံလောက်ပြင်ဆင်ပေးပါ။ သင်တန်းကြီးကြပ်သူသည် အတန်းတွင်းလှည့်လည်စစ်ဆေးပြီး၊ လိုအပ်သည်များကိုဖေးမပေးပါ။ ပြီးလျှင် ပြန်၍ဆွေးနွေးပါ။

အဓိကမေးခွန်းများကို လိုတိုရှင်းဆွေးနွေးပေးပါ။ ကျောင်းသားများ၏ သင်ယူနည်းသည် သူတို့၏တိုးတက်မှုကို မည်သို့ထိရောက်စေပါသနည်း။ သင်တန်းသားများကိုလည်း သူတို့ကိုယ်တိုင်သည် မည်သို့သောသင်ယူနည်းများကို ပိုင်ဆိုင်သောသူဖြစ်နေသည်ကို ဆန်းစစ်နိုင်ရန်မေးပါ။ အဖြေကို ထုတ်ပြောဖို့ရန်မလိုပါ။

## E. လက်တွေ့လုပ်ဆောင်ခြင်း၊ လေ့လာခြင်း (၂)

ကြည့်လေ့လာခြင်းနှင့်ပတ်သက်သောအချက်များတွက် အောက်ပါလမ်းညွှန်ကိုလေ့လာပါ။
**၁။** အတန်းပြီးသော သင်တန်းသားများသည် မည်သည့်စာသင်နည်းကို အများဆုံးသုံးဖြစ်သည်ကို ဆန်းစစ်

စေပါ။ ညွှန်ကြားခြင်းလော၊ လေ့လာစူးစမ်းခြင်းလော၊ နှစ်ဦးနှစ်ဖက်ဆက်နွှယ်ခြင်းလော၊ မိမိ၏စာသင်ခန်းမှ အတွေ့အကြုံများကို အသုံးပြုပြီး မိမိ၏အမြင်များကို ထပ်၍ဖြည့်ဆည်းပေးပါ။

၂၊ နောက်အချိန်တွင် ကြည့်ရှုလေ့လာခြင်း၏ရလဒ်များကို ဆွေးနွေးပေးပါ။ မေးခွန်းများကို မေးပါ။

– မည်ကဲ့သို့သောသင်ကြားပေးခြင်းနှင့် သင်ယူနည်းများကို ပိုမိုအသုံးပြုဖြစ်ပါသနည်း။

– အသက်ကြီးသောကျောင်းသားနှင့် အသက်ငယ်သောကျောင်းသားများတွင် မည်သို့သောကွာခြားချက်များ ရှိပါသနည်း။

– တချို့သောသင်ခန်းစာသည် အထူးကောင်းမွန်ပါသလား။ မည်သည့်အချက်များက ထိုကဲ့သို့ ကောင်းမွန်စေရန် စွမ်းဆောင်ပေးပါသနည်း။

## F. Reflact

၁။ သင်တန်းသားများကို သင်ခန်းစာတွင် မည်သည့်စာသင်နည်းပုံစံကိုသုံးသွားသည်ကို ပြန်လည်စဉ်းစား စေပါ။

**ဖြစ်နိုင်ခြေရှိသော အဖြေများ –**

| | |
|---|---|
| Visual | – ဗယားများ၊ ဗယားကွက်များကို စီမံခြင်း။ ပိုစတာများကိုသုံးပြီး ပြန်လည်တင်ပြခြင်း။ |
| Auditory | – ဆွေးနွေးခြင်း၊ သင်တန်းကြီးကြပ်သူက ပို့ချခြင်း။ |
| Kinesthetic | – အတန်းတွင်းလှည့်လည်ပြီး မှတ်ချက်များပေးခြင်း၊ ကြည့်ရှုလေ့လာခြင်း၊ အသက်ဝင်အောင် သင်ကြားလုပ်ဆောင်ခြင်း။ |

၂။ သင်တန်းသားများကို သင်ခန်းစာတွင် နမူနာသုံးသွားသည့် သင်ကြားနည်းများကို ပြန်လည်သုံးသပ်ခိုင်းပါ။

**ဖြစ်နိုင်ခြေရှိသော အဖြေများ –**

| | |
|---|---|
| **၁။ ညွှန်ကြားခြင်း** | – စာပိုဒ်ကိုဖတ်ခြင်း၊ သင်တန်းကြီးကြပ်သူမှ အချက်အလက်များကို တင်ပြခြင်း။ |
| **၂။ စူးစမ်းရှာဖွေခြင်း** | – သင်ခန်းစာကိုစဉ်းစားခြင်း၊ ကျွန်ုပ်၏ စာသင်ခန်းအတွေ့အကြုံ၊ သင်ယူမှုနှင့်ဆိုင်သော မေးခွန်းလွှာများ။ |
| **၃။ အချင်းချင်းဆက်နွှယ်မှု** | – အုပ်စုလိုက်လုပ်ဆောင်ခြင်းနှင့် ပြန်လည်တင်ပြခြင်း၊ သင်တန်းကြီးကြပ်သူသာ စီမံပြီး တတန်းလုံး၏ဆွေးနွေးခြင်းများကို ပြန်လည်အကျဉ်းချုံးပေးခြင်း။ |

## G. ကျွန်ုပ်တို့ မည်သို့လေ့လာသင်ယူပါသနည်း – အကျဉ်းချုံး

## H. ကျောင်းသားများ သင်ယူမှု၊ နားလည်မှုကို ပြန်လည်လေ့လာခြင်း

၁။ ကျွန်ုပ်တို့သည် နည်းလမ်း (၃) မျိုးဖြင့် သင်ယူနေပါသည်။

**အဖြေများ** – ကျောင်းသားများသည် သူတို့ရေးချထားသောစာရင်းအတိုင်း – လက်တွေ့လေ့ကျင့်ခြင်း၊ ကြည့်ရှုလေ့လာခြင်း၊ ပို့ချခြင်းကိုနားထောင်ခြင်း၊ စူးစမ်းရှာဖွေခြင်း၊ အလွတ်မှတ်ခြင်း၊ စဉ်းစားခြင်းနှင့် ဆွေးနွေးခြင်းများ။

၂။ ဘာသာရပ်အတွက် သင်ကြားရာတွင် အကျိုးရှိမည်ဟု သင်ယူဆသော သင်ကြားနည်း (၂) မျိုးကို ရေးပေးပါ။ အဖြေသည် သင်တန်းသားများ သင်ယူသောဘာသာရပ်နှင့် အတန်းအပေါ်တွင်သာ မူတည်ပါသည်။

၃။ လက်တွေ့ဘာသာရပ်အတွက် သင်ကြားရန်အကောင်းဆုံးသောနည်းလမ်းများ –
**အဖြေ** – ၃

၄။ သင်ကြားနည်းပုံစံနှင့်ဆိုင်သော အသိပညာကို ဆရာများစာသင်ကြားရာတွင် မည်သို့အထောက်အကူပြုပါသနည်း။

**အဖြေများ** – သင်ကြားနည်းပုံစံအားလုံးကိုသုံးခြင်းအားဖြင့် ကျောင်းသားများ လေ့လာဆည်းပူးမှုကို ဖေးမပေးပါသည်။
– ကျောင်းသားများ အားမသန်သည့်သင်ယူနည်းများကို တိုးချဲ့ဆည်းပူးရန်ဖေးမပါသည်။ ဤသို့အားဖြင့် ကျယ်ပြန့်သောစာသင်နည်းပညာစနစ်များကြောင့် ပိုမိုဆည်းပူးသင်ကြားခွင့်ရပါမည်။

၅။ (၁) လက်တွေ့အခြေအနေ၊ အတွေ့အကြုံနှင့် ဤသင်ခန်းစာမှရယူသော အသိပညာများတို့ကို ပေါင်းစပ်ပါဝင်ခြင်း။
**အဖြေ –** ကျောင်းသားများအား သူတို့၏ကိုယ်ပိုင်အတွေ့အကြုံများမှ ကောင်းသောဆရာနှင့် ဆိုးသောဆရာအကြောင်းကို စဉ်းစားစေခြင်း။
(၂) စဉ်းစားခြင်းကို မည်သို့အသုံးချပြီး ဤသင်ခန်းစာကိုသင်ယူပါသနည်း။
**အဖြေ –** ဆွေးနွေးမှုများအားလုံးသည် ကျောင်းသားများအားစဉ်းစားမှုကို လေ့ကျင့်ပေးပါသည်။ သင်တန်းကြီးကြပ်သူသည် မေးခွန်းများမေးပေးခြင်းအားဖြင့် လုပ်ဆောင်မှုများအားလုံးကို ပြန်လည်ထင်ဟပ်စေပါသည်။

၆။ သင်၏လက်တွေ့ဘဝမှအခြေခံ၍သော်လည်းကောင်း၊ စာသင်ခန်းကိုအခြေခံ၍သော်လည်းကောင်း ဥပမာများကိုပေးပါ။
**အဖြေသည် အမျိုးမျိုးခြားနားပါလိမ့်မည်။**

## I. ဆက်လက်လေ့လာရှာဖွေရန်

လုပ်ဆောင်မှုများကို တိုးချဲ့သင်ကြားခြင်းသည် အားသာသောကျောင်းသားအတွက်သာဖြစ်ပါသည်။ ကျောင်းသားများအားလုံးပါဝင်ရမည်ဟု သင်မျှော်လင့်၍မရနိုင်ပါ။ အချိန်မလောက်မငှဖြစ်ပါကလည်း ချန်ထားရပါမည်။

၁။ နောက်ဆက်တွဲတွင်ပေးထားသော ဖြည့်စွက်စာပိုဒ်ကို သင်တန်းသားများဖတ်စေပါ။ အခြားသောစာသင်နည်းပုံစံကိုကြည့်သကဲ့သို့၊ သင်ကြားမှုပုံစံအမျိုးမျိုး၏ စာရင်းများထဲမှတဆင့် VAK ပုံစံသို့ ကူးပြောင်းလေ့လာစေပါ။

၂။ အင်တာနက်သုံးစွဲရယူခွင့်အခြေအနေပေါ်တွင်သာ မူတည်ပါသည်။ စာရင်းများစီစဉ်ထားခြင်းသည် အနည်းငယ်ရှုပ်ထွေးပါသဖြင့် ကျောင်းသားများကို သင့်လျော်သလိုလမ်းပြနိုင်ပါသည်။

# သင်ခန်းစာ (၃)
# စာသင်ခန်းအတွင်း တန်းတူညီမျှမှု
## Equality in the Classroom

သင်တန်းသားများအား အကျိုးမရှိနိုင်သည့်ဥပမာများကို မေးပါ။ နိဒါန်းကိုပြောပြပါ။ သို့မဟုတ် ဖတ်ပြပါ။

**A. တန်းတူညီမျှခြင်းကို ပညာရေးကဏ္ဍအနေဖြင့် မည်သို့အဓိပ္ပါယ်ဖွင့်ဆိုပါမည်နည်း**

၁။ ဥပမာ (၈) ခုကို (၁၀) မိနစ်အချိန်ယူကာ အဖွဲ့များခွဲ၍ ဆွေးနွေးပါ။ ထို့နောက် စာသင်ခန်းပုံစံကဲ့သို့ ဥပမာ (၁) ခုချင်းစီကိုဆွေးနွေးပါ။

**ဖြစ်နိုင်သည့်အဖြေများ –**

**က။ မိန်းကလေး/ ယောကျ်ားလေး** – *ပုံသေအသုံးအနှုန်းများကို မသုံးပါနှင့်။ ပြုမှုပုံနှင့် သူ၏သဘောထား သင်ခန်းစာတို့၏ခေါင်းစဉ်အပေါ်မူတည်ပြီး ရှေးရှုပါ။*

**ခ။ အကြား /အမြင်** – *လေ့လာသင်ကြားမှုအတွက် အထောက်အကူဖြစ်စေနိုင်သည့် သင်ကြားမှုပုံစံအားလုံးကို အသုံးပြုပါ။*

**ဂ။ အနှေး /အမြန်** – *သင်ယူမှုမြန်သောသူများအား ၎င်းတို့လုပ်ဆောင်ရမည့်အရာများကို လုံလုံလောက်လောက် ပေးပါ။ သင်ယူမှုနှေးသောသူများအား ၎င်းတို့လုပ်ဆောင်နိုင်သည်ထက် ပိုမပေးသင့်ပါ။*

**ဃ၊ ကရင်/ ဗမာ** – *သင်ထောက်ကူနှင့်ပစ္စည်းများသည် တိုင်းရင်းသားများအားရောနှောထားသည်ဟု ရောင်ပြန် ဟပ်စေရမည်။ ကျောင်းတွင်ရှိသော တိုင်းရင်းသားအနည်းစု (သို့မဟုတ်) အတန်းအနည်းစုသည် ၎င်းတို့အား ထည့်မတွက်ဟုသောခံစားမှု မရှိစေရပါ။*

**င။ ဗုဒ္ဓ/ ခရစ်ယာန်** – *မည်သည့်ကျောင်းတွင်မဆို ဘာသာမရွေးအားလုံးကို ကြိုဆိုသည်ဟုခံစားစေရမည်။ ဘာသာရေးကျောင်းများအနေဖြင့် ဘာသာရေးခွဲခြားပြီး ထိန်ချုန်ဆက်ဆံမှုမပြုသင့်ပေ။*

**စ။ မိဘမဲ့/ မိဘရှိ** – *ဆရာ/မများအနေဖြင့် လူငယ်များ မည်သည့်အန္တရာယ်မျိုးတွင်ရှိနေသည်ကို သိထားရ မည်။ အချို့ကျောင်းသားများသည် စိတ်ခြောက်ခြားဖွယ်ရာများကြုံခဲ့ခြင်း (သို့မဟုတ်) မိဘများ ၎င်းတို့ကို ကောင်းမွန်စွာမကြည့်ရှုနိုင်ခဲ့ခြင်း (သို့မဟုတ်) ဘ၀တွင်ကြီးမားသောဆုံးရှုံးမှုမျိုးနှင့်ကြုံ မည့်အခြေအနေတွင် ရှိနေခြင်းများဖြစ်ပေါ်သည်။ ကျောင်းတွင် ၎င်းတို့အားနားလည်ပေးခြင်းသည် အထောက်အကူဖြစ်စေပါသည်။*

**ဆ။ ပျင်းရိခြင်း /ကြိုးစားခြင်း** – *စိတ်ဝင်စားမှုနည်းပါးခြင်း (သို့မဟုတ်) ဆောင်ရွက်ချင်သည့်စိတ်မရှိခြင်း (သို့မဟုတ်) ပင်ပန်းခြင်းမှ ပျင်းရိခြင်းကိုတွေ့ရှိနိုင်သည်။ ဆရာ/မများမှ ကျောင်းသား/သူများ အဘယ်ကြောင့် ဤကဲ့သို့ပြုမူဆောင်ရွက်နေသည်ကို ရှာဖွေဖော်ထုတ်၍ ဤအရာကို မည်ကဲ့သို့ကိုင်တွယ်ဆောင်ရွက်ရမည်ကို ဆုံးဖြတ်ပါ။*

**ဇ။ ကောင်းစွာမမြင်ရခြင်း/ ရှင်းလင်းစွာမြင်ရခြင်း** – ကျောင်းသား/ သူများအား မည်သူသည် မိမိတို့၏ပြဿ နာများကို ကောင်းစွာမမြင်ရသနည်းနှင့် မည်သည့်အရာက ၎င်းတို့ကို ကူညီနိုင်မည်ကိုမေးပါ။ ဆရာ/မ အ နေဖြင့်လည်း မည်သည့်အရာက ကျောင်းသား/သူများအားကူညီနိုင်မည်ကို စဉ်းစားပါ။ ဥပမာ –အဖွဲ့လိုက် လုပ်ဆောင်ခြင်း၊ ညွှန်ကြားချက်များကို ကျယ်ကျယ်ဖတ်ပြခြင်း စသည်ဖြင့် ...

**လေ့လာမှုအမှတ်** – တစ်ခါတရံကျောင်းခန်းထဲတွင် တန်းတူညီမျှဆိုသည်မှာ ကျောင်းသား/ သူအားလုံးကို ပုံစံတစ်ခု တည်းဖြင့် ဆက်ဆံခြင်းကို မဆိုလိုပေ။

၂။ ဤလုပ်ဆောင်ချက်အတွက် cue cards ကို သင်တန်းကြီးကြပ်သူကိုင်စာအုပ် စာမျက်နှာ (၇၇) တွင်တွေ့ရသည်။ (၄–၆) ယောက်တစ်ဖွဲ့ပါသောအုပ်စုအတွက် မိတ္တူကူးပေးပါ။ အဖွဲ့လိုက်အနေနှင့်ညီတူမှုများကိုရှာ၍ ယှဉ်တွဲပေးပါ။

**အဖြေများ**

| | **အဓိပ္ပါယ်** | **ဥပမာများ** |
|---|---|---|
| ခံစားပိုင်ခွင့်ရှိခြင်း။ | တစ်ခုခုရရှိဖို့ရန်အတွင် အခွင့်အရေးရှိသည်။ | – အသက် (၁၁) နှစ်ကလေးများကို ပညာသင်ပေးရန် အခွင့်အရေးရှိသည်။<br>– အဆင့်မြင့်ပညာရေး သင်ယူလေ့လာဖို့ အခွင့်အရေးရှိသည်။ |
| တန်းတူညီမျှခြင်း။ | အများနည်းတူခံစားခွင့်နှင့် အောင်မြင်ခြင်း။ | – တူညီသည့်ဘာသာရပ်များအား မိန်းကလေးနှင့် ယောကျ်ားလေး အတူတကွ သင်ယူကြသည်။<br>– ကျောင်းသား/သူများသည် တရားမျှတသည့်ရလဒ်များကို ရရှိကြသည်။ |
| အမျိုးမျိုးအထွေထွေ ကွဲပြားခြားနားမှုရှိခြင်း။ | အမျိုးမျိုးသော ခြားနားခြင်းများ။ | – ကျောင်းသားများအတွင်း ခြားနားသည့်ရိုးရာယဉ်ကျေးမှုပွဲများကို ကျင်းပသည်။<br>– သင်ထောက်ကူပစ္စည်းများသည်လည်း ယဉ်ကျေးမှုနောက်ခံအမျိုးမျိုးကို ပုံဖော်ပေးထားခြင်း။ |
| ပါဝင်ခြင်း။ | ထိခိုက်ခံစားလွယ်သော ကျောင်းသား/သူများ အဖွဲ့၏တစိတ်တဒေသအဖြစ် ခံစားနေရခြင်း။ | – သင်ယူရာတွင် အခက်အခဲရှိသော ကျောင်းသား/သူများကို ကျောင်းမှလက်ခံလိုက်သည်။ |
| အမျိုးမျိုးအထွေထွေ ကွဲပြားခြားနားမှုရှိခြင်း။ | ဆရာ/မများသည် ကျောင်းသား/သူ တစ်ဦးချင်းစီ၏လိုအပ်ချက်များကို စဉ်းစားသည်။ | – ဆရာ/မ များ။<br>– ကျောင်းသား/သူတစ်ဦးချင်းစီတွင် ၎င်းတို့၏ လေ့လာသင်ယူမှုပုံစံများ ရှိကြသည်။ |

၃။ အဖွဲ့တိုင်းအား အထက်မှစပြီး key word ကို ပြန်လည်တင်ပြစေပါ။ အခြားအဖွဲ့များ သဘောတူညီမှု ရှိ/မရှိ မေးပါ။ ခေါင်းစဉ်အသီးသီးကိုလည်း (၂ – ၃) မိနစ်ခန့် ဆွေးနွေးစေပါ။ ***ဒီလိုအကြံဉာဏ်မျိုးဟာ ပညာရေးမှာ ဘယ်လောက်အရေးပါသလဲ။ ကျွန်တော်တို့ကျောင်းအသိုင်းအဝိုင်းမှာ ဘယ်လောက်ကောင်းအောင်လုပ်နိုင်မှာလည်း*** စသောမေးခွန်းများကို မေးပေးပါ။

**အကြံဉာဏ်ကောင်းများ** ။ ။ သင်တန်းသားများကို ပိုမို၍တွေးတောစေရန် အောက်ပါမေးခွန်းများကို မေးနိုင်ပါသည်။ **မည်သူသည် အသက် (၁၁) နှစ်အရွယ်ထိ ပညာရေးတွင်ပါဝင်ခွင့်မရပါသလဲ** (ဥပမာ– ဝင်ငွေအတွက် အလုပ်လုပ်ရခြင်း၊ ညီငယ်ညီမငယ်များကိုထိန်းကျောင်းရခြင်း၊ ခန္ဓာကိုယ်မသန်စွမ်းခြင်းစသော မိသားစုအခက်အခဲ၊ ကိုယ်ပိုင်အခက်အခဲများကြောင့် ကျောင်းသို့မသွားနိုင်ဘဲ ပညာဆည်းပူးရယူရန်အတွက် အခက်အခဲဖြစ်နေပါသည်) **ဘာသာရေးရိုးရာပွဲများကို သားတို့သမီးတို့ ကျောင်းမှာကျင်းပပါသလား။** (အဖြေမှာမူ ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ဘာသာပွဲများ၊ ကရင်နှစ်သစ်ကူးပွဲတော်၊ အစ္စလမ် အစ် (ဒ်) စသည်တို့ကိုတွေ့ရပါမည်။)

**B. လေ့လာမှုအခြေအနေ – နယ်စပ်တလျှောက်ရှိ ပညာရေးဆိုင်ရာအားလုံးပါဝင်မှု**

**၁။** နှစ်ယောက်တစ်ဖွဲ့ (သို့မဟုတ်) အုပ်စုလိုက်အနေနှင့် (၁) ခုကိုရွေးချယ်ပေးပါ။ တစ်ဖွဲ့လျှင် case studies (၁) ခုစီလုပ်ရန်မလိုပါ။ အကယ်၍ တချို့သော case studies သည် ရွေးချယ်ပါဝင်မှုတွင် မပါဝင်သော်လည်း ပြန်လည်တင်ပြခြင်းအဆုံးတွင် အတန်းလိုက်အနေနှင့်ကျန်သော case studies များကို ပြန်ဆွေးနွေးနိုင်ပါသည်။

**၂။** သင်တန်းသားများ ပြန်လည်တင်ပြခြင်း။ **နည်းလမ်းအမှတ် (၁)** – Role play

case studies တိုင်းအတွက် တိုတောင်းရှင်းလင်းသည့် တင်ပြခြင်းကိုလုပ်စေပါ။ (မလုပ်ရသေးသော သင်တန်းသားများကို ရွေးလုပ်စေပါ။)

ပြန်လည်တင်ပြပြီးသည့်နောက်တွင် အကြံဉာဏ်များရရှိလာစေရန် မေးခွန်းများကို မေးပေးပါ။ ဥပမာ –

- ဤအရာကို ကြည့်မိပါသလား။
- ကျန်တဲ့ လူတွေကရော ဘယ်လိုထင်သလဲ။
- ဘာအကြံဉာဏ်ကောင်းများရှိသလဲ။ စသည်ဖြင့် ….

အဆုံးတွင် အောက်တွင်ပေးထားသောဇယားကွက်တွင် လိုအပ်သည့်အကြံဉာဏ်များကို ဖြည့်စွက်ပေးပါ။

**ဖြစ်နိုင်ခြေရှိသော အဖြေများ –**

| | (၁) အကြောင်းအရာ | (၂) ဆရာများအနေဖြင့် မည်သို့လုပ်ဆောင်နိုင်ပါသနည်း။ |
|---|---|---|
| က | – ခန္ဓာကိုယ်မသန့်စွမ်းခြင်း။<br>– အိမ်၏အခြေအနေအရပ်ရပ်။<br>– ကျောင်းသားများ ဂရုတစိုက်လုပ်ခြင်း။ | – ကျောင်းသားများနှင့်ရင်းနှီးနေလျှင် သူတို့၏အခြေအနေကို ပိုမိုသိရှိလာနိုင်ပါမည်။<br>– ကျောင်းသားများ၌ အခက်အခဲရှိနေလျှင် မိမိအား အသိပေးရန်ပြောခြင်း။<br>– အိမ်စာများ နောက်ကျမှပြီးလျှင်လည်း သဘောတူညီမှု၊ နားလည်မှုများနှင့် ဖေးမပေးခြင်း။ |
| ခ | သင်ယူမှုအဆင့်အမျိုးမျိုး | – ပို၍အားသာသော ကျောင်းသားများကို သင်ခန်းစာနှင့်ဆိုင်သော လေ့ကျင့်ခန်းများ၊ တာဝန်များကို အဆင့်လိုက်တိုးချဲ့ပြုလုပ်စေပါ။<br>– အတန်းလိုက်ဆွေးနွေးပွဲကို နှစ်ယောက်တစ်တွဲ (သို့) အုပ်စုဖွဲ့ကာ ပြင်ဆင်စေပါ။ သို့မှသာလျှင် အားနည်းသောကျောင်းသားများသည်လည်း မိမိတို့အဖွဲ့အတွက်ဖြေဆိုရန် အခွင့်အရေးရှိပါမည်။ |
| ဂ | ပါဝင်အောင်လှုံ့ဆော်ခြင်း | – ကျောင်းသားများစိတ်ဝင်စားမှုရှိစေရန်အတွက် စာသင်နည်းလမ်းအမျိုးမျိုးကို သုံးပေးပါ။<br>– သင်ခန်းစာကိုလည်း တကယ့်လက်တွေ့ဝန်းကျင်နှင့် ဆက်နွယ်စေပါ။ |
| ဃ | ဘာသာစကားသည် ကျောင်းသားအတွက် ပြဿနာတစ်ရပ်ဖြစ်ပြီး၊ အပြောင်းအလဲမရှိချေ။ | – သင်ကြားသောဘာသာစကားကို နားမလည်သောကျောင်းသားများကို ဖေးမရန်အတွက် ကျောင်းပေါ်လစီကိုချမှတ်ထားပေးခြင်း။<br>– လိုအပ်လျှင် အခြားဘာသာစကားတစ်ခုကိုထားပေးခြင်း။<br>– ဘာသာစကား (၂) မျိုးပြောတတ်သောကျောင်းသားများကို ဆရာက ဘာသာပြန်ပေးရန် အကူအညီတောင်းခြင်း။<br>– ကျောင်းသားက မိမိတတ်သောဘာသာစကားနှင့် အိမ်စာကိုလုပ်ပြီး ထိုစကားတတ်သော အဖော်ကို အမှတ်ပေးစေခြင်း။ |

| | | |
|---|---|---|
| င | ဘာသာစကားသည် ကျောင်းသားအတွက် ပြဿနာတစ်ရပ်ဖြစ်နေခြင်း။ | – ပြစ်ဒဏ်ပေးခြင်းသည် မအပ်စပ်သင့်ပါ။<br>– ရုပ်ပိုင်းဆိုင်ရာပြစ်ဒဏ်ပေးခြင်းသည် နှိပ်စက်ခြင်းတစ်ရပ်ဖြစ်သည့်အတွက် ကျောင်းသားများနှင့် မအပ်စပ်ပါ။<br>– ဆရာမှ ဘာသာစကားနားလည်သော လုပ်ဖော်ကိုင်ဖက်၊ ခေါင်းဆောင်ဆရာထံမှ ပြောဆိုအကူအညီတောင်းခံဖြေရှင်းနိုင်ပါသည်။ |
| စ | ဆင်းရဲခြင်းသည့် ကျောင်းသားများအား လျစ်လျူရှုထားခြင်းကို ခံရခြင်း။ | – ချို့တဲ့သောကြောင့် ပညာရေးနှင့်ဆက်စပ်သည့် ကျောင်းဝတ်စုံ၊ စာမေးပွဲ၊ စာအုပ်များတွင် ချို့တဲ့မှုမရှိအောင် ကျောင်းပေါ်လစီချမှတ်ရပါမည်။<br>– ချို့တဲ့သည့်ကျောင်းသားများအတွက် ပညာရေးဓာနပြုနိုင်ရန်အတွက် ရံပုံငွေများထားရှိရပါမည်။ |
| ဆ | ကိုးကွယ်ယုံကြည်သောဘာသာနှင့် ရိုးရာဓလေ့။ | – ကျောင်းသားများအား အုပ်စုဖွဲ့လျှင်သော်လည်းကောင်း၊ နှစ်ယောက်တစ်ဖွဲ့ဖွဲ့လျှင်သော်လည်းကောင်း၊ အဖွဲ့တိုင်းတွင် အသီးသီးပါဝင်စေပါ။<br>– သင်ထောက်ကူပစ္စည်းများမှာလည်း ကျောင်းသားများ၏နောက်ခံအသီးသီး (ရိုးရာဓလေ့နှင့် ကိုးကွယ်သည့်ဘာသာ) ကို ပုံဖော်နိုင်ရပါမည်။<br>– ကျောင်းသားများအတွက် နောက်ခံဆိုင်ရာဘာသာရေးပွဲများ၊ ရိုးရာပွဲများကိုလည်း အခါအားလျော်စွာ ကျင်းပပေးပါ။ |

## C. ကျောင်းသားအားလုံး တက်ကြွစွာ လှုပ်ရှားပါဝင်စေခြင်း

၁။ မည်သို့သောလှုံ့ဆော်မှုများသည် ထိရောက်မှုရှိသနည်းကိုမေးပေးပြီး အဆင့်လိုက်စီချပေးပါ။

၂။ နှစ်ယောက်တစ်တွဲတွဲကာ ရေးချထားသောအချက်များကို နှိုင်းယှဉ်ဆွေးနွေးစေပါ။ မည်သို့တူညီမှုရှိသည်၊ မည်သို့ခြားနားမှုရှိသည်ကို လိုတိုရှင်းနှင့်ဆွေးနွေးစေပါ။ သင်တန်းသားများ၏ အဖြေသည် သူတို့၏အတွေ့အကြုံပေါ်တွင်သာ မူတည်နေပါသည်။ ရှာဖွေတွေ့ရှိချက်များသည် ယေဘုယျအားဖြင့် မခြားနားသော်လည်း ပို၍ထိရောက်မှုရှိသော လှုံ့ဆော်မှုများမှာ –

- ***ကျွန်တော်ကတော့ အောင်မြင်ရင် သိပ်ပြီးပျော်တာဘဲ*** (လှုံ့ဆော်မှု –၁)
- ***ခေါင်းစဉ်နဲ့ဘာသာရပ်က သိပ်ပြီးစိတ်ဝင်စားဖို့ကောင်းတာဘဲ။ သင်ခန်းစာကလည်း ပျော်ဖို့ကောင်းတယ်။*** (လှုံ့ဆော်မှု –၂)

ဆွေးနွေးခြင်းအပြီးတွင် သင်တန်းသားများအား မိမိတို့၏အမြင်နှင့် ထုတ်ဖော်ရှင်းလင်းစေပါ။
(ပိုမို၍လေ့လာလိုပါလျှင် *Additional Reading Unit 3: Maslow's hierarchy* လေ့လာပါ။)

၃။ သင်တန်းသားများသည် case studies မှ ကျောင်းသားနှစ်ယောက်အကြောင်းကို ပြန်လည်လေ့လာစေပါ။

၁ – သင်တန်းသားများအား အပြောင်းအလဲများကိုပြနိုင်ရန်အတွက် ပိုစတာ၊ ပုံစံကားချပ်၊ ကာတွန်းနှင့် ပုံ

ဆွဲခြင်းများကို အဖွဲ့လိုက်လုပ်ဆောင်စေပါ။

၂ – အဖွဲ့အနေဖြင့် ၎င်းတို့လုပ်ထားသောပိုစတာများကို ပြန်လည်တင်ပြပြီး၊ ဆရာကပြောင်းလဲထားသော အချက်များကို ရှင်းပြစေပါ။

၃ –အတန်းအနေနှင့် ဆွေးနွေးပေးပါ။ သင်တန်းသားများသည် ဆွေးနွေးပွဲအဆုံးတွင် မိမိကိုယ်ပိုင် checklist ကိုလုပ်ရပါမည်။ သို့ရာတွင် အဆင့်ငယ်များ၊ ဦးစွာဝေဖန်မှုပြုခြင်း၊ ချီးမွမ်းခြင်း၊ ဖြည့်စွက်ထောက်ပံ့ခြင်း၊ အကြံဉာဏ်များပေးခြင်းတို့အား သေချာစွာပါဝင်စေရပါမည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ –**

အကယ်၍ သင်တန်းသားများသည် ပထမအဆင့်ကိုစဉ်းစားရန်အတွက် အခက်အခဲရှိနေလျှင် လုပ်ဆောင်ရမည့်တာဝန်များကို ပိုနည်းအောင်ခွဲချလိုက်လိုက်ပါ။ ပြီးလျှင် မေးခွန်းများကို မေးပေးပါ။

| ကျောင်းသား B | အပြောင်းအလဲများ | ဆောင်ရွက်ရန်စာရင်း |
|---|---|---|
| ဆရာက ကျောင်းသားများအား တာဝန်များခွဲဝေပေးပါ။ | ဆရာသည် တာဝန်များကို ပိုနည်းစေအောင် စီစဉ်ပါသည်။ | အဆင့်ငယ်များ |
| ကျောင်းသား B ၏ အမှတ်ရလဒ်မှာ မကောင်းပါ။ | ကျောင်းသား Bသည် သေးငယ်သည့် တာဝန်ကြောင့် အောင်မြင်မှုရရှိပါသည်။ | ဦးစွာဝေဖန်မှုပေးခြင်း |
| ဆရာသည် သူ၏လုပ်ဆောင်မှုသည် မကောင်းဟု ပြောပါသည်။ | သူ၏အောင်မြင်မှုအတွက် ဆရာသည် ချီးမွမ်းပြီး နောက်တစ်ဆင့်အတွက် အကြံဉာဏ်များပေးပါသည်။ | ချီးမွမ်းခြင်း၊ အကြံဉာဏ်ပေးခြင်း |
| ကျောင်းသားသည် မိမိကိုယ်မိမိ အားငယ်မိသည်။ | ကျောင်းသားသည် မိမိကိုယ်မိမိ ယုံကြည်မှုရှိလာသည်။ | ရလဒ်များ |
| ထိုကျောင်းသား၏ အမှတ်ရလဒ်မှာ မကောင်းမြဲမကောင်းဖြစ်နေသည်။ | ထိုကျောင်းသားသည် သေးငယ်သည့် တာဝန်များကို ဆက်လက်အောင်မြင်ကျော်လွှားနေပါသည်။ | အဆင့်ငယ်များ ဆက်လက်လုပ်ဆောင်ခြင်း။ |
| ဆရာ့အနေနှင့်လည်း ထိုကျောင်းသားသည် အားနည်းသောကျောင်းသားဖြစ်သည်ဟု ယူဆသည်။ | ဆရာ့အနေနှင့်လည်း ထိုကျောင်းသားကို ဆက်လက်အားပေးပြီး အပိုကူညီဖေးမမှုများပေးပါသည်။ | ချီးမွမ်းခြင်း၊ အကြံဉာဏ်ပေးခြင်းများကို ဆက်လက်လုပ်ဆောင်ခြင်း။ |
| ကျောင်းသားအနေဖြင့်လည်း မည်သည့်အခါအမျှနားလည်လိမ့်မည်မဟုတ်ဟု ထင်နေသည်။ | ကျောင်းသားအနေဖြင့် စတင်ပြီးနားလည်လာပြီဟု ခံစားရပါသည်။ | ရလဒ်များ |
| ကျောင်းသားသည် လှုံ့ဆော်မှုအားနည်းပြီး ကြိုးစားချင်သောစိတ်လည်း မရှိတော့ပေ။ | ကျောင်းသားသည် လှုံ့ဆော်မှုအားကောင်းလာပြီး ဆက်လက်ကြိုးစားချင်လာပါသည်။ | ရလဒ်များ |

– ပိုကြီးမားသောတာဝန်ကို မည်သို့လုပ်ဆောင်ပါမည်နည်း။

– ထိုတာဝန်များကို သေးငယ်အောင် မည်သို့ အဆင့်ဆင့်ခွဲခြမ်းစိတ်ဖြာမည်နည်း။

**အဓိကကျသောအချက်များ** – ကျောင်းသားတိုင် အောင်မြင်ခြင်းဟူသောအတွေ့အကြုံကို ရရှိသင့်ပါသည်။

**သင်ခန်းစာကို စိတ်ဝင်စားစရာကောင်းအောင် ဖန်တီးပေးခြင်း**

၄။ ဆွေးနွေးခြင်းကိုစတင်ရန်အတွက် မေးခွန်းများကို ရေးဦးစွာမေးပေးပါ။

- *ယနေ့ပို့ချသွားသောသင်ခန်းစာတွင် မည်သည့်အပိုင်းသည် စိတ်ဝင်စားစရာအကောင်းဆုံးဖြစ်ပါနည်း။*
- *အခြားစိတ်ဝင်စားစရာကောင်းသောအပိုင်းများကိုလည်း သိရှိသောသူရှိပါလား။ စသည်ဖြင့်* –

၁။ သင်တန်းသားများ ပိုမိုစိတ်ဝင်စားသောအချက်များကိုရွေးချယ်ပြီး ကျောက်သင်ပုန်းပေါ်တွင် ရေးချပေးပါ။

၂။ ပြီးလျှင် – ***"ဘယ်အပိုင်းက စိတ်ဝင်စားစရာကောင်းသလဲ "*** ဆိုပြီး မေးပေးပါ။ သင်တန်းသားများဖြေသော အဖြေများကို Mind-map လုပ်ရန်အတွက် ကျောက်သင်ပုန်းပေါ်တွင် ရေးချပါ။

၃။ ထို့နောက် အုပ်စုလိုက်အနေဖြင့် ကျောက်သင်ပုန်းပေါ်တွင် Mind-map ရေးဆွဲတင်ပြပေးပါ။

**Mind-map အတွက် ကောင်းသော အချက်တချို့မှာ –**

**မိမိပတ်ဝန်းကျင်တွင် တကယ်တည်ရှိနေသောအချက်များနှင့်ဆက်နွယ်ခြင်း –**

– ကျောင်းသားတစ်ဦးတစ်ယောက် တကယ့်ဘဝဖြစ်ရပ်မှန်များ၊ အတွေ့အကြုံများနှင့် စိတ်ဝင်စားမှုများ။

– သိရှိသောအရာများကို မိမိလက်တွေ့ဘဝတွင် ပြန်လည်ကျင့်သုံးခြင်း။

**တက်ကြွမှုရှိသော ကျောင်းသားများ –**

– ထိုကျောင်းသားမှာ စာရေးစာဖတ်ခြင်းကိုသာလုပ်နေရုံသာမဟုတ်ဘဲ အခြားတစ်ခုခုကိုစူးစမ်းနေတတ်ခြင်း။

– တတ်မြောက်သောအရာများကို စုပေါင်းပြီး တီထွင်ကြံဆတတ်ခြင်း။ (ဥပမာ– ပြဿနာများကိုဖြေရှင်းရန် အဖြေရှာခြင်း)

– ကျောင်းသားများသည် တစ်ခုခုကိုလုပ်ဆောင်အဖြေရှာခြင်း။ (ဥပမာ – စီမံကိန်းအတွက်)

– ကျောင်းသားများသည် စဉ်းစားတွေးခေါ်တတ်ခြင်း။ ဥပမာ – ဆရာသည် အကြောင်းအရာကိုသာ ပြောပြနေရုံမက မေးခွန်းများကို မေးမြန်းဖြေဆိုစေခြင်း။

**လှုပ်ရှားမှုများ**

Activities များကို အမြဲတမ်း ပြောင်းလဲလုပ်ဆောင်ပေးခြင်း။

– အမြဲတမ်း အသစ်အဆန်းများကိုလုပ်တတ်ခြင်း၊ အဖွဲ့လိုက်ယှဉ်ပြိုင်ကြခြင်း၊ ပြင်ပမှအရာများကိုလေ့လာခြင်း။

– Coursebook နှင့်လုပ်ဆောင်ရသောအခါများတွင်လည်း သူတို့အတွက် ခက်ခဲမှုများမရှိချေ။

**စိတ်အားထက်သန်မှု**

ဆရာသည် ကျောင်းသားများနှင့်ထပ်တူ သင်ခန်းစာခေါင်းစဉ်ကို စိတ်ဝင်စားမှုရှိခြင်း။

၄။ သင်တန်းသားများ ကိုယ်ပိုင် Check list ကို ရေးမှတ်စေပါ။ ပြီးလျှင် သင်တန်းသားများလုပ်ဆောင်ထားသော အဓိကအချက်များသည် တကယ့်လက်တွေ့ဘဝနှင့်ဆက်နွယ်ခြင်း ရှိ/ မရှိ၊ တက်ကြွသောကျောင်းသား အမျိုးမျိုး အစားစားနှင့် ဆရာ၏စိတ်အားထက်သန်မှုများတို့ကို စစ်ဆေးပေးပါ။

**အသက်ဝင်သောစာသင်ခန်းဖြစ်ရန်အတွက် ကြိုတင်စီစဉ်ခြင်းနှင့် သင်ကြားပေးခြင်း**

၅။ သင်တန်းသားများသည် (၁၀ မိနစ်ခန့်) ကျောင်းသားများအားလုံး စိတ်ဝင်စားမှုကိုပေးစေပြီး ပါဝင်လှုံ့ဆော်စေသော သင်ခန်းစာ ကိုပြင်ဆင်စီမံလုပ်ဆောင်စေပါ။

(၁) ဘာသာရပ်တိုင်းအတွက် တစ်ဖွဲ့လျှင် (၃) ဦး (သို့) (၆) ဦးပါဝင်သည့် အဖွဲ့ကိုဖွဲ့ပြီး၊ သင်ခန်းစာအတိုင်း၏ ခေါင်းစဉ်နှင့်အဆင့်ကို သင်တန်းသားများမှ ရွေးချယ်စေပါ။ (သို့မဟုတ်) ခေါင်းစဉ် အစဉ်လိုက်များကို အောက်တွင်နမူနာပေးထားသည့်အတိုင်း အဖွဲ့သားများကိုရွေးချယ်စေပါ။

(၂) ကျောင်းသားများအား လှုံ့ဆော်စေသည့် checklist များကို ပြန်လည်သတိရစေပါ။

– တကယ့်လက်တွေ့ဘဝနှင့်ဆက်နွယ်စေခြင်း၊ တက်ကြွသည့်ကျောင်းသား၊ အမျိုးအစားများခြင်း၊ ဆရာ ၏စိတ်အားထက်သန်မှု။

– အဆင့်ငယ်များ၊ ဦးစွာဝေဖန်မှုများ။ ပိုမိုဖေးမပေးခြင်း၊ ချီးမွမ်းခြင်း၊ အကြံဉာဏ်များပေးခြင်း။

(၃) Activities များကို သင်ကြားပေးခြင်း။

အဖွဲ့ထဲမှ ကိုယ်စားတစ်ယောက်သည် (၁၀) မိနစ်ခန့် activities များကို အတန်းထဲသို့ ပြန်လည်သင်ပြစေပါ။

(၄) သင်တန်းသားများသည် Motivation checklist အတိုင်းသုံး၍ ပြန်လည်ဝေဖန်မှုကိုပြုပါ။

**ခေါင်းစဉ်နှင့်ပတ်သက်ပြီး အကြံများပေးခြင်း** ။ ။ ကျောင်းသားများ သင်ကြားရသောဘာသာရပ်စာအုပ်မှ ခေါင်းစဉ်ကိုရွေးပေးပါ။ (သို့မဟုတ်) သင်တန်းသားများစိတ်ဝင်စားသော ခေါင်းစဉ်တစ်ခုခုကိုရွေးပေးပါ။ (သို့မဟုတ်) သင်တန်းသားများသည် အထွေထွေသောခေါင်းစဉ်စာရင်းများကို ရွေးချယ်စေပါ။ ဥပမာ

– သင်၏နိုင်ငံတွင်ရှိသော တိုင်းရင်းသားလူမျိုးစု၊ ကိုးကွယ်ရာဘာသာနှင့် ဘာသာစကားများ။

– သင့်နိုင်ငံ၏ရေမြေသဘာဝအခြေအနေ၊ သစ်တောပြုန်းတီးမှု၊ ထိန်းသိမ်းမှု၊ စွမ်းအင်နှင့်စွန့်ပစ်ပစ္စည်းများ။

– လူသိများသောပုဂ္ဂိုလ်၊ ဂီတအနုပညာရှင်၊ ရုပ်ရှင်သရုပ်ဆောင်၊ စာရေးဆရာ၊ အားကစားသမား။

– အားကစားရေးရာ စည်းကမ်းချက်များ၊ လုပ်ဆောင်မှုအသီးသီး။ ဥပမာ – ခန္ဓာကိုယ်အစိတ်အပိုင်း၏လှုပ်ရှားမှု၊ မိုးရွာသွန်းခြင်း၊ မော်တော်ဆိုင်ကယ်စက် (အင်ဂျင်)။

– အရာတစ်ခုခုကို ပြုလုပ်ဖန်တီးခြင်း၊ စက္ကူလှေ၊ လေယာဉ်ပျံ၊ မြေပြစာများ။

**နည်းလမ်းများ** ။ ။ ကျောင်းသားများသည် သင်ခန်းစာမှ နည်းလမ်းအတွေ့အကြုံများကိုပြန်သုံးနိုင်ပါသည်။ ဥပမာ – နှစ်ယောက်တစ်တွဲ (သို့) အုပ်စုလိုက်လုပ်ဆောင်ခြင်း၊ မေးခွန်းများမေးခြင်း၊ ပုံစံကားချပ်များ၊ Case studies၊ mind-map စသည်ဖြင့်။

## D. လက်တွေ့လုပ်ဆောင်ခြင်း (၃)၊ မေးမြန်းခြင်း

သင်တန်းသားများသည် ဆရာကို မေးခွန်းများကိုမေးမြန်းပါ။ သူတို့သင်မည့်အတန်းကို သင်နေသောဆရာဖြစ်ပြီး၊ ထိုဆရာသည် အားသာသောကျောင်းသားနှင့် အားနည်းသောကျောင်းသားများကို မည်သို့မည်ပုံဖေးမသွားရမည်ကို ဖြေစေပါ။ သင်တန်းသားများသည် မေးမြန်းထားသောအရာများကို ပြန်လည်အတန်း (သို့) အဖွဲ့ ပြန်လည်တင်ပြပေးစေပါ။ ပြီးလျှင် အားသာသောကျောင်းသားနှင့် အားနည်းသောကျောင်းသားများကို ဆရာများက မည်မျှကောင်းမွန်စွာ ဖေးမနိုင်သည်ကို ဆွေးနွေးစေပါ။

## E. စာသင်ခန်းတွင်းမှ တန်းတူညီမျှမှု – အကျဉ်းချုံး

Alternative method : အတန်းထဲတွင် သင်တန်းသားများသည် အတွေ့အကြုံရှိသောဆရာအား အကူဆရာအနေနှင့် ကူညီပေးပါ။ ဆရာကို မည်သို့အကျိုးရှိစွာအသုံးချမည်ကို အတန်းသားအချင်းချင်း ဆွေးနွေးစေပါ။ ထိုအကူဆရာသည် ဖြစ်နိုင်လျှင် သင့်လျော်သော စာသင်ခန်း၊ ဘာသာရပ်တွင် ကူသင့်ပါသည်။

## F. ကျောင်းသားများ၏နားလည်မှုကို ပြန်လည်ဆန်းစစ်ခြင်း။

သင်တန်းသားများသည် ဤသင်ခန်းစာမှ ခြားနားခြင်းများကို ခွဲခြမ်းစိတ်ဖြာရပါမည်။ ကော်လံအကွက် (၂) ကိုသုံးလျှင် အမှတ်ကိုခြစ်ပြီးအကွက် (၃) ကိုသုံးလျှင် ဥပမာများကိုရေးပေးပါ။

| သင်ကြားနည်းဗျူဟာ | ✔ | ဥပမာများ |
|---|---|---|
| ၁။ ရှင်းလင်းသောသင်ခန်းစာ၏ ရည်ရွယ်ချက်များထားရှိခြင်း။ | ✔ | ဤသင်ခန်းစာ၏အစပိုင်းတွင် သင်ခန်းစာ၏ရည်ရွယ်ချက်များကို ဖော်ပြထားပါသည်။ |
| ၂။.အမျိုးမျိုးသော သင်ကြားနည်းပုံစံကို အသုံးပြုခြင်း။ | ✔ | ဆွေးနွေးခြင်း။ (A); Word cards (VK); Role play (AK); Motivators diagram feedback (VK); teach activity (K) |
| ၃။ နှစ်ယောက်တစ်တွဲ (သို့) အဖွဲ့လိုက် လုပ်ဆောင်ခြင်း။ | ✔ | ယင်းတွင် များပြားလှသည့်ဥပမာများပေးထားပါသည်။ ကျောင်းသားများအနေဖြင့် အနည်းဆုံး (၃) ခုခန့် ရေးချပါ။ A1, A2, B/3, C2, C3, C6. |
| ၄။ ရောထွေးခြင်း။ | ✔ | ဆွေးနွေးခြင်း – Cue cards များကိုယှဉ်တွဲခြင်း။ Case studies– တစ်ဦးချင်းစီ၏အဆင့်ကို တိုင်းတာခြင်း။ Mind-map- ကြိုတင်ပြင်ဆင်မှုများကို လက်တွေ့လုပ်ဆောင်ခြင်း၊ စာသင်ခန်းတွင်ကူညီဖေးမခြင်း။ |
| ၅။ အဆင့်ဆင့်လုပ်ဆောင်ရသော လှုပ်ရှားမှုကို အသုံးပြုခြင်း။ | ✔ | လှုပ်ရှားမှုများတွင် ကွဲပြားခြားနားသည့်အဆင့်များမရှိပေ။ သို့သော် အများအားဖြင့် လှုပ်ရှားမှုများတွင် သေးငယ်သောအဆင့်များသာ ရှိပါသည်။ ဥပမာ – တစ်ဦးတယောက်၏အတွေးအခေါ် အမြင်မှ အစပြုခြင်း။ |
| ၆။ လှုပ်ရှားမှုအပိုများကို ထပ်မံသုံးနိုင်ရန် စီမံခြင်း။ | ✔ | လှုပ်ရှားမှုအပိုများကို သင်ခန်းစာ (၃) မှ Maslow's hierachy မှ ဖတ်ရှုလေ့လာပါ။ |
| ၇။ စာသင်ခန်းတွင်း လှည့်လည်ကြည့်ရှုပါ။ | | အဖြေသည် သင်တန်းသားတို့လုပ်ဆောင်မှုပေါ်တွင်သာ မူတည်ပါသည်။ |
| ၈။ ကျောင်းသားတိုင်းအတွက် အောင်မြင်ကျော်လွှားမှု။ | | အဆင့်ငယ်များ –<br>အထက်မှပေးထားသော နံပါတ် (၅) ကို ပြန်ကြည့်ပါ။ ချီးမွမ်းခြင်းသည် သင်တန်းသားများလုပ်ဆောင်မှုပေါ်တွင် မူတည်ပါသည်။ |
| ၉။ အကြံဉာဏ်များပေးပါ။ | | အဖြေသည် သင်တန်းသားတို့လုပ်ဆောင်မှုပေါ်တွင်သာ မူတည်ပါသည်။ |
| ၁၀။ အောင်မြင်မှုအတွက်သော်လည်းကောင်း၊ ကြိုးစားအားထုတ်မှုအတွက်သော်လည်းကောင်း နှစ်ရပ်လုံးအတွက် ချီးမွမ်းပေးပါ။ | | အဖြေသည် သင်တန်းသားတို့လုပ်ဆောင်မှုပေါ်တွင်သာ မူတည်ပါသည်။ |
| ၁၁။ တန်းတူညီမျှမှုနှင့် ပါဝင်မှု။ | | သင်ခန်းစာ၏ ခေါင်းစဉ်သာဖြစ်ပါသည်။ |

**G. ဆက်လက်လေ့လာရန်**

အပိုထပ်ပြီးလေ့လာနိုင်ရန်အတွက် Maslow's hierarchy မှ ဖတ်ပါ။ ကျောင်းသားတစ်ယောက်၏အောင်မြင်မှုသည် မိမိကိုယ်ကို ပိုမိုလေးစားလာစေပါသည်။

# သင်ခန်းစာ (၃)
# လေ့လာသင်ယူရန်အတွက် သင်ကြားပေးခြင်း
**Teaching for Learning**

## A. သင်ယူခြင်း၏ရည်ရွယ်ချက်၊ လုပ်ဆောင်ချက်နှင့်လုပ်ရှားမှုများ

ဆရာ၏ သင်ခန်းစာရည်ရွယ်ချက်များ၊ လုပ်ဆောင်ရမည့်အဆင့်များ၊ သင်ခန်းစာကို အထောက်အကူဖြစ်စေသောလုပ်ရှားမှု တစ်ခု (သို့) လုပ်ဆောင်မှုများကိုပြီးစီးစေရန်နှင့် သင်ခန်းစာ၏ ရည်ရွယ်ချက်များကို ရယူဆည်းပူးနိုင်စေရန် ဇယားကွက်ဖြင့် ပြထားပါသည်။ ကျောင်းသားများသည် လှုပ်ရှားမှုများ၊ ရည်ရွယ်ချက်များကို ရယူဆည်းပူးရန်နှင့် အလုပ်ကိုပြီးစီးရန် ဖြစ်ပါသည်။ **ဥပမာ –**

**သင်ခန်းစာ၏ ရည်ရွယ်ချက်များ –** ကျောင်းသားများသည် အပြောနှင့်အရေးတွင် ရိုးရှင်းမှန်ကန်သော အတိတ်ကာလကို အသုံးပြု၍ရပါသည်။

**တာဝန်အဆင့် –** တင်ပြခြင်း။

**အလုပ်အဆင့် (၁) –** လုပ်ဆောင်မှုများကို ထိန်းချုပ်လေ့ကျင့်မှု။ ဥပမာ – ကွက်လပ်ဖြည့်ခြင်း၊ လွပ်လပ်သည့်လေ့ကျင့်မှု role-play

**Blooom's skills level**

**၁။** တစ်ဦးတစ်ယောက် (သို့) နှစ်ယောက်တစ်တွဲ (သို့) အဖွဲ့လိုက်အား သင်တန်းကြီးကြပ်သူမှ အဆင့်လိုက်စီချပေးပါ။

**အဖြေများ –**
၁။ တန်ဖိုးဖြတ်ခြင်း။ (Evaluation)
၂။ လက်တွေ့လုပ်ဆောင်ခြင်း။ (Synthesis)
၃။ တင်ပြခြင်း။ (Application)
၄။ ခွဲခြမ်းစိတ်ဖြာခြင်း။ (Analysis)
၅။ တတ်သိနားလည်နိုင်မှု။ (Comprehension)
၆။ အသိပညာ။ (Knowledge)

၂။ သင်တန်းသားများသည် အဖြေကို ဇယားကွက်ပေါ်တွင် ပြန်လည်စစ်ဆေးပါ။ အတန်းလိုက်အဆင့်များ အကြောင်းကို ဆွေးနွေးပါ။ မေးခွန်းများကိုမေးပေးပါ။

- ဘယ်နှစ်ယောက် Bloom's ပုံစံ၏ အစီအစဉ်ချခြင်းကို အဖြေရရှိကြပါသနည်း။
- သင်လုပ်ထားသောအရာများ အဘယ်ကြောင့်ခြားနားကြပါသနည်း။ အဘယ်ကြောင့်နည်း။
- သင်မည်သို့ထင်မြင်ပါသနည်း။ သင်မြင်ပါသလား။ အဘယ်ကြောင်ဤကဲ့သို့အစီအစဉ်ရှိရပါသနည်း။

(တချို့သောပညာရေးပါရဂူများသည် ယင်းပုံစံများကို ပြုပြင်ပြောင်းလဲပေးလိုက်ပြီး အပေါ်ဆုံးတွင် တမူထူးခြားအောင် ဆန်းသစ်ထားပါသည်။ သင်တန်းသားများသည် ယင်းကဲ့သို့လုပ်ဆောင်အကြံပြုပါက၊ သူတို့အဖွဲ့၏လုပ်ဆောင်မှုသည် ကောင်းမွန်သည်ဟု မှတ်ယူပါ။)

**Bloom's ၏ ပညာရေးဆိုင်ရာရည်ရွယ်များ၏ ဖွဲ့စည်းတည်ဆောက်ပုံ**

မူလတန်းနှင့် အလယ်တန်းသင်ကြားမည့်သင်တန်းသားများသည် သင်ခန်းစာ (၄) တွင်ပေးထားသော ဖြည့်စွက်စာပိုဒ်ကို ဖတ်ပေးပါ။

## B. သင်ယူခြင်း

**၁။** သင်တန်းကြီးကြပ်သူ လက်ကိုင်စာအုပ်၏အဆုံးပိုင်း (စာမျက်နှာ ၇၈–၇၉) တွင် Cue card ကိုသုံးရသော လှုပ်ရှားမှုများပါရှိပါသည်။ (၄) ယောက် (သို့) (၅) ယောက် တစ်ဖွဲ့ပါသော အုပ်စုအတွက် (၁) စုံစီလုပ်ထား ပေးပါ။

၁။ မိမိတို့၏အဆင့်အတိုင်းတွင်ရှိသော ကဒ်ပြားများကိုမှာယူရပါမည်။

၂။ အလုပ်ကို အဆင့်အလိုက်စီပြီး ယှဉ်တွဲပေးပါ။

၃။ လှည့်လည်ကြည့်ရှုပြီး အလုပ်၏ရလဒ်အဖြေကိုကြည့်ပါ။

၄။ မိမိအဖွဲ့၏ရလဒ်သည် အခြားအဖွဲ့၏ရလဒ်နှင့်မတူလျှင် ရလဒ်မတူရသည့်အကြောင်းရင်းကို အချင်းချင်း ဆွေးနွေးစေပါ။

၅။ အဖွဲ့ဝင်အချင်းချင်း ရထားသောရလဒ်ကို (ပြောင်းလဲလိုသည်/မလိုသည်ကို) အချင်းချင်း ညှိနှိုင်းတိုင်ပင် ဆုံးဖြတ်ပါ။

**အဖြေများ** –

**ပြန်လည်လေ့လာသုံးသပ်ခြင်း** – ဖြစ်ရပ်မှန်ကိုအခြေခံခြင်း၊ အစီရင်ခံစာရေးခြင်း၊ အဖွင့်မေးခွန်း၊ ဆွေးနွေးခြင်း၊ စာစီစာကုံးရေးသားခြင်း။

**စုပေါင်းညှိနှိုင်းခြင်း** – စီမံကိန်းလုပ်ငန်းများ၊ ပြဿနာများကိုဖြေရှင်းခြင်း၊ ကျောင်းသားများ အကြောင်းအရာ တင်ပြခြင်း၊ ဖန်တီးရေးသားခြင်း၊ ပြဇာတ်တိုကဲ့သို့ သရုပ်ဆောင်ခြင်းနှင့် စကားရည်လုခြင်း။

**ခွဲခြမ်းစိတ်ဖြာခြင်း** – ဆွေးနွေးခြင်း၊ ရှာဖွေသိရှိခြင်း (survey) နှင့် ရလဒ်ကိုခွဲခြားစိတ်ဖြာခြင်း၊ အဆင့်ဆင့် လုပ်ရသောပုံစံကားချပ်များ၊ ကွန်ပြူတာနှင့် ရှာဖွေခြင်းများ။

**ပြန်လည်တင်ပြခြင်း** – ပုံစံဇယားကွက်များကိုဖန်တီးခြင်း၊ ကွန်ပြူတာနှင့် စာရိုက်ခြင်း၊ အဖွင့်မေးခွန်း၊ ကျောင်းသားများ မေးခွန်းကိုဖန်တီးခြင်း၊ သင်ကြားထားသောအရာများကိုမှီပြီး လက်တွေ့လုပ်ခြင်း၊ လေ့လာရေးခရီးကို သွားခြင်း၊ အင်္ဂလိပ်ဘာသာစကားဖြင့် သရုပ်ဖော်စကားပြောခြင်း။

**တတ်သိနားလည်နိုင်မှု** – နားလည်သဘောပေါက်မှုကိုဆန်းစစ်ခြင်း၊ အတိုချုံးခြင်း၊ ကျောင်းသားများ မေးခွန်း များကိုမေးခြင်း၊ ကျောင်းသားများ မှတ်စုရေးမှတ်ခြင်း၊ အပိတ်မေးခွန်းများ။

**အသိပညာ** – ဆရာက သင်ခန်းစာပို့ချခြင်း၊ ကြည့်ရှုလေ့လာခြင်း၊ ဆရာက ကျောက်သင်ပုန်းပေါ်တွင်ရေးချ ခြင်း၊ အလွတ်ရွတ်ဆိုခြင်း၊ အပိတ်မေးခွန်းများမေးခြင်း။

တချို့သောလှုပ်ရှားမှုများသည် အဆင့်လိုက်ကွဲပြားခြားနားကြသည်။ စာသင်ခန်းတွင် ဆရာအသုံးပြုလုပ်ဆောင်မှုအပေါ်တွင် မူတည်သည်။ စုပေါင်းညှိနှိုင်းမှု (Synthesis) အဆင့်မှ အထက် ဆွေးနွေးခြင်းကိုလုပ်နိုင်ပါသည်။ အဖွင့်မေးခွန်းများကိုမူ (Application) အဆင့်အထက်မှ သုံးနိုင်သည်။ စီမံကိန်းများ (project)၊ ရှာဖွေသိရှိခြင်း (survey) တို့သည် အဆင့်အမျိုးမျိုးတွင်ပါဝင်နိုင်သော်လည်း Analysis နှင့်အထက်တွင်သုံးပါက ပို၍သင့်လျော်ပါသည်။

**၂။** လုပ်ငန်းအမှတ် (၁) ကို အတန်းလိုက်အတူတူလုပ်ဆောင်ပြီး အောက်ပါအတိုင်းမေးပါ။

– အမှတ် (၁) အတွက် သင်ဘာလုပ်သနည်း။ (ကဒ်များကို ကြမ်းပေါ်တွင် အစဉ်လိုက်စီချထားပေးပါ။)

– ကဒ်များကို အစဉ်လိုက်မှန်ကန်စွာစီချနိုင်ရန် နည်းလမ်း (၆) မျိုးမှ မည်သည့်နည်းလမ်းကို သုံးခဲ့ပါသနည်း။ (အသိပညာနှင့်မှတ်မိခြင်း)

သင်တန်းသားများ မိမိတို့ဘာသာလုပ်ဆောင်ပါ။ အတန်းထဲတွင် လှည့်လည်ပြီးစစ်ဆေးပေးပါ။

၁။ အတန်းလိုက်အနေနှင့် ဆွေးနွေးပေးပါ။

၂။ သင်တန်းသားများသည် မိမိတို့လုပ်ဆောင်ထားသောလုပ်ရပ်များကို မိမိတို့ဘာသာ အမှတ်ပေးပါ။

**အဖြေများ**

– အဖွဲ့လိုက်အနေဖြင့် ခေါင်းစဉ်များကို စားပွဲပေါ်တွင်ဖြစ်စေ၊ ကြမ်းပြင်ပေါ်တွင်ဖြစ်စေ မှန်ကန်စွာစီချထား ပေးပါ။ *အသိပညာ (ပုံစံနမူနာကို မှတ်မိခြင်း)*

– အဖွဲ့လိုက်အနေဖြင့် မိမိတို့အလုပ်ကို ဥပမာနှင့်တကွ ဆွေးနွေးပါ။ အံဝင်ဂွင်ကျဖြစ်အောင်ညှိနှိုင်းပြီး မည်သို့လုပ်ရမည်ကို အဖွဲ့၏သဘောတူညီမှုရယူပါ။

– နားလည်သဘောပေါက်ခြင်းနှင့် ပြန်လည်တင်ပြခြင်း

– သင်တန်းသားအုပ်စုသည် အခြားအဖွဲ့လုပ်ဆောင်သောအလုပ်ကို လိုက်လံကြည့်ရှုရပါမည်။ *ခွဲခြမ်းစိတ်ဖြာခြင်း (နှိုင်းယှဉ်ခြင်းနှင့် ခြားနားမှုအဖြေများ)*

– အဘယ်ကြောင့် ထိုအဆင့်ဖြစ်အောင်လုပ်ဆောင်ခဲ့သည်ကို အခြားအဖွဲ့နှင့်ဆွေးနွေးပြီး အဖြေရှာပါ။ *(ခွဲခြမ်းစိတ်ဖြာခြင်း)*

– ယင်းလုပ်ရပ်များကို သင့်အနေနှင့် သဘောတူသည်/မတူသည်ကို ပြန်မေးပါ။ အဘယ့်ကြောင့်နည်းဆိုသည်ကို ဖြေပေးပါ။ *(ပြန်လည်သုံးသပ်ခြင်း – အဆင်မပြေသော အရာများကိုဆုံးဖြတ်ပေးရန်)*

**အဓိကအချက်** – *ဤလေ့ကျင့်ခန်းသည် သင်တန်းသားများအား ၎င်းတို့သင်ကြားခဲ့ရသောအရာများကို ပြန်စဉ်းစားရန်နှင့် ပုံသေနည်းများမှ လက်တွေ့သို့ ပြန်လည်ကျင့်သုံးတတ်ရန်။*

### C. သင်ခန်းစာအတွက် လုပ်ဆောင်မှုများကို ရေးသားခြင်း

**၁။** အကယ်၍ သင်တန်းသားသည် ကျောင်းဆရာဖြစ်နေသည်ဆိုပါက မိမိလက်ရှိစာသင်ကြားခြင်းတွင် လက်တွေ့ပြန်လည်ကျင့်သုံးနိုင်ပါသည်။

၁။ အခန်းတွင်လှည့်လည်ကြည့်ရှု့ပြီး သင်တန်းသားများ၏ နားလည်သဘောပေါက်မှုနှင့် ၎င်းတို့ရေးသားထားသောအရာများကို ကြည့်ရှု့လေ့လာပါ။

၂။ နှစ်ယောက်တစ်ဖွဲ့လုပ်ဆောင်သောအရာများကို နားထောင်ပေးပါ။ အကူအညီလိုအပ်လျှင် ကူညီပေးပါ။

၃။ လုပ်ဆောင်သောအရာများ အပြောင်းအလဲရှိခဲ့သော် သင်တန်းသားများ၏ တိုးတက်မှုအဆင့်ဆင့်ကို ဆန်းစစ်ပါ။

၄။ သင်တန်းသားများသည် သူတို့လုပ်ဆောင်ထားအရာများကို နံရံပေါ်တွင် တင်ထားစေပါ။ အချင်းချင်း လုပ်ဆောင်ထားသောအရာများကို လှည့်လည်ကြည့်ရှု့စေပါ။

အတန်းလိုက်အနေနှင့် အဆင့်တိုင်းတွင် ဥပမာ (၁) ခု (သို့) (၂) ခုခန့်ကို မေးပေးပါ။ လုပ်ဆောင်ထားသောအရာများသည် ပြန်လည်ဝေဖန်သောအချက်များနှင့် တိုက်ဆိုင်မှု ရှိ/မရှိကို မေးပေးပါ။ ၎င်းတို့၏လုပ်ဆောင်ချက်များ တိုးတက်လာစေရန် အကြံပေးပါ။ ထောက်ခံပေးပါ။

သူတို့ရေးထားသောအရာများကို ပြန်လေ့လာရန် စုဆောင်းထားပါ။ သင်တန်းသားများ နားလည်ပြီး ပြန်လည်လက်ခံကျင့်သုံးနိုင်မှု ရှိ/မရှိကို ဆန်းစစ်ပေးပါ။

**စစ်ဆေးရန်** – သင်တန်းသားများသည် မေးခွန်းများ၊ စာအရေးအသားများတွင် အဆင့်ဆင့်သော အတတ်ပညာများကို သုံးသွားပါသလား။

– ၎င်းတို့သုံးသွားသောနည်းလမ်းများသည် သူတို့သင်ကြားပေးနေသော အသက်အုပ်စု၊ ဘာသာရပ်၊ အဆင့်တို့နှင့် ကိုက်ညီမှုရှိပါသလား။

– လုပ်ဆောင်ထားသောအလုပ်များသည် ရှင်းလင်းမှုရှိပါသလား။ သင်အနေဖြင့် နားလည်ပါသလား။

**သင်တန်းသားများ၏လုပ်ဆောင်ချက်များကို ပြန်လည်ဝေဖန်ချက်များပေးပါ။**

**အဓိကအချက်များ –** အချင်းချင်းပြန်လည်ဝေဖန်ကြခြင်းဖြင့် တစ်ဦးလုပ်ဆောင်မှုအပေါ် တစ်ဦးက မိမိသဘောထားနှင့် အမြင်ကိုပြနိုင်သည်။ မိမိလုပ်ဆောင်ထားသောလုပ်ဆောင်ချက်များသည် အရာ ရောက်/မရောက်ကို ပြန်လည်လေ့လာခြင်း၊ တစ်ဦးနှင့်တစ်ဦး ဝေဖန်ပေးခြင်းအားဖြင့် အပြန်အလှန်ဆက်ဆံခြင်းရင်းနှီးမှုကို တိုးတက်လာစေနိုင်သည်။ ဤလုပ်ဆောင်ချက် (activities) သည် အချင်းချင်း၏လုပ်ရပ်များအတွက် ကောင်းသည်/မကောင်းသည် (peer assessment) ကိုသိရှိရန်အတွက် လမ်းကြောင်းပေးပါသည်။ (*သင်ခန်းစာ (၈) တွင် အချက်အလက်အစုံအလင်ကို တွေ့ရပါမည်။*)

### D. သင်ခန်းစာအတွက် လှုပ်ရှားမှုများ

၁။ အခန်း (၃) မှ ကောင်းသောလုပ်ဆောင်မှုများ (သို့) ကျောင်းသားကိုင်စာအုပ်မှ ဆင်အကြောင်းပါသော ဥပမာများကို သုံးပါ။ သင်တန်းသားများ၏ စိတ်ကူးနှင့်အကြံဉာဏ်များကို ကျောက်သင်ပုန်းပေါ်တွင်ရေးချပါ။ *Methods file G: Group-work method* တွင် *Brainstorm* နည်းကို လမ်းညွှန်အနေနှင့်လေ့လာပါ။

၂။ အလယ်တန်း (သို့) မူလတန်းအဆင့်ကို လက်ရှိသင်ကြားနေသော (သို့) သင်ရန်စိတ်ကူးသော သင်တန်းသားများသည် သင်ခန်းစာ အခန်း (၄) တွင် Additional reading ဟူသော ခေါင်းစဉ်တွင်လေ့လာပါ။

### E. မေးခွန်းများကိုသုံးခြင်း

*Methods file; B* တွင် အဖွင့်မေးခွန်းနှင့် အပိတ်မေးခွန်းများ (open and closed questions) ဟူသော ခေါင်းစဉ်ကို သင်တန်းသားများဖတ်ရန် အားပေးပါ။ အကယ်၍ သင်တန်းသားများသည် ဖေးမမှုကိုလိုအပ်သေးလျှင် သူတို့အား *supplementary activities C : Asking questions* ကို ကြည့်၍လုပ်ခိုင်းပါ။

၁။ (က) သင်တန်းသားများကို (၁) မိနစ်ခန့်အချိန်ပေးပြီး အဖြေကိုလေ့လာစေပါ။ ၎င်းတို့အထဲမှ တစ်ဦးဦးကဖြေကြားသည်အထိ စောင့်ဆိုင်းအချိန်ပေးပါ။ သူတို့ဖြေကြားသမျှသောအချက်များကို ကျောက်သင်ပုန်းပေါ်တွင်ရေးချပေးပါ။ မေးခွန်းများကိုလည်း သင်ဖြစ်နိုင်သလို အဖြေအမျိုးမျိုးရစေရန် မေးပေးပါ။

**ဖြစ်နိုင်ခြေအဖြေများ ။** ။ အချက်အလက်များအတွက် – ကျောင်းသားများနားလည်သဘောပေါက်မှုကို ဆန်းစစ်ရန်၊ ရှင်းလင်းချက်တစ်ခုခုကိုရရှိစေရန်၊ ခံစားချက်များကိုသိရှိရန်၊ သဘောထားများကိုသိရှိစေရန်၊ ပြဿနာ၏အဖြေကိုရှာရန် တစ်ခုခုသည် မည်သို့ဖြစ်ပျက်လုပ်ဆောင်သည်ကို နားလည်ရန်၊ စဉ်းစားတတ်ရန်၊ နည်းလမ်းသစ်ကိုရှာဖွေတတ်ရန် (အကယ်၍ဖြစ်ခဲ့သော် – စသည်ဖြင့်)၊ အကြောင်းအရာနှစ်ခုကို စေ့စပ်ဆက်သွယ်ပေးရန် မိမိပတ်ဝန်းကျင်နှင့်လောကကြောင်းကို ပိုမိုနားလည်ရန်၊ စသည်ဖြင့် ...

**အဓိကအချက်များ –** ခြားနားသောအဆင့်မှ ခြားနားသောစဉ်းစားခြင်းများကိုသိရန်အတွက် မေးခွန်းများကို မေးပေးခြင်းသည် လွန်စွာထိရောက်မှုကိုပေးပါသည်။

(ခ) သင်တန်းသားများအား မေးခွန်းများကိုဖတ်ရှု့စေပြီး ၎င်းတို့၏ တွေးခေါ်မှုအဆင့်ကို ဆုံးဖြတ်ပေးပါ။ သင်တန်းသားများကို သင့်သလို သဲလွန်စများဖော်ပြပေးပါ။

**အဖြေများ –**

***အသိပညာ၊ သဘောပေါက်နားလည်ခြင်း၊ ပြန်လည်အသုံးချတတ်ခြင်း။***

K – ဘတ်စ်ကားဂိတ်က ဘယ်မှာရှိသလဲ။

C – အဓိကအချက်တွေက ဘာလဲ။

A – graph က ဘာတွေပြောပြနေသလဲ။

***ခွဲခြမ်းစိတ်ဖြာခြင်း။***

ဒီရွေးကောက်ပွဲရဲ့အဖြေကို ဘယ်လိုထင်သလဲ။

ကမ္ဘာကြီးပူနွေးလာရတဲ့အကြောင်းရင်းက ဘာတွေကြောင့်လဲ။

***ပြန်လည်သုံးသပ်စစ်ဆေးခြင်း။***

S – ဘာ့ကြောင့် မိုးရွာသလဲ။ ကျွန်ုပ်တို့ စက်ဘီးစီးလို့ရပါသလား။

E – ဒီပြဿနာကို ဖြေရှင်းပေးနိုင်မည့်နည်းလမ်းက ဘာတွေလဲ။

၂။ တစ်ဦးတစ်ယောက်ချင်းဖြစ်စေ၊ နှစ်ယောက်တစ်တွဲဖြစ်စေ စာပိုဒ်ကိုဖတ်ပါ။ အဆုံးတွင် ကျောင်းသားများအား လေ့ကျင့်ခန်းကိုလုပ်စေပါ။ အတန်းသားများကို ဥပမာများရှာခိုင်းပါ။ အသိပညာနှင့်ယှဉ်သော မေးခွန်းများကို မေးပေးပါ။

*(ဥပမာ – ၁၉၅၀ ခုနှစ်ကတည်းက အင်ဒိုနီးရှားနိုင်ငံ၏ သစ်တောပြုန်းတီးမှုရာခိုင်နှုန်း မည်မျှရှိပါသနည်း။ နှစ်စဉ်နှစ်တိုင်း ဟက်တာမည်မျှခန့်သော သစ်တောကို ခုတ်လှဲပါသနည်း။)*

(က) သင်တန်းသားများသည် ဤမေးခွန်းအား မည်သည့်အဆင့်တွင်ရှိနေသည်ကို ဆုံးဖြတ်ခိုင်းပါ။

**အဖြေများ** – မေးခွန်း (၁) သုံးသပ်ခြင်းများကို အဖြေထုတ်ယူခြင်း။ (synthesis)
– မေးခွန်း (၂) ပြန်လည်သုံးသပ်ခြင်း။ (Evaluation)

(ခ) ကျောင်းသားများသည် အသိပညာ၊ နားလည်သဘောပေါက်ခြင်း၊ ပြန်လည်ကျင့်သုံးတတ်ခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်း စသည်တို့တွင်အခြေခံသော စာပိုဒ်များကိုမှီပြီး မေးခွန်းများကိုရေးခိုင်းပါ။ လိုအပ်သည်များကို ဖေးမနိုင်ရန်အတွက် အခန်းထဲတွင်လှည့်လည်ကြည့်ရှုပေးပါ။

**အခြားသောအကြံပေးချက်များ** ။ ။ မြန်မြန်ပြီးသော ကျောင်းသားများအား ခွဲခြားစိတ်ဖြာခြင်းနှင့် ပြန်သုံးသပ်ခြင်းဆိုသောအဆင့်ကိုမှီပြီး မေးခွန်းများကိုထပ်ရေးခိုင်းပါ။

*Methods file C : open and closed question for additional information* တို့ကို သင်တန်းသားများဖတ်ရန် တိုက်တွန်းအားပေးပါ။

**စောင့်ဆိုင်းခြင်းကိုအခြေခံပြီး မေးခွန်းများကိုမေးခြင်း**

**အဓိကအချက်** ။ ။ စောင့်ဆိုင်းခြင်းအချိန်တွင် မေးခွန်းမေးသည့်နည်းလမ်းများကိုလေ့ကျင့်ရန်

၃။ Activity ကိုမလုပ်မီ Methods file B: Why ask questions မှ အချက်အလက်များကို သင်တန်းသားများအား လေ့လာခိုင်းပါ။ သင်တန်းသားများအားလုံး စက်ဝိုင်းပုံစံမတ်တပ်ရပ်ပေးပါ။ (သို့မဟုတ်) နေရာမရှိလျှင် အခန်းထဲတွင် မိမိနေရာမှာသာထိုင်ပြီး အလှည့်ကျလုပ်ဆောင်ပါ။ မေးခွန်းများကို သရုပ်ပြပြီး မေးပေးပါ။ စောင့်ဆိုင်းပေးပါ။ ပြီးမှသာလျှင် ဖြေရမည့်သူကို ရွေးချယ်ပေးပါ။

- သင်တန်းသားအား ဝိုင်းအလယ်တွင်ရပ်စေပြီး သစ်တောအကြောင်းကို မေးပေးပါ။
- ဖြေရမည့်အဖြေကို ရွေးချယ်စေနိုင်ရန်အတွက် စောင့်ဆိုင်းခြင်းနည်းလမ်းကိုသုံးပေးပါ။
- တဖန်အလှည့်ကျသင်တန်းသားအား အဝိုင်း၏အလယ်တွင်ရပ်စေပြီး အခြားသင်တန်းသားအား မေးခွန်းများကိုမေးပါ။ စောင့်ဆိုင်းပါ။ ယင်းလေ့ကျင့်ခန်းကို ခပ်မြန်မြန်လုပ်ပေးပါ။
- အကယ်၍ အဖြေကို မြန်မြန်ဆန်ဆန်မဖြေဆိုလျှင် အားလုံးပျော်သွားတတ်သည်။ သို့သော် ယင်းကဲ့သို့လှုပ်ရှားမှုသည် အဖြေကို အဓိကထားသည်မဟုတ်။ မေးခွန်းမေးခြင်းနှင့် စောင့်ဆိုင်းနည်းကို လေ့ကျင့်ပေးခြင်းသာဖြစ်ပါသည်။

၄။ ကျောင်းသားများသည် နည်းလမ်း (၃) ခုကိုရွေးချယ်ကာ ထိုနည်းလမ်း၏အသုံးဝင်ပုံကို အားသန်ရာစကားလုံးဖြင့် ရှင်းလင်းဖော်ပြပေးပါ။

**F. လက်တွေ့လုပ်ဆောင်ခြင်း – ကြည့်ရှုလေ့လာခြင်း (၃)**

၁။ ဤလေ့လာခြင်းသည် ဇယားကိုအသုံးချပြီး သင်တန်းသားများသည် သင်ခန်းစာအမျိုးမျိုး၏သဘောကို အဆင့်ဆင့်သောစဉ်းစားခြင်းအတတ် (Level of thinking skills ) နှင့်ပူပေါင်းကာ ရှေးရှု့တတ်ရန်အတွက် အထောက်အကူပြုပါသည်။

၂။ ကြည့်ရှု့လေ့လာမှတ်သားပြီး ရရှိထားသောသင်ခန်းစာအချက်များကို ခွဲခြမ်းစိတ်ဖြာကာ မိမိတို့၏ စဉ်းစားခြင်းအတတ်အဆင့်ဆင့်ကို (Level of thinking skills ) ကို ပိုမိုတိုးမြှင့်ရန်ဖြစ်ပါသည်။

၃။ သင်တန်းသားများသည် သင်ခန်းစာကို ပြန်လည်လေ့လာသုံးသပ်ပြီး အတန်းသို့ ပြန်လည်တင်ပြပေးပါ။ လေ့လာတွေ့ရှိသောအရာများအားလုံးကို ဆွေးနွေးပေးပါ။

## G. အကျဉ်းချုပ်

ဤသင်ခန်းစာတွင် အဓိကအချက်လက်များ ပါဝင်ပါသည်။

## H. Assessment task

၁။ သင်တန်းသားများသည် အမှတ်စဉ် (C) မှ လုပ်ဆောင်ထားသောအရာများကို ရေးပါ။ ပိုမိုကောင်းမွန်အောင်လည်း ပြောင်းလဲသင့်လျှင် ပြောင်းလဲပါ။

**အမှတ်ပေးရန်အတွက် နည်းလမ်းပြခြင်း** ။ ။ (C) တွင်ပါရှိသော checklist အတိုင်း လုပ်ဆောင်ပါ။

- မေးခွန်း (သို့) လုပ်ဆောင်မှုအသုံးအနှုန်းများကို အဆင့်အတိုင်းသုံးသွားပါသလား။
- လုပ်ဆောင်မှုများသည် သူတို့သင်ကြားပေးမည့် အသက်အရွယ်၊ ဘာသာရပ်၊ အဆင့်များနှင့် သင့်လျော်ကိုက်ညီပါသလား။
- လုပ်ဆောင်မှုများသည် ရှင်းလင်းမှုရှိပါသလား။ သင့်အနေဖြင့်လည်း နားလည်ပါသလား။

အခန်း C အတွက် ပြန်လည်ဝေဖန်မှုပေးသောအချိန်တွင် အကြံဉာဏ်ပေးထားသည့်ကျောင်းသားများ တိုးတက်ပြောင်းလဲမှု ရှိ/မရှိကို ဆန်းစစ်လေ့လာပေးပါ။

၂။ သင်တန်းသားများသည် သူတို့လုပ်ဆောင်ထားသောလုပ်ဆောင်ချက်များ (tasks) ကို ကျောင်းသားများ လုပ်ဆောင်နိုင်ရန်အတွက် Learning activities ကို အချက် (၂) ချက်ခန့် ဖန်တီးပေးပါ။

**အမှတ်ပေးခြင်းအတွက် လမ်းညွှန်မှု –**

- သင်တန်းသားအနေဖြင့် သင်ကြားပေးရမည့်နည်းစနစ်ကို အတိအကျလိုက်နာရန်လိုအပ်သည်။
- လှုပ်ရှားမှုရှိသော စာသင်နည်းလမ်း (Active leaning method) ကို သုံးပေးပါ။ နှစ်ယောက်တစ်တွဲ၊ အဖွဲ့လိုက်၊ အတန်းလိုက်ဆွေးနွေးမှု၊ စသည်တို့အပြင် သိသည့်အရာများကို ထုတ်ဖော်ပြောစေသောနည်း (Brainstorm) တစ်ဦးနှင့်တစ်ဦး သင်ကြားပေးခြင်း၊ ဇယားကွက်များနှင့် ဖွဲ့စည်းစီမံခြင်း (Organizer)
- သင်ကြားမှုတွင် ဆရာအနေနှင့် လမ်းပြသူ၊ စီမံခန့်ခွဲသူအဖြစ်နှင့် မိမိလုပ်ဆောင်ရမည့်ကဏ္ဍကို ရှင်းလင်းစွာသိရှိခြင်း။

အဖြေများသည် ရှည်လျားရှုပ်ထွေးခြင်းမဖြစ်စေရန် သတိပြုပါ။ ကျောင်းသားတို့၏အတွေ့အကြုံများကို ဝေဖန်ပေးပါ။

# သင်ခန်းစာ (၅)
# အုပ်စုလိုက်လုပ်ဆောင်ခြင်း
**Group Work**

## A. အုပ်စုလိုက် ကြိုးပမ်းလုပ်ဆောင်ခြင်း

**၁။** ကျောက်သင်ပုန်းပေါ်တွင် (သို့) စာရွက်ပေါ်တွင် ဇယားကွက်ဆွဲပါ။ မည်သည့်အဖွဲ့ ဖွဲ့နည်းများကို သုံးသွားသည်ကို မေးပေးပါ။ သင်တန်းသားတို့၏အဖြေများကို ရေးချပေးပါ။ အဖြေများမှာ သင်တန်းကြီးကြပ်သူပေးသော လုပ်ရှားမှု (Group Work) အစီအစဉ်ပေါ်တွင် မူတည်နေပါသည်။ အကယ်၍ သင်တန်းသားများသည်လှုပ်ရှားမှုများကို လုပ်ဆောင်ရန်အတွက် အကြံဉာဏ်များမရမှသာလျှင် အောက်တွင်ပေးထားသောဥပမာကို အသုံးပြုပါ။

**ဖြစ်နိုင်ချေရှိသောအဖြေများ** –

| အုပ်စုဖွဲ့ခြင်း | အသုံးပြုပြီး | ဥပမာများ |
|---|---|---|
| တစ်ဦးချင်းစီ | ✔ | သင်ခန်းစာ (၂) – သင်ကြားနည်းပုံစံ မေးခွန်းလွှာများ။<br>သင်ခန်းစာ (၄) – ရောထွေးညှိနှိုင်း ယှဉ်တွဲခြင်း။<br>သင်ခန်းစာ (၅) – မေးခွန်းများကို ဖန်တီးခြင်း။ |
| နှစ်ယောက်တစ်တွဲ | ✔ | သင်ခန်းစာ (၃) – Case studies တွင် ပါဝင်မှု။<br>သင်ခန်းစာ (၄) – သင်တန်းသားအချင်းချင်း သုံးသပ်မှု။ |
| အုပ်စုငယ်<br>(၃ – ၄ ဦး) | ✔ | သင်ခန်းစာ (၃) နှင့် (၄) မှ Word-cards လေ့ကျင့်ခန်း။<br>သင်ခန်းစာ (၃) – ပါဝင်လှုံ့ဆော်မှုကို ဖန်တီးပေးနိုင်သောလုပ်ဆောင်မှုများကိုလည်း ကြိုတင်ပြင်ဆင်ပေးခြင်း။ |
| အုပ်စုကြီး<br>(၅ ဦးနှင့် အထက်) | ✔ | သင်ခန်းစာ (၂) – တက်ကြွပါဝင်မှုရှိသော ကျောင်းသားများနှင့် တက်ကြွမှုမရှိသော ကျောင်းသားများတို့၏ သရုပ်ပြမှု။ |
| စာသင်ခန်းတစ်ခုလုံး | ✔ | ခေါင်းစဉ်ကို မိတ်ဆက်ပေးခြင်းနှင့် ဆရာကပို့ချခြင်း။<br>ပြန်လည်တင်ပြခြင်းနှင့် တတန်းလုံးတွင် ဆွေးနွေးခြင်း။ *(ဥပမာ – တစ်ဦးနှင့်တစ်ဦး သင်ကြားပေးခြင်း။)*<br>သင်ခန်းစာ (၄) – မေးခွန်းများမေးစဉ်တွင် စောင့်ဆိုင်းခြင်းကို လက်တွေ့လုပ်ဆောင်ခြင်း။ |

**၂။** ဇယားကွက် နောက်တစ်ခုကိုပြန်ဆွဲပါ။ (နောက်စာမျက်နှာတစ်ရွက်) ကျောက်သင်ပုန်း (သို့) စာရွက်ကြီးများပေါ်တွင် ဆွဲချပေးပါ။ အုပ်စုလိုက်လုပ်ဆောင်သောလုပ်ရပ်များသည် သင်ကြားမှုနည်းလမ်းများထဲတွင် အလွန်ကောင်းမွန်သည်ကို ကျောင်းသားများအား ပြောပြပေးပါ။ မည်သို့ပင်ဖြစ်စေ စာသင်နည်းအမျိုးမျိုးရှိသလို ယင်းတို့တွင် ကောင်းကျိုး/ဆိုးကျိုး ကိုယ်စီရှိကြပါသည်။

အတန်းလိုက် တစ်ဦးချင်းလုပ်ဆောင်မှု၏ ကောင်းကျိုးနှင့် ဆိုးကျိုးကို ဆွေးနွေးပြီး၊ သင်တန်းသားများ၏ အကြံဉာဏ်များကို ဇယားကွက်ပေါ်တွင် ရေးချပေးပါ။

၃။ အတန်းအား အဖွဲ့ (၃ – ၄) ဖွဲ့ခန့် ဖွဲ့ပြီး ဇယားကွက်ပေါ်တွင် ညွှန်ကြားထားသည့်အရာများကို ပြီးအောင် လုပ်ဆောင်စေပါ။
သင်ခန်းစာ တစ်ခန်းအတွက်လုပ်ဆောင်ပြီးသောအရာများကို ဇယားကွက်ပေါ်တွင် ပြန်လည်တင်ပြပေးပါ။ မိမိစိတ်ဝင်စားသောခေါင်းစဉ်ကို ဆွေးနွေးစေပါ။ သင်တန်းသားများသည် လုပ်ဆောင်မှုများ၏ ကောင်းကျိုး/ ဆိုးကျိုးများကိုလည်း မှတ်တမ်းတင်ထားပေးပါ။

**ဖြစ်နိုင်ချေရှိသောအဖြေများ –**

| **အဖွဲ့များ** | **ကောင်းကျိုးများ** | **ဆိုးကျိုးများ** |
|---|---|---|
| **တစ်ဦး တစ်ယောက်ချင်း** | – ရေးသားရာအတွက် ကောင်းသည်။<br>– တန်ပြန်လှုပ်ရှားမှုအတွက် ကောင်းသည်။<br>– ကျောင်းသားအားလုံးပါဝင်နိုင်ရန်အတွက် သေချာစေပါသည်။ | အကြံဉာဏ်များကို ဖလှယ်ခြင်းမပြုလုပ်ရပေ။ ပြီးလျှင် တစ်ဦးနှင့်တစ်ဦးလည်း သင်ကြားပေးခြင်း မပြုလုပ်နိုင်ပေ။ |
| **နှစ်ယောက်တစ်တွဲ** | – လူတိုင်းပါဝင်မှု ရှိစေပါသည်။<br>– ခေါင်းစဉ်နှင့်ပတ်သက်ပြီး လူတိုင်းတွေးခေါ်နိုင်သည်။<br>– အတွေးအခေါ်များကိုလည်း ဖလှယ်နိုင်ပြီး တိုးတက်စေပါသည်။ | Feedback ကို လူတိုင်းဆီမှ မရရှိနိုင်သောကြောင့် သင်ခန်းစာကို အကျဉ်းချုံးခြင်းအားဖြင့်လည်းကောင်း၊ အမြဲတမ်းပြန်လည်စစ်ဆေးပေးရသည်။ |
| **အဖွဲ့ငယ် (၃ – ၄ ဦး)** | – သင်ကြားခြင်းနှင့်ဆွေးနွေးခြင်းအတွက် ကောင်းသောကြိုတင်ပြင်ဆင်မှုများကိုလုပ်နိုင်ခြင်း။<br>– ကျောင်းသားများသည် အဖြေများကိုနှိုင်းယှဉ်နိုင်ခြင်း။<br>– အဖွဲ့လိုက်ဖြေခြင်းအားဖြင့် တစ်ဦးတစ်ယောက်ခြင်းစီ၏အမှားများမှာ မပေါ်လွင်စေပါ။ | တချို့သောကျောင်းသားများသည် ပါဝင်မှုမရှိပဲ အခြားကျောင်းသားများကိုသာလုပ်ဆောင်စေပါသည်။ ဆရာများမှာ ကြီးကြပ်ဖို့ရန်လိုပါသည်။ |
| **အဖွဲ့ကြီး (၅ ဦးနှင့် အထက်)** | အမျိုးမျိုးလုပ်ဆောင်ရသောအလုပ်များရှိလျှင် အုပ်စုငယ်လိုက်ခွဲပြီး မိမိတို့အားသန်ရာ၊ အားမသန်ရာတို့နှင့်အညီ ခွဲပြီးလုပ် ဆောင်သောကြောင့် အဆင်ပြေပါသည်။<br>Case studies – ကွင်းဆင်းလေ့လာခြင်း၊ အခက်အခဲများကိုဖြေရှင်းခြင်း၊ လက်တွေ့လုပ်ဆောင်မှုများကိုမှီပြီး လုပ်ဆောင်ရသောသင်ယူမှုများကိုလုပ်ဆောင်ရာတွင် အသုံးဝင်သည်။ | ကျောင်းသားများ တတန်းလုံးပါဝင်လုပ်ဆောင်ပြီး ဆွေးနွေးမှုတွင် ပါဝင်နိုင်မှုအတွက်သိပ်ပြီးမလွယ်ကူလှပေ။ |
| **တတန်းလုံး** | အကြောင်းအရာများကို တတန်းလုံးအား တချိန်တည်းတွင်ကြားစေချင်သည့်အခါတွင် ကောင်းပါသည်။ ပြန်လည်ဝေဖန်ခြင်းကိုလုပ်ရန်အခြေအနေကို ဖန်တီးပေးပါသည်။ ကျောင်းသားဦးရေအများရှေ့တွင် စကားပြောရန် မိမိကိုယ်ကို ယုံကြည်မှုများရှိလာခြင်း။ အကျဉ်းချုံးအားဖြင့် ဆရာသည်လည်း မည်သည့်အချက်မှ ကျန်လုပ်ခြင်းမရှိအောင် လုပ်ဆောင်နိုင်ခြင်း။ | ကျောင်းသားအနည်းငယ်ခန့်သာ ထည့်သွင်းပါဝင်မှုရှိနိုင်ပြီး ပိုသွက်လက်သော ကျောင်းသားများသည်လည်း စာသင်ခန်းကိုချုပ်ကိုင်ထားကြပါသည်။ |

၄။ မေးခွန်းများကို အတန်းအနေနှင့် ဆွေးနွေးပေးပါ။

**B. အဖွဲ့လိုက်ကြိုးပမ်းလုပ်ဆောင်ရမည့်အလုပ်ကိုစီမံခန့်ခွဲခြင်း။**

**သင်ခန်းစာ၏အဓိကအချက်** – ဆရာများသည် စနစ်ကျစွာဖန်တီးတတ်ရန် စဉ်းစားတွေးတောဖို့လိုသည်။ တစ်ဆင့်ပြီးတစ်ဆင့် စီမံဖွဲ့စည်းခြင်းသည် အထက်ပါခေါင်းစဉ်အတွက် ကောင်းသောသာဓကတစ်ရပ်ဖြစ်သည်။ အချက်အလက်များ ပိုမိုပြည့်စုံစေရန် *Methods file D. charts and organizers* ကိုလေ့လာပါ။

၁။ သင်တန်းကြီးကြပ်သူ၏ လက်ကိုင်စာအုပ်နောက်ဆုံးပိုင်း စာမျက်နှာ (၁၀၀) တွင် cue cards နှင့်ဆိုင်သည့် လုပ်ဆောင်လှုပ်ရှားမှုများ ပါဝင်သည်။ အဖွဲ့ (၃) ဖွဲ့အတွက် မိတ္တူကူးပေးပါ။ အချက်အလက်များကို အဖွဲ့သားများက အစဉ်လိုက်စီချပေးပါ။

၂။ အဖွဲ့သားများသည် အချက်အလက်များကို အမျိုးအစားလိုက်စီချပေးပြီး၊ မည်သည့်အမျိုးအစားများကိုသုံးသွားမည်ကို အဖွဲ့သားများကဆုံးဖြတ်ပေးပါ။ အကယ်၍ ရွေးချယ်ဆုံးဖြတ်ရန်အခက်အခဲရှိနေလျှင် အောက်တွင်ပေးထားသောအကြံပေးချက်များမှ တစ်ခုကိုပေးပေးပါ။ မိမိရွေးထားသော အမျိုးအစားများကို အဖွဲ့သားများက ဇယားဆွဲပေးပါ။

**ဖြစ်နိုင်ချေရှိသော အဖြေများ** – ***ကြိုတင်ပြင်ဆင်စီမံခြင်း*** – မိမိ၏ကျောင်းသားများအား မည်သည့်အရာကို သင်ကြားသွားစေချင်သည်ကို လေ့လာသိရှိခြင်း၊ သင်ခန်းစာများကို ကြိုတင်ပြင်ဆင်ခြင်း၊ အဖွဲ့သားများက မိမိလုပ်ဆောင်ထားသောအရာများကို မည်သို့ပြန်လည်တင်ပြမည်ကို သိရှိခြင်း၊ သင်ထောက်ကူပစ္စည်းများကို ကြိုတင်ပြင်ဆင်ရှာဖွေထားခြင်း။

***လုပ်ဆောင်ရမည့်အရာများကို အစီအစဉ်ချပေးခြင်း*** – ကျောင်းသားများအား အဖွဲ့ဖွဲ့စေခြင်း၊ လုပ်ဆောင်ရမည့်အချက်များကို တစ်ဆင့်ပြီးတစ်ဆင့် ညွှန်ကြားရှင်းပြခြင်း၊ ဥပမာများကိုပေးခြင်း၊ မရှင်းသည့်အရာများကို မေးစရာများရှိ/မရှိကိုမေးခြင်း၊ အချိန်အကန့်အသတ်များကိုထားပေးခြင်း၊စသည်ဖြင့် ....

***လုပ်ဆောင်စရာများကိုလုပ်ဆောင်စဉ်တွင်*** – အဖွဲ့တိုင်းဆီသို့လှည့်လည်ပြီး သူတို့ မည်မျှနားလည်သဘောပေါက်သည်၊ လုပ်ဆောင်မှုများ မည်မျှကောင်းမွန်တိုးတက်လာသည် ။ အကယ်၍ ကျောင်းသားများ မရှင်းသည့်အရာများရှိခဲ့သော် လိုအပ်သလိုအကြံဉာဏ်များပေးပါ။

***ပြန်လည်တင်ပြခြင်း*** – လုပ်ဆောင်ထားသောအချက်အလက်များကို ပြန်လည်တင်ပြရန်အတွက် စီမံခြင်း၊ သင်ထားသောအရာများများကို ပြန်လည်အကျဉ်းချုံးတင်ပြခြင်း၊ ကျန်ခဲ့သည့်အချက်များကို ပြန်လည်ဖြည့်ဆည်းပေးခြင်း၊ ကျောင်းသားများသည်လည်း သင်ကြားထားသည့် အရေးကြီးသည့်အချက်များကို မှတ်စုရေးမှတ်ခြင်း။

၃။ သင်တန်းသားများသည် အတန်းတွင်းလှည့်လည်ပြီး အချင်းချင်းလုပ်ဆောင်ထားသော လုပ်ဆောင်မှုများကို လေ့လာကာ၊ ယင်းကိုမှီပြီး မိမိတို့လုပ်ဆောင်ထားသောအရာများကိုလည်း ပြန်လည်တိုးတက်ကောင်းမွန်လာအောင် လုပ်ဆောင်ပေးပါ။

၄။ အတန်းလိုက်အနေနှင့် မေးခွန်းများကို ဆွေးနွေးပေးပါ။

## C. အုပ်စုကိုဖွဲ့ခြင်း

၁။ အောက်ပါအခြေအနေများအတွက် သင်တန်းသားများသည် နှစ်ယောက်တစ်တွဲဖွဲ့ပြီး အကောင်းဆုံးသော အုပ်စုဖွဲ့စည်းခြင်းများကို ဆုံးဖြတ်ပေးပါ။ ပေးထားသောအချိန်အတိုင်း အတွဲလိုက်အခြေအနေအားလုံးကိုလုပ်ဆောင်စေပါ။ (သို့မဟုတ်) တစ်ဖွဲ့ကို အခြေအနေတစ်ခုစီကိုလုပ်ဆောင်စေပါ။ အတွဲလိုက်လုပ်ဆောင်ထားသောအခြေအနေများမှ တစ်ခုကိုသာ ပြန်လည်တင်ပြပေးပါ။ အကြံဉာဏ်များကို အခြားအဖွဲ့မှ တောင်းခံပေးပါ။

**ဖြစ်နိုင်ချေရှိသော အဖြေများ**

၁။ အတွဲ a နှင့် b သည် မိမိ၏လုပ်ရပ်အတွက် ယုံကြည်မှုကိုဖန်တီးပေးလာသည်။ အဖွဲ့ငယ် e နှင့် h သည်လည်း တစ်တန်းလုံးဆွေးနွေးခြင်း၏အရှေ့တွင် အကြံဉာဏ်များကိုရရှိ ဖန်တီးပေးလာနိုင်သည်။

၂။ အတွဲ a နှင့် b ယုံကြည်စိတ်ချမှုရှိလာခြင်း။ အဖွဲ့ငယ် b နှင့် i ၊ ခြားနားသောတာဝန်များကို ခွဲခြားလုပ်ကိုင်ခြင်း။ h နှင့် i အားသာမှုရှိသောသူမှ အားနည်းသူကို ဖေးမနိုင်ခြင်း။

၃။ အတွဲ b နှင့် c အဖွဲ့တွင်းရင်းနှီးမှု ပိုလာနိုင်သည်။ အဖွဲ့ငယ် f နှင့် g ကျောင်းသားများ အဖွဲ့သားအသစ်နှင့်အတူတကွလုပ်ဆောင်ခြင်း။

၄။ အတွဲ a နှင့် d ယုံကြည်မှုရှိလာခြင်း။ အဖွဲ့ h နှင့် j အားသာသောကျောင်းသားများကို အတူတဖွဲ့ဖွဲ့ထားခြင်း။ j အချင်းချင်း အပြန်အလှန်သင်ကြားမှု၊ ပြန်လည်တင်ပြရာတွင် အားသာသောကျောင်းသားတစ်ဦးသာလျှင် အုပ်စီးမှုမပြုနိုင်ပါ။

၅။ အတွဲ a (၁) မိနစ်၊ (၂) မိနစ်၊ အဖွဲ့ j အဖွဲ့အတွင်း တာဝန်များခွဲဝေလုပ်ကိုင်စေခြင်းအားဖြင့် အချိန်ကုန်သက်သာစေပါသည်။ တာဝန်များ ကွဲပြားခြားနားနိုင်သည့်အပြင် h ဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ပါသည်။

၆။ အတွဲ b, c နှင့် b ကျောင်းသားအချင်းချင်း ပူးပေါင်းဆောင်ရွက်တတ်ခြင်း။ အဖွဲ့ f, g အတန်းပေါင်းခြင်း။

၇။ အတွဲ b နှင့် c ကျောင်းသားများ အခြားသူများနှင့်လုပ်ဆောင်တတ်ခြင်း။ အဖွဲ့ h အားသာသောကျောင်းသားများမှ အတူတကွ ပူးပေါင်းပြီး ပိုမိုခက်ခဲသောအလုပ်များကို လုပ်ဆောင်ခြင်း။

၈။ အတွဲ b နှင့် b အခြားသူနှင့်တကွ လုပ်ဆောင်ခြင်း။ အဖွဲ့ b နှင့် b အတန်းများ ပူးပေါင်းစေခြင်း။

၂။ (၂) ဦးတစ်ဖွဲ့ဖွဲ့ပြီး အဖွဲ့ဖြင့်လုပ်ဆောင်ခြင်းသည် အမှန် အသုံးဝင်မှု ရှိ/မရှိ အချက်အလက်များရေးချစေပါ။

## D. အဖွဲ့လိုက်လုပ်ဆောင်သောအလုပ်ကို ပြန်လည်တင်ပြခြင်း

**၁။** အတန်းလိုက်နေနှင့် ပြန်လည်တင်ပြခြင်းကိုလုပ်ဆောင်ခြင်းနှင့် ဆိုင်သောမေးခွန်း (၂) ခုကို ဆွေးနွေးပေးပါ။

**ဖြစ်နိုင်ခြေသောအဖြေများ** – ၁။ အဖွဲ့လိုက်လုပ်ဆောင်သင်ကြားခြင်းနှင့် အကြံဉာဏ်များကို ဖလှယ်ပေးပါ။
၂။ အကြံဉာဏ်များကို ဖွဲ့စည်းတည်ဆောက်ခြင်း၊ အကျဉ်းချုံးခြင်းနှင့် ပြန်လည်တင်ပြခြင်းအတတ်များ။

**၂။** အတန်းကို အဖွဲ့ (၆) ဖွဲ့ခန့် ခွဲပေးပါ။ အဖွဲ့တိုင်းသည် ညွှန်ပြချက်နှင့်ပြည့်စုံသော ခေါင်းစဉ်တစ်ခုစီရှိစေပါ။ ခေါင်းစဉ်တိုင်းသည်လည်း အစီစဉ်အလိုက်ရှိစေပါ။

(၁) Brain storm(သိသည့်အရာများကိုရှာရှာဖွေဖွေပြောစေခြင်း) သင်တန်းသားများသည် ခေါင်းစဉ်နှင့်ပတ်သက်ပြီး မည်မျှသိရှိပါသနည်းကိုလေ့လာပါ။

(၂) ပိုမိုပြီး ရှာဖွေပေးပါ။ နောက်စာမျက်နှာတွင်ပါသောအချက်များကို သင်တန်းသားများ ကိုးကားပေးပါ။ (သို့မဟုတ်) *The methods file for additional information* ကိုလေ့လာပါ။

(၃) အဓိကအချက်များကိုလည်း အကျဉ်းချုံးပေးပါ။

(၄) သေချာတိကျသော ပြန်လည်တင်ပြခြင်းနည်းလမ်းကိုသုံးပြီး ပြန်လည်တင်ပြရန်အတွက် ပြင်ဆင်ပေးပါ။ သင်တန်းသားများသည်လည်း *The method file for idea* တွင် လေ့လာပေးပါ။

အုပ်စုလိုက် ပြန်လည်၍တင်ပြပေးပါ။

**ဖြစ်နိုင်ခြေရှိသောအဖြေများ –**

ခေါင်းစဉ် (၁) – ပြန်လည်တင်ပြခြင်းကိုပြသောခေါင်းစဉ်ကို လေ့လာပါ။ Why report back (SBp 32);

ခေါင်းစဉ် (၂) – ပြန်လည်တင်ပြခြင်းကိုပြသောခေါင်းစဉ်ကို လေ့လာပါ။
What is good reporting back (SBp 32);

ခေါင်းစဉ် (၃) – Methods file A; Teacher explanation ခေါင်းစဉ်ကို လေ့လာပါ။

ခေါင်းစဉ် (၄) – Methods file D; Charts and organizers ခေါင်းစဉ်ကို လေ့လာပါ။

ခေါင်းစဉ် (၅) – Methods file E; Active methods ခေါင်းစဉ်ကို လေ့လာပါ။

ခေါင်းစဉ် (၆) – ပြန်လည်တင်ပြခြင်းဆိုသောခေါင်းစဉ်မှ Role of teacher (SB p 32) ကိုလေ့လာပါ။

**ပြန်လည်တင်ပြခြင်း၏နည်းလမ်းများ** – သင်တန်းလေ့လာသူများ အကြံပေးထားသည့်အတိုင်း ပြန်လည်တင်ပြခြင်းများကို လုပ်ဆောင်ပါသလား။

ခေါင်းစဉ် (၁) – မေးခွန်းများကိုမေးသောနည်းလမ်းများ Questioning techniques *(Methods file B)*

ခေါင်းစဉ် (၂) – ပုံစံကားချပ်များ။ *(Methods file B)*

ခေါင်းစဉ် (၃) – အမြင်ဆိုင်ရာနည်းလမ်းများ။ *(Methods file D)*

ခေါင်းစဉ် (၄) – နှုတ်ဖြင့်ပြန်လည်တင်ပြခြင်း။ *(Methods file A)*

ခေါင်းစဉ် (၅) – လှုပ်ရှားသက်ဝင်သော စာသင်နည်း။ *(Methods file E)*

ခေါင်းစဉ် (၆) – လုပ်ဆောင်မှုကိုပြသော ဇယားကွက်များ၊ ပုံစံကားချပ်များ။ *(Methods file D)*

**၃။** သင်တန်းသားများသည် မိမိတို့သရုပ်ဆောင်ခဲ့သော ပြန်လည်တင်ပြခြင်းနှင့်ပတ်သက်သော ပြဇာတ်တိုများကို ပြန်စဉ်းစားပါ။ အကယ်၍ တစ်ဖွဲ့တည်းကသာ ဒိုင်ခံစကားပြော၍ဦးဆောင်လုပ်နေပါက အခြားသော အဖွဲ့များကိုပါဝင်မှုရှိစေရန် လမ်းခင်းအားပေးပါ။ သို့သော် ထိုအဖွဲ့က လုပ်ဆောင်ဖို့ရန် ငြင်းဆိုနေပါက နောက်အလှည့်တွင် စကားပြောဦးဆောင်သူလုပ်ရန်အတွက် ပြင်ဆင်စေပါ။

**ပြန်လည်တင်ပြခြင်းအတွက် မှုကြမ်းများ**

## E. အဖွဲ့လိုက်လုပ်ဆောင်သောလှုပ်ရှားမှုအတွက် ပုံစံဆွဲခြင်း

၁။ (၃ – ၅) ယောက်ခန့်ရှိသော သင်တန်းသားများကို အဖွဲ့လိုက်ဖွဲ့စေပြီး activities အတွက် ပုံစံဆွဲပေးပါ။ ထိုရေးဆွဲနေသော activities သည် (၅ – ၁၀) မိနစ်ခန့်သာကြာစေပါ။ အကြံဉာဏ်နှင့်သာဓကများကိုမူ ယခု သင်ခန်းစာနှင့် ပြီးခဲ့သောသင်ခန်းစာမှ ကိုးကားပြီးယူပါ။

လုပ်ဆောင်ရမည့် activities မှာ အောက်ပါအချက်များနှင့်ကိုက်ညီရပါမည်။

- သင်ခန်းစာနှင့် ကိုက်ညီစေရပါမည်။
- ကောင်းမွန်စွာ ကြိုတင်ပြင်ဆင်ထားရပါမည်။
- လုပ်ဆောင်ချက်များကို ပြန်လည်တင်ပြခြင်းနည်းလမ်းများလည်း ပါရှိရပါမည်။

၂။ မိမိတို့လုပ်ဆောင်ထားသော activities ကို အတန်းထဲတွင် ပြန်၍သင်ပြပေးပါ။

၃။ မည့်သည့်အဖွဲ့သည် သင်ခန်းစာနှင့်အကိုက်ညီဆုံးသောပြင်ဆင်ချက်အားလုပ်ဆောင်ခဲ့သည်ကို မဲပေးဆုံးဖြတ်ခိုင်းပါ။

## F. လက်တွေ့အလုပ် – ကြည့်ရှုလေ့လာခြင်း (၄)

၁။ လက်တွေ့လုပ်ဆောင်ခြင်းနှင့်ပတ်သက်သောလမ်းညွှန်ကို သင်ခန်းစာ၏နိဒါန်းတွင်ကြည့်ပါ။ ယင်းလေ့လာကြည့်ရှုခြင်းတွင် သင်တန်းသားများသည် သင်ခန်းစာ၏အားသာချက်နှင့် အားနည်းချက်များကို မြင်တွေ့သိရှိနိုင်ရန်ရန်အတွက် ဇယားကွက်ကို အသုံးပြုထားပါသည်။

၂။ လေ့လာကြည့်ရှုခြင်းအပြီးတွင် သင်တန်းသားများသည် သင်ခန်းစာကို ခွဲခြမ်းစိတ်ဖြာပြီး *checklist* များကို လုပ်ဆောင်လေ့ကျင့်ပေးပါ။

သင်တန်းသားများ *good practice list* နှင့်ဆိုင်သောအချက်အလက်များ (၅ –၆) ချက်ရှိရပါမည်။ သင်တန်းသားများသည် မိမိတို့လုပ်ဆောင်ထားသော လေ့လာကြည့်ရှုခြင်းများ ကောင်းသည်/မကောင်းသည်ကို သိရှိရန်အတွက် good practice list များရှိရပါမည်။

မိမိတို့လေ့လာထားသောအရာများကို ပြန်လည်တင်ပြပေးရပါမည်။ အတန်းလိုက်ဆွေးနွေးမှုများကိုလည်း လုပ်ဆောင်ပေးပါ။

**ဖြစ်နိုင်ခြေရှိသောအဖြေများ**

- ကောင်းမွန်စွာစီစဉ်ထားသော သင်ခန်းစာများ။
- ရှင်းလင်းသော သင်ခန်းစာများ၊
- ကျောင်းသားများအားလုံးတက်ကြွစွာ လှုံ့ဆော်ပါဝင်စေခြင်း။
- သင်ခန်းစာအထောက်အကူပြု လှုပ်ရှားမှုများစွာပါဝင်စေခြင်း။
- အချို့သောသင်ခန်းစာ Activities များတွင် အဆင့်မြင့်သောစဉ်းစားနည်းများ ပါဝင်စေခြင်း။
- နှစ်ယောက်တစ်ဖွဲ့ဖြင့် အုပ်စုလိုက်လုပ်ဆောင်ခြင်းများကို သင်ကြားရာတွင် အသုံးပြုခြင်း။
- ဆရာသည် အခန်းတွင်းတွင်လှည့်လည်ကြည့်ရှုပြီး ကျောင်းသားများ လိုအပ်သည်များကို ဖေးမကူညီပေးခြင်း။
- ကျောင်းသားများ အကြားအမြင်နှင့်လက်တွေ့သင်ယူရာတွင် အားသန်သောကဏ္ဍကိုပံ့ပိုးပေးသော သင်ကြားမှု။
- တော်သောကျောင်းသားနှင့် အားနည်းသောအကျောင်းသားများကို သင့်သလို ဖေးမပေးသော စာသင်နည်းလမ်းများ။

## G. အုပ်စုလိုက်လုပ်ဆောင်မှုကြောင့်ရရှိသောကောင်းကျိုးများ – အကျဉ်းချုပ်

အောက်တွင်ပေးထားသောအချက်များသည် ဤသင်ခန်းစာတွင်ပါသော အဓိကအချက်များဖြစ်သည်။

## H. Assessment task

သင်တန်းသားများသည် တကယ့်စာသင်ခန်းတွင် အုပ်စုလိုက်ဖွဲ့ပြီးလုပ်ခြင်းအားဖြင့် ပါဝင်မှုမရှိသော ကျောင်းသားများအကြောင်းကို စာပိုဒ်လေးများဖြင့်ရေးချပေးပါ။ သင်တန်းသားများသည် မိမိတို့လေ့လာထားခဲ့သော နှစ်ယောက်တစ်တွဲ၊ အဖွဲ့လိုက်လုပ်ဆောင်ခြင်း စသောအရာများကို ယခုသင်ခန်းစာတွင် ပြန်လည်ကျင့်သုံးနိုင်ပါသည်။

Marking Guide – အဖွဲ့အမျိုးမျိုးခွဲပေးခြင်း၊ အုပ်စုနှင့်လုပ်ဆောင်မှုသည် အကျိုးမည်မျှရှိသည်တို့ကို ပြန်လည်စစ်ဆေးနိုင်ရန်အတွက် အကြောင်းအရာကောင်းမွန်ခိုင်မာသောလျှောက်လဲတင်ပြချက်များကို ရွေးချယ်ပေးပါ။ အဖြေကို C1 တွင် ကြည့်ပါ။

# သင်ခန်းစာ (၆)
# သင်ထောက်ကူပစ္စည်းများ
## Resources

သင်ထောက်ကူနှင့်ဆိုင်သောအရာများကို သင်တန်းသားများသိသလောက် တင်ပြခိုင်းပါ။ သူတို့တင်ပြသော အချက်များကို အသိအမှတ်ပြုပြီး၊ ကျန်သေးလားဟု မေးပါ။ တင်ပြသောအချက်များကို ကျောက်သင်ပုန်းပေါ်တွင် ရေးချပေးပါ။ ကြိုတင်ပြင်ဆင်ထားပေးပါ။

### A. သင်ထောက်ကူပစ္စည်းများနှင့်ဆိုင်သည့် သုတေသနပြုခြင်း (သို့) လက်တွေ့လေ့လာရှာဖွေခြင်း

Activities ကို ပြင်ဆင်ထားပေးပါ။ သင်တန်းသားများသည် အချက်အလက်များကို မည်သည့်နေရာတွင် စုဆောင်းရမည်။ မည်သို့ဆောင်ရွက်စီမံရမည်ကို ဆုံးဖြတ်ပါ။ အတန်းချိန်၊ အိမ်စာပေးသောအချိန်များတွင် အချက်အလက်များကိုစုဆောင်းနိုင်ပါသည်။

**၁။ အချက်အလက်များကိုစုဆောင်းခြင်း** – သင်တန်းသားများကို ဘာသာရပ်ဆိုင်ရာ (သို့) အတန်းလိုက်ဆိုင်ရာ (၅–၆) ယောက်တစ်ဖွဲ့ခွဲပါ။ (ဥပမာ – သင်္ချာနှင့်အင်္ဂလိပ်၊ (၅) တန်းနှင့် (၆) တန်း၊ (၇) တန်းနှင့် (၈) တန်း)

**၂။ သင်တန်းသားများ၏ အကြံဉာဏ်ကိုမေးခြင်း** – မည်သည့်အချက်အလက်များကို လိုအပ်ပါသနည်း။ စာကိုစတင်၍ မသင်ကြားမီ ရှိနေသောအကြံဉာဏ်များကို ကျောက်သင်ပုန်းပေါ်တွင်ရေးချပေးပါ။ စာသင်ရာတွင် လိုအပ်သော ကိရိယာများ၊ သင်ခန်းစာစာအုပ်များ၊ မှတ်စုစာအုပ်များ၊ ဘောလ်ပင်များ စသည်ဖြင့် ... ကျောင်းသားကိုင်စာအုပ်တွင် ဥပမာများကိုပြထားပေးပါ။ ယင်းအကြောင်းအရာများသည် သင်ခန်းစာအတွက် ဖေးမထောက်ကူသောပစ္စည်းများဖြစ်ကြောင်း ရှင်းပြပေးပါ။ အကယ်၍ သင်ထောက်ကူပစ္စည်းများ မလုံလောက်မှုကြောင့် ဖြစ်တတ်သောရလဒ်ဆိုးများကိုလည်း (၁) ချက်၊ (၂) ချက်ခန့် ဆွေးနွေးပေးပါ။
(*ဥပမာ ထိုင်ခုံနှင့်စားပွဲများသည် ဆက်ထားပါက အဖွဲ့လိုက်လုပ်ဆောင်ရန်အတွက် ဖွဲ့စည်းရန်ခက်ခဲစေပါသည်။*) သင်တန်းသားများသည် ယင်းအချက်ကို မည်သို့လုပ်ဆောင်ရမည်ကို စဉ်းစားရပါမည်။
သင်တန်းသားများသည် ကျောင်းသားကိုင်စာအုပ်တွင်ပါသော checklist ကို ပြန်လည်လေ့လာပြီး အချက်အလက်များမစုဆောင်းခင်တွင် ပြောင်းလဲစရာများ၊ အပိုထပ်ထည့်ချင်သောအရာများရှိပါက ပြုလုပ်နိုင်ပါသည်။

**၃။ အဖွဲ့သားများအနေဖြင့် အချက်အလက်များကို စုဆောင်းပေးခြင်း** – ကျောင်းများသို့သွားပြီး ဘာသာရပ်ဆရာများနှင့် ဆွေးနွေးပေးနိုင်ပါသည်။ ဆရာမွမ်းမံသင်တန်းကာလတွင် သင်ထောက်ကူပစ္စည်းများနှင့် ပတ်သက်ပြီး၊ သူတို့၏ကျောင်းတွင် မည်သို့သောသင်ထောက်ကူပစ္စည်းများအသုံးပြုသည်ကို မေးမြန်းလေ့လာစူးစမ်းမှတ်တမ်းတင်ခြင်းအားဖြင့် သုတေသီလေ့လာမှုများပြုလုပ်နိုင်ပါသည်။

၂။ အဖွဲ့လိုက် မိမိတို့စုဆောင်းထားသောအချက်များအား Mind-map ကိုသုံးပြီး အကျဉ်းချုံးပေးပါ။
၃။ အဖွဲ့သားများအား အရေးကြီးဆုံးသောအချက်များကို ဆွေးနွေးစေပါ။ အခန်းထဲတွင် လှည့်လည်သွားလာစေပြီး လိုအပ်လျှင် ကူညီပေးပါ။ ယင်းလေ့ကျင့်ခန်းသည် အတန်းကြီးများအတွက် ခွဲခြားစိတ်ဖြာခြင်းနှင့် ပြန်လည်လေ့လာခြင်းများတွက် အသုံးဝင်ပါသည်။

၁။ ကျောင်းသားများသည် အဓိကကျသောအချက်များကို ဆုံးဖြတ်ရန်ခက်ခဲနေပါက မည်သို့သောအချက်က ခက်ခဲနေသည်၊ မည်သို့သောအရာများသည် အကျိုးရှိသည်ကို စဉ်းစားပေးရန်တိုက်တွန်းပေးပါ။
၂။ အဖွဲ့သားများသည် မိမိတို့၏သင်ခန်းစာအပေါ်အခြေခံပြီး သင်ထောက်ကူပစ္စည်းများ မည်မျှသင့်တော်ကောင်းမွန်သည်ကို ဆုံးဖြတ်စေပါ။ ယင်းလုပ်ရပ်များသည် ဆရာတစ်ယောက်အနေနှင့် အခက်အခဲများကို မည်သို့ရင်ဆိုင်ရမည်။ ကျော်လွှားဖြေရှင်းပေးနိုင်မည်ကို လေ့ကျင့်ပေးရာရောက်ပါသည်။
၃။ အဖွဲ့လိုက်အနေနှင့် မိမိတို့အတွက် အကြီးမားဆုံးသောစိန်ခေါ်မှုများကို ဆုံးဖြတ်စေပါ။ မသေချာခဲ့သော် – ဤသင်ခန်းစာတွင် မည်သို့သောအခြေအနေများသည် သင့်အတွက် ခက်ခဲမှုရှိပါသနည်းဆိုပြီး မေးပေးပါ။

၄။ သင်တန်းသားများသည် မိမိတို့စုဆောင်းထားသောအချက်များကို ပြန်လည်တင်ပြပေးပါ။ အဖွဲ့ဝင်တိုင်းသည် တင်ပြထားသောအချက်များကို ရှင်းပြပေးရပါမည်။ တင်ပြချက်များသည် နံပါတ် (၂) နှင့် (၃) တွင် ဆုံးဖြတ်ထားသည့်အတိုင်း အစီစဉ်လိုက်ချပေးပါ။

၁။ မြင်သာနိုင်သော အထောက်အကူများကိုပြပေးပါ။
၂။ အဓိကအချက်များကို တင်ပြပေးပါ။
၃။ သင်ထောက်ကူပစ္စည်းများ မည်မျှကောင်းကြောင်း၊ မည်မျှညံ့ကြောင်းကို တင်ပြပေးပါ။
၄။ သင့်အတွက် အခက်ခဲဆုံးသောအချက်ကိုလည်း တင်ပြပေးပါ။

၅။ ယင်းလုပ်ရပ်များ activity ကို အတန်းလိုက်အနေနှင့် ဆွေးနွေးပေးပါ။

**ဖြစ်နိုင်ချေရှိသောအဖြေများ**

– အကြောင်းအရာတစ်ခုခုကိုရှာဖွေသိရှိခြင်းအားဖြင့် သင်ကြားယူရပါသည်။ *(စူးစမ်းရှာဖွေသော နည်းလမ်းများ)*

– သင်တန်းသားများသည် သင့်လျော်သောစာသင်ခန်းနှင့် သူတို့ရင်ဆိုင်ရသောအခက်အခဲများကို လေ့လာသင်ကြားသွားပါသည်။

– အခက်အခဲတစ်ခုခုကို ဖြေရှင်းချက်မထုတ်မီ ပြဿနာအကြောင်းကို ဦးစွာ သိရှိရန်လိုအပ်ပါသည်။

**သင်ကြားခြင်း၏အဓိကသော့ချက်** – စူးစမ်းရှာဖွေလုပ်ဆောင်ခြင်းသည် သင်ကြားယူခြင်းအတွက် လုပ် ဆောင်မှုတစ်ရပ်သာဖြစ်သည်။

**B. ကန့်သတ်ပစ္စည်းများမှ သင်ထောက်ကူပစ္စည်းများပြုလုပ်ခြင်း**

**၁။** activity ကို ကြိုတင်ပြင်ဆင်ထားပေးပါ။ စာမျက်နှာ (၁၀၂) တွင်ပါဝင်သော လုပ်ဆောင်ရမည့်အရာများကို ဖော်ပြထားသောကဒ်များ Task cards ကို မိတ္တူကူးယူပြီး စာသင်ခန်းနေရာအနှံ့ (နံရံ၊ ကျောက်သင်ပုန်းနှင့် စားပွဲပေါ်တွင်) တွင် ဖြန့်ထားပေးပါ။ စာရွက်နှင့် ဘောလ်ပင်ကိုလည်း Work station တွင် ထားပေးပါ။ လုပ်ရမည့် ခေါင်းစဉ်များမှာ ...

(က) အခြားလူများကို သင်ထောက်ကူအနေနှင့်သုံးခြင်း။

(ခ) ကွင်းဆင်းလေ့လာခြင်းကို သင်ထောက်ကူအနေနှင့်သုံးခြင်း။

(ဂ) တက်ကြွသောစာသင်ခန်းအဖြစ် ဖန်တီးပေးခြင်း။

(ဃ) အင်တာနက်ကို သင်ထောက်ကူအနေနှင့်သုံးခြင်း။

(ဂ) နှင့် (ဃ) ခေါင်းစဉ်အတွက် ပစ္စည်းများကို အတန်းမစခင်တွင် ပြင်ဆင်ထားပေးပါ။

**အခြားနည်းများ** – အင်တာနက်သုံးစွဲရန်အခက်အခဲမရှိခဲ့သော် – (သို့) Britannica CD (သို့) Encyclopedia တို့ကဲ့သို့ အဘိဓာန်များကိုသုံးပြီး ခေါင်းစဉ်တွင်ပါဝင်သောအချက်များကို စုဆောင်းပေးပါ။ သင်တန်းသားများသည် သင်ခန်းစာအတွက် မည်သို့သောသင်ထောက်ကူများကို သင့်လျော်သလိုသုံးသင့်သည်ကို စဉ်းစားပေးပါ။ ယင်းအချက်များကို ပိုစတာ၊ ဇယားကွက်ပေါ်တွင် ရေးချတင်ပြစေပါ။

အကယ်၍ ကွန်ပြူတာမရှိခဲ့သော် (က) နှင့် (ဂ) တို့တွင်ပါသော work station activity တို့ကိုလုပ်ဆောင်ပါ။ အတန်းကို အဖွဲ့ (၄) ဖွဲ့ ခွဲပေးပါ။ (အင်တာနက်သုံးစွဲရန် အခွင့်မရှိခဲ့သော် (၃) ဖွဲ့) အဖွဲ့တိုင်းတွင် work station တစ်ခုစီမှ အစပြုပြီးလုပ်ဆောင်စေပါ။ Activity ကိုပြီးစေရန် (၁၀) မိနစ်အချိန်ပေးပါ။ လုပ်ဆောင်ပြီးလျှင် နောက် work station တစ်ခုသို့ ကူးပြောင်းပေးပါ။

**စာသင်ခန်းကို စီမံကွပ်ကဲခြင်း** – သင်တန်းသားတိုင်း သင်ခန်းစာတွင်ပါဝင်မှုရှိစေရန်အတွက် အခန်းတွင်းတွင် လှည့်လည်ကြည့်ရှုစေပါ။ ၎င်းတို့ပြောသောအရာများကို အမြဲတမ်းနားထောင်ပေးပါ။ မေးလာမည့် မေးခွန်းများအတွက် အမြဲတမ်း အဆင်သင့်ရှိစေပါ။ အချိန်နှင့်လုပ်ဆောင်ပါ။ အချိန် (၅) မိနစ်လောက်သာကျန်လျှင် သင်တန်းသားများအား သတိပေးပါ။ နောက်ထပ် အခြား work station သို့ ကူးပြောင်းလုပ်ဆောင်ရမည့်အကြောင်းကိုလည်း (၁၀) မိနစ်အလိုတွင် ပြောပြပေးပါ။ သင်တန်းသားများကိုလည်း မိမိတို့လုပ်ဆောင်ထားသောအရာများကို မှတ်တမ်းတင်ထားခိုင်းပါ။

**၂။** အဖွဲ့တိုင်းသည် work station တိုင်း လုပ်ဆောင်ခဲ့ရသောလုပ်ရပ်များကို ပြန်လည်တင်ပြစေပါ။ ပြီးလျှင် အတန်းလိုက်အနေနှင့် work station ဖြင့် လုပ်ဆောင်ရသည့် ကောင်းကျိုးနှင့် ဆိုးကျိုးများကို ဆွေးနွေးစေပါ။

## C. သင်ခန်းစာစာအုပ်ကို အသုံးပြုခြင်း

၁။ ဤခေါင်းစဉ်နှင့်ပတ်သက်သော သင်ခန်းစာအတွက် အတန်းတူ ဘာသာရပ်တူအတွက် သင်ခန်းစာ စာအုပ် (၂) မျိုးကို လိုအပ်သည်။ ဥပမာဆိုရသော် –

– မြန်မာပြည်အတွင်းရှိ တက္ကသိုလ်အဆင့်ရှိ သင်ခန်းစာစာအုပ်များ။

– နယ်စပ်တွင်ရှိနေသော ပညာရေးဆိုင်ရာအဖွဲ့အစည်းများ (ဥပမာ – KED, KRCEE, ZOA, Curicullum Project, World Education) မှထုတ်ဝေသော သင်ခန်းစာစာအုပ်များ။

– ထိုင်းနိုင်ငံ (သို့) အခြားသောနိုင်ငံမှထုတ်ဝေသော သင်ခန်းစာစာအုပ်များ။

– စီးပွားဖြစ်ထုတ်ဝေသော အင်္ဂလိပ်သင်ခန်းစာစာအုပ်များ။

သင်တန်းသားများသည် အဖွဲ့လိုက်အနေဖြင့် ယင်းသင်ခန်းစာစာအုပ်များတို့၏ တူညီပုံနှင့် ခြားနားပုံကိုဆွေးနွေးစေပါ။ ပြီးမှ အတန်းလိုက် ပြန်လည်ဆွေးနွေးလုပ်ကိုင်စေပါ။

*မြန်မာပြည်တွင်း၌ထုတ်ဝေသော သင်ခန်းစာစာအုပ်များသည် တချို့သောနိုင်ငံမှ ထုတ်ဝေသောစာအုပ်များနှင့် တူပါသည်။ ညွှန်ကြားခြင်း၊ သဘောပေါက်နားလည်ခြင်း၊ ကန့်သတ်သော သင်ယူမှုများ၊ ကျောင်းသားများ ကိုယ်တိုင်လုပ်ဆောင်ပါဝင်မှုနည်းပါးပြီး စိတ်ဝင်စားစေမှုလည်း နည်းပါးစေပါသည်။ အချို့သော သင်ထောက်ကူစာအုပ်များသည် လှုပ်ရှားတက်ကြွသော စာသင်ခန်း၊ အဆင့်မြင့်စွာတွေးခေါ်မှုများနှင့် ပြန်လည်ကျင့်သုံးလေ့ကျင့်ရသောနည်းများ ပါဝင်ပါသည်။*

၂။ နှစ်ယောက်တစ်တွဲတွဲကာ အထက်ပါအကြောင်းအရာနှင့်ပတ်သက်ပြီး ဆွေးနွေးပေးပါ။ ဆရာအနေနှင့် အသက်ဝင်သော စာသင်ခန်းအနေဖြင့် သင်ယူခြင်းအားဖြင့် အထက်ပါအခက်အခဲများကို ဖြေရှင်းနိုင်သော နည်းလမ်းများကိုဖော်ပြပေးပါ။

**ဖြစ်နိုင်ချေရှိသောအဖြေများ –**

**(က)** ပြန်လည်တင်ပြခြင်းကိုသုံးခြင်းအားဖြင့် အချက်အလက်များကိုတင်ပြခြင်း။ Methods file A, ဥပမာ – ကျောင်းသားများအား ဦးစွာလုပ်ဆောင်စေပြီးမှ သူတို့ သိ/မသိကို လေ့လာပေးပါ။ ကျောင်းသားများအား မှတ်စုမှတ်နည်း၊ အကျဉ်းချုံးနည်းများကို သင်ကြားပေးပါ။ သင်ကြားလုပ်ဆောင်မှုများကိုချမှတ်ပြီး မည်သို့ပြန်လည်အသုံးချရမည်ကိုလည်း လျာထားပေးပါ။

**(ခ)** အကြံပေးထားသည့်အတိုင်း အချက်အလက်များကိုမဖတ်မီ key word ကို ဦးစွာ နိဒါန်းပျိုးပေးပါ။

**(ဂ)** အဖွဲ့လိုက်လုပ်ဆောင်ပြီး တစ်ဦးနှင့်တစ်ဦး သင်ကြားသောနည်းလမ်းကို သုံးပေးပါ။ ကျောင်းသားများသည် မြင်တွေ့ရသည် (ဇယားကွက်။ အချိန်ဇယားများ) ကို သုံးပြီး အချက်များကို စုဆောင်းနိုင်ပါသည်။

**(ဃ)** ကျောင်းသား (၂ – ၃) ယောက်ပါဝင်ပြီး ပြတ်ဇာတ်တိုလုပ်စေခြင်း။ Tape script မှ နားထောင်ကာ သင်ယူခြင်းအပြီးတွင် လေ့ကျင့်ခန်းများလုပ်ခြင်း၊ ကျောင်းသားများနားထောင်ပြီး သင်ယူနိုင်ရန်အတွက် သင်ထောက်ကူများကိုမူ အင်တာနက်မှသော်လည်းကောင်း၊ သင်ထောက်ကူများရရှိနိုင်သော Curriculum project မှလည်းကောင်း ရှာဖွေစုဆောင်းထားနိုင်ပါသည်။

**(င)** နည်းပညာများကို တကယ့်လက်ရှိဘဝနှင့် ဆက်စပ်စေခြင်း၊ မေးခွန်းမေးခြင်း၊ ဇယားကွက်များပြုလုပ်စေခြင်း၊ တစ်ဦးနှင့်တစ်ဦး သင်ကြားပေးခြင်း၊ ကွင်းဆင်းလေ့လာခြင်း၊ ရိုးစင်းသော စမ်းသက်မှုများပြုလုပ်ခြင်း စသည်တို့နှင့် သင်ကြားပေးနိုင်ပါသည်။

**(စ)** မေးခွန်းမေးခြင်းနှင့် ဆွေးနွေးခြင်း – အချက်အလက်များကိုသာ ဖြေကြားပေးသော မေးခွန်းများမဟုတ်ဘဲ၊ စိန်ခေါ်ချက်ရှိသော မေးခွန်းမေးနည်းများကို သုံးပေးပါ။ မည်သို့နည်း၊ အဘယ်ကြောင့်နည်း စသည်ဖြင့် ...

**(ဆ)** တစ်ဦးနှင့်တစ်ဦးသင်ကြားပေးခြင်း – မေးခွန်းများမေးသောနည်း၊ ကွင်းဆင်းလေ့လာခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်း။

**(ဇ)** ပတ်ဝန်းကျင်နှင့်ဆက်နွယ်သောအရာများကိုရေးဆွဲခြင်း၊ မိမိမြင်တွေ့သမျှသောအရာများကို ရေးဆွဲပုံဖော်စေခြင်း။

## D. Activity ကို မိမိဘာသာပြုလုပ်ခြင်း

၁။ နှစ်ယောက်တစ်တွဲ (သို့မဟုတ်) အုပ်စုငယ်လေးများဖွဲ့ပြီး သင်ယူနေသည့် သင်ခန်းစာ စာအုပ် (သို့မဟုတ်) ဆက်လက်သင်ယူမည့် သင်ခန်းစာစာအုပ်သည် သက်ဝင်လှုပ်ရှားမှုကို ထောက်ကူ ပြု/မပြု ။

၂။ လှုပ်ရှားသက်ဝင်သည့် သင်ခန်းစာများကိုလုပ်ဆောင်ခြင်း။ နှစ်ယောက်တစ်တွဲ (သို့မဟုတ်) အဖွဲ့ငယ်ဖွဲ့၍ လုပ်ဆောင်ပါ။

- သင်တန်းသားများသည် မည်သည့်ခေါင်းစဉ်အားသင်ကြားရမည်ကို ဆုံးဖြတ်စေပါ။
- သင်ခန်းစာစာအုပ်တွင်ပါသော လေ့ကျင့်ခန်းများအား ပိုမိုထိရောက်မှုရှိစေရန် လှုပ်ရှားသက်ဝင်သော စာသင်နည်းများကို ရွေးချယ်ပေးရပါမည်။ လိုအပ်သောအကြံဉာဏ်အချို့ကိုမူ ဤနေရာတွင်လည်းကောင်း (သို့မဟုတ်) Methods file မှသော်လည်းကောင်း ရယူနိုင်ပါသည်။
- သင်ခန်းစာကိုစတင်ရန် ကြိုတင်ပြင်ဆင်ကြရမည်။ (၅ – ၁၀) မိနစ်သင်ခန်းစာ၏ခေါင်းစဉ်ကို နိဒါန်းပျိုးပေးရပါမည်။ ညွှန်ကြားချက်များပေးပြီး Activity ကို စတင်ရပါမည်။
- သင်တန်းသားများသည် မိမိတို့၏ သင်ခန်းစာကို အတန်း (သို့) အုပ်စုကြီးသို့ တင်ပြရပါမည်။

## E. လက်တွေ့အလုပ် (သင်ထောက်ကူပစ္စည်းများကို ဖန်တီးပေးခြင်း)

နှစ်ယောက်တစ်တွဲ (သို့) အုပ်စုငယ်ဖြင့် ဘာသာရပ်တခုကို သင်ပေးပါ။ သင်တန်းသားများသည် စာလုံး (သို့) အရုပ်များပါသောကဒ်ကို ပြင်ဆင်ထားပြီး လက်ရှိနှင့် လာမည့်အချိန်များတွင် ပြန်လည်အသုံးပြုနိုင်ရန်အတွက် ပြင်ဆင်ပါ။

၎င်းတို့ကိုစာသင်ရာတွင် သင်ထောက်ကူအတွက်ပံ့ပိုးမှုတစ်ရပ်အနေဖြင့် သင်ကြားမည့်သင်ခန်းစာအတွက်လည်းကောင်း၊ သင်ကြားနေသောသင်ခန်းစာတွင်လည်းကောင်း အသုံးပြုနိုင်ပါသည်။ မည်သို့ပင်ဖြစ်စေ၊ သင်တန်းကြီးကြပ်သူများသည် စီစဉ်ထားပေးသော လက်ရွေးစဉ်ခေါင်းစဉ်များကို ပေးထားပါသည်။ *Methods file D: Chart and organizer* တွင်တွေ့ရသော အရုပ်ကဒ်များကိုလည်း အသုံးပြုနိုင်ပါသည်။

သင်တန်းသားများသည် မိမိတို့၏သင်ခန်းစာများကို နှစ်ယောက်တစ်တွဲဖြင့်သော်လည်းကောင်း၊ အဖွဲ့လိုက်သော်လည်ကောင်း၊ တစ်ဖွဲ့ပြီးတစ်ဖွဲ့ သရုပ်ပြပေးပြီး ပြန်လည်ဝေဖန်ချက်များပေးပါ။

**ခေါင်းစဉ်နှင့်ပတ်သက်သည့် အကြံပေးချက်များ**

ခေါင်းစဉ်များကို သင်ခန်းစာစာအုပ်မှလည်းကောင်း၊ သင်တန်းသားများ၏ စိတ်ဝင်စားမှုနှင့် ဗဟုသုတပေါ်မူတည်ပြီး ရွေးချယ်နိုင်ပါသည်။

**ဥပမာ –**

- သင်၏နိုင်ငံတွင်ရှိသော တိုင်းရင်းသားလူမျိုးစုများ၊ ဘာသာနှင့် စကားများအကြောင်း
- သင့်နိုင်ငံပတ်ဝန်းကျင်နှင့်ပတ်သက်သောအကြောင်းအရာများ – ဥပမာ သစ်တောပြုန်းတီးမှု၊ ထိန်းသိမ်းမှု၊ စွမ်းအင်နှင့်စွန့်ပစ်အမှိုက်များ။
- လူသိများသောပုဂ္ဂိုလ်များ – ဂီတပညာရှင်များ၊ ရုပ်ရှင်သရုပ်ဆောင်များ၊ စာရေးဆရာများနှင့် အားကစားသမားများ။
- အားကစားနှင့်ဆိုင်သော စည်းကမ်းချက်များ။
- တစ်စုံတစ်ရာ၏လုပ်ဆောင်ချက်များ။ ဥပမာ –ခန္ဓာကိုယ်စုစည်းမှုဆိုင်ရာ၊ မိုးရွာသွန်းခြင်း၊ မော်တော်ဆိုင်ကယ်အင်ဂျင်နှင့်ဆိုင်သောအရာများ။
- တစ်စုံတစ်ရာကို ဖန်တီးလုပ်ဆောင်ခြင်း။ ဥပမာ – လက်ဖက်သုပ်သုပ်ခြင်း။ စက္ကူလှေ လေယာဉ်ပျံများဖန်တီးခြင်း။

## F. အကျဉ်းချုပ်

အဓိကအကြောင်းအရာများကို ဖော်ပြခြင်း။

## G. Assessment

၁။ သင်တန်းသားများသည် Methods file D: Charts and Organizers ကိုဖတ်ပြီးလျှင် ဇယားကွက် (သို့) Mind-map ကို လုပ်ပေးပါ။

(က) အဖြေများသည် သင်ခန်းစာကို တကယ်နားလည်၍ ဖြေကြားသောအရာသာဖြစ်ရပါမည်။ Methods file တွင်ကြည့်ပြီး ဖြစ်သလိုရေးချသောအဖြေများ မဖြစ်စေရပါ။ သင်တန်းသားများလုပ်ဆောင်ထားသောအရာများ ပိုမိုကောင်းမွန်လာစေရန်အတွက် ဝေဖန်ချက်များပေးပါ။

**ဖြစ်နိုင်ခြေရှိသော အဖြေများ –**

| ခွဲခြမ်းစိတ်ဖြာခြင်း | အစဉ်လိုက် ပြန်လည်နေရာချပေးခြင်း | အဆင့်ဆင့်ပြုလုပ်ခြင်း |
|---|---|---|
| Venn digram – အဓိပ္ပါယ်ဖွင့်ဆိုချက်၊ တူညီခြင်းနှင့်ခြားနားချက်များ။<br>Chart - ဖွဲ့စည်းခြင်း၊ အုပ်စုဖွဲ့ခြင်း။<br>information – အချက်အလက်များနှင့် နှိုင်းယှဉ်ခြင်း။<br>အတွေးအခေါ်များနှင့် ဆက်စပ်ပြီး လုပ်ဆောင်ခြင်း (အရုပ်ကဒ်များ) | အချိန်ဇယား – အချိန်နှင့်ပတ်သက်ခြင်း။<br>အဆင့်ခွဲခြင်း – မည်သည့်အရာသည် အရေးကြီးပါသနည်း။<br>အရုပ်ပုံကဒ်ကိုထည့်သုံးထားနိုင်ပါသည်။ | အချိန် အကန့်အသတ်များကို စီပေးခြင်း။<br>အရုပ်ကဒ်များကို အသုံးပြုနိုင်ပါသည်။ |

၂။ သင်တန်းသားများသည် မိမိတို့၏သင်ခန်းစာအတွက် လှုပ်ရှားသက်ဝင်သော သင်ခန်းစာ၏ activities အတွက် ဥပမာ (၃) ရပ်ကို ပေးထားပါသည်။ ခွဲခြမ်းစိတ်ဖြာခြင်း၊ အစဉ်လိုက် ပြန်လည်နေရာချပေးခြင်း၊ အဆင့်ဆင့် ပြုလုပ်ခြင်း၊ စသည်တို့အတွက် ဥပမာ (၂) ခုစီ လုပ်ဆောင်စေပါ။

အကယ်၍ သင်တန်းသားများသည် မိမိတို့လက်တွေ့တွင်ပြန်လည်အသုံးချခြင်းအတွက် အခက်အခဲရှိနေပါက သူတို့ကို ပိုမိုပြီးသင်ကြားပေးရန် လိုအပ်ပါသည်။ C. 3 work station တွင်ရှိသော အပိုဖြည့်ဆည်းထားပေးသော လေ့ကျင့်ခန်းကိုလုပ်ပေးပါ။

# သင်ခန်းစာ (၇)
# ကြိုတင်ပြင်ဆင်ခြင်း
**Planning**

**A. သင်ခန်းစာအတွက် ပြင်ဆင်ခြင်း**

၁။ ယင်းမေးခွန်းများကို အတန်းလိုက်အနေနှင့် ဆွေးနွေးပါ။ အောက်ပါအဖြေများသည် ၂၀၁၀ ခုနှစ်အထိသာ အရာရောက်ပြီး အခြေအနေသည် ပြောင်းလဲကောင်း ပြောင်းလဲနေပေလိမ့်မည်။

**အဖြေများ –**

**၁။ စခန်းအတွင်း** ။ ။ KRCEE /ZOA or KnED/ JRS သင်ရိုးညွှန်းတမ်းများ၊ တချို့သော ကျောင်းများသည် အခြားသောသင်ထောက်ကူများကိုသုံးပါသည်။ ဥပမာ – မြန်မာပြည်တွင်း သင်ခန်းစာစာအုပ်များ၊ အခြားသောနိုင်ငံမှစာအုပ်များ၊ ကျောင်းနှင့် ဆရာတို့မှ မိမိဘာသာထုပ်လုပ်သော သင်ရိုးညွှန်းတမ်းများနှင့် သင်ထောက်ကူများကိုသုံးသည်။

**ရွှေ့ပြောင်းလုပ်သား** ။ ။ Wolrd Education မှလုပ်ထားသော သင်ရိုးညွှန်းတမ်း (ထိုင်းပညာရေးဝန်ကြီးဌာနမှ ထောက်ခံထားခြင်း) မြန်မာပြည်တွင်းသင်ခန်းစာ စာအုပ်၊ ထိုင်းသင်ရိုးများ၊ ကျောင်းနှင့်ဆရာတို့မှ မိမိဘာသာထုပ်လုပ်သော သင်ရိုးညွှန်းတမ်းများနှင့် သင်ထောက်ကူများကိုသုံးသည်။

**၂။ စခန်းအတွင်း** ။ ။ KRCEE/ZOA or KnED/ JRS သင်ရိုးညွှန်းတမ်းများ၊ တချို့သောကျောင်းများသည် အခြားသော သင်ထောက်ကူများကိုသုံးပါသည်။ ဥပမာ – မြန်မာပြည်တွင်း သင်ခန်းစာစာအုပ်များ၊ အခြားသောနိုင်ငံမှ စာအုပ်များ၊ ကျောင်းနှင့်ဆရာတို့မှ မိမိဘာသာထုပ်လုပ်သော သင်ရိုးညွှန်းတမ်းများနှင့် သင်ထောက်ကူများကိုသုံးသည်။

**ရွှေ့ပြောင်းလုပ်သား** ။ ။ မြန်မာသင်ခန်းစာ စာအုပ်။ ထိုင်းသင်ရိုးများ၊ ကျောင်းနှင့်ဆရာတို့မှ မိမိဘာသာထုပ်လုပ်သော သင်ရိုးညွှန်းတမ်းများနှင့် သင်ထောက်ကူများကိုသုံးသည်။

**၃။ စခန်းအတွင်း** ။ ။ Curriculum Project ထုတ်ဝေသော သင်ရိုးညွှန်းတမ်းများနှင့် သင်ထောက်ကူများ၊ မြန်မာနိုင်ငံ အထက်တန်းကျောင်းနှင့် တက္ကသိုလ်မှ သင်ခန်းစာစာအုပ်များ၊ အခြားနိုင်ငံမှ သင်ထောက် ကူပစ္စည်းများ၊ ကျောင်းနှင့် ဆရာတို့မှ မိမိဘာသာထုပ်လုပ်သော သင်ရိုးညွှန်းတမ်းများနှင့် သင်ထောက်ကူများကိုသုံးသည်။

**ရွှေ့ပြောင်းလုပ်သား** ။ ။ Curriculum Project ထုတ်ဝေသော သင်ရိုးညွှန်းတမ်းများနှင့် သင်ထောက်ကူများ၊ မြန်မာနိုင်ငံ အထက်တန်းကျောင်းနှင့် တက္ကသိုလ်မှသင်ခန်းစာစာအုပ်များ၊ အခြားနိုင်ငံမှ သင်ထောက်ကူပစ္စည်းများ၊ ကျောင်းနှင့်ဆရာတို့မှ မိမိဘာသာထုပ်လုပ်သော သင်ရိုးညွှန်းတမ်းများနှင့် သင်ထောက်ကူများကို သုံးသည်။

ယင်းအခြေအနေများကိုဆွေးနွေးပေးပါ။ များပြားလှသည့် အခြေအနေများထဲတွင် မည်သည့်သင်ရိုးညွှန်းတမ်း တစ်ခုမှ အဆင့်မမှီသေးပါ။ ဤနည်းမှလုပ်ဆောင်မှုများနှင့်ပတ်သက်၍ အားသာချက်နှင့် အားနည်းချက်များကို သင်တန်းသားများ၏အမြင်ကို ရေးစေပါ။

၂။ သင်တန်းသားများ မိနစ်အနည်းငယ်ခန့်ယူကာ အတန်းလိုက်ဆွေးနွေးခြင်းများကို အကျဉ်းချုံးပြီး ဖယားကွက်တွင်ရေးချစေပါ။ ကျောက်သင်ပုန်းပေါ်ဖြစ်ဖြစ်။ စာရွက်ပေါ်ဖြစ်ဖြစ် ဇယားကွက်ကိုဆွဲပြီး သင်တန်းသားများ၏ အကြံဉာဏ်နှင့်အမြင်များကို ရေးချပေးပါ။

**ဖြစ်နိုင်ချေရှိသော အဖြေများ –**

| | **အားသာချက်** | **အားနည်းချက်** |
|---|---|---|
| မူလတန်း | – အဆင့်မှီပြီး လိုက်လျောညီထွေမှုရှိသည်။<br>– အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် နယ်ခံအဖွဲ့များမှ ဖေးမမှုကိုရရှိပါသည်။<br>– သင်ကြားနည်းများမှာလည်း ကလေးဗဟိုပြုကို သုံးထားပါသည်။ | – အဖွဲ့အစည်းအမျိုးမျိုးမှ သင်ရိုးများကိုဖန်တီးပေးထားပြီး၊တိတိကျကျဟူ၍မရှိ။<br>– တရားဝင် အသိမှတ်ပြုမှုမရှိ။<br>– အချို့သောဧရိယာ၊ ကျောင်းများပိုပြီးဖေးမမှုကို ရရှိပါသည်။ |

| | | |
|---|---|---|
| အလယ်တန်း | – ပေးဆပ်တတ်သောသောဆရာများနှင့် ကျွမ်းကျင်သော ဆရာများ။<br>– ဆရာများသည် မိမိတို့သင်ပေးချင်သောအရာများကို စိတ်ကြိုက်သင်ပေးနိုင်ပါသည်။ | – အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် နယ်ခံအဖွဲ့များမှ ဖေးမမှုကိုသိပ်မရရှိပါ။<br>– အနည်းငယ်သော သင်ထောက်ကူများကိုရရှိပြီး ဆရာများသည်လည်း ကျောင်းသားဗဟိုပြုစာသင်နည်းကို ကျင့်သုံးရသည်မှာလည်း ခက်ခဲမှုရှိပါသည်။<br>– တရားဝင်အသိအမှတ်ပြုမှု မရှိချေ။<br>– ညွှန်ကြားချက်များ၊ ရှင်းလင်းချက်များပေးရာတွင်လည်း ဘာသာစကား အခက်အခဲများလည်းရှိသည်။ |
| အလယ်တန်းအလွန် | – တချို့သောသင်ခန်းစာသည် လှုပ်ရှားသက်ဝင်သော စာသင်နည်းကိုကျင့်သုံးပါသည်။<br>– ဘာသာရပ်များနှင့် သင်ထောက်ကူများ ပိုများပါသည်။<br>– တချို့သောကျောင်းများသည် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် နယ်ခံအဖွဲ့များမှ ဖေးမမှုကို ရရှိပါသည်။ | – တရားဝင်အသိအမှတ် မပြုမရှိချေ။<br>– တချို့သောကျောင်းများသည် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် နယ်ခံအဖွဲ့များမှ ဖေးမမှုများကို အခြားသောကျောင်းများထက်ပိုမိုရရှိပါသည်။<br>– သင်ကြားရာတွင် သုံးသောဘာသာစကားသည် ဆရာနှင့်ကျောင်းသားတိုင်းအတွက် အဆင်မပြေပါ။ |

**နယ်စပ်တစ်လျှောက်ရှိ ဆရာများရင်ဆိုင်နေရသည့် စိန်ခေါ်မှုများ**

## B. သင်ခန်းစာအတွက် ကြိုတင်ပြင်ဆင်ခြင်းကို ဖန်တီးစီစဉ်ပေးခြင်း

**အဆင့် (၁) – အကြမ်းမျဉ်းရေးဆွဲခြင်းအချိန်**

၁။ သင်တန်းသားများအား အုပ်စုလိုက်ဖွဲ့စေပြီး လုပ်ဆောင်ရမည့်အရာများကို ရှင်းပြပေးပါ။

**(က)** အဖွဲ့သားများသည် ရက်သတ္တပတ် (၂၀) အတွက် သင်ခန်းစာများမှ တစ်ပတ်တာအတွင်း သင်ရမည့် သင်ခန်းစာများကို ပြင်ဆင်စေပါ။ သင်ခန်းစာကိုပြင်ဆင်ရာတွင် ကွင်းဆင်းလေ့လာခြင်း၊ ပြန်လည်လေ့ကျင့်ခြင်းလုပ်ဆောင်ထားသောအလုပ်များ၏အတိုင်းအတာကို ပြန်လည်သုံးသပ်ခြင်းတို့ ပါဝင်ရပါမည်။

**(ခ)** စာရွက်ကြီးပေါ်တွင်ရေးချခြင်းပြီး လူအများမြင်သာအောင်ကပ်ထားပေးပါ။ အုပ်စုလိုက်အနေနှင့် အခြားအဖွဲ့များလုပ်ဆောင်ထားသော ကြိုတင်ပြင်ဆင်မှုများကို လှည့်လည်ကြည့်ရှုစေပါ။

**(ဂ)** အတန်းလိုက်အနေနှင့် ဆွေးနွေးပါ။ အခြားအဖွဲ့များသည် မိမိအဖွဲ့လုပ်ဆောင်ထားသောအရာများနှင့် မည်မျှကွာခြားသည်။ မည်မျှတူညီသည်ကို မေးပါ။

– လေ့လာရေးခရီး နေရာကား မည်သည့်နေရာနည်း။ အဘယ်ကြောင့် ဤနေရာကိုရွေးချယ်ရပါသနည်း။ *(လေ့လာရေးသွားရန်အတွက် ရွေးချယ်ထားသောနေရာသည် ဖြစ်နိုင်လျှင် မိမိတို့နေထိုင်သော နယ်ခံဝန်းကျင်တွင်ဆိုလျှင် ပိုမိုသင့်လျော်ပါသည်။ ဥပမာ– အကယ်၍ သစ်တောအကြောင်းကိုသင်လျှင် ကျောင်းအနီးအနားတွင်ရှိသော သစ်တော၊ စွန့်ပစ်အမှိုက်အကြောင်းကိုသင်လျှင် ကျောင်းနားဝန်းကျင်တွင်ရှိသော အမှိုက်ပုံ/အမှိုက်စွန့်ပစ်ရန်နေရာ။)*

– ပြန်လည်လေ့လာခြင်းကို မည်သည့်အချိန်တွင်လုပ်ပါသနည်း။ သင်ခန်းစာတစ်ခု၏တစိတ်တဒေသသာဖြစ်သည်။ ပြန်လည်လေ့ကျင့်ခန်းကို (၂) နာရီခန့်လုပ်ရန် မလိုအပ်ပါ။

– စီမံကိန်းကိုမည်သည့်အချိန်တွင် လုပ်ဆောင်ပါသနည်း။ သာမန်အားဖြင့် စီမံကိန်းလုပ်ခြင်းသည် အတတ်ပညာမျိုးစုံပါဝင်သဖြင့် သင်ခန်းစာ၏အလယ် ဒုတိယပိုင်းလောက်တွင် လုပ်ဆောင်ဖို့သင့်ပါသည်။ ယင်းသည် လုပ်ဆောင်ထားသောအရာများကို ဆင်ခြင်သုံးသပ်ရန်သင့်တော်သလို သင်ခန်းစာများကိုပြန်လည်လေ့လာရန်အတွက်လည်း ကောင်းပါသည်။

– Assessment ကို မည်သည့်အချိန်တွင်လုပ်ဆောင်ပါသနည်း။ ယင်းသည် သင်ခန်းစာတစ်လျှောက်လုံးတွင်လည်းကောင်း၊ ခေါင်းစဉ်တိုင်းတွင်လည်းကောင်း၊ သင်ခန်းစာ၏အဆုံးပိုင်းတွင်လည်းကောင်း လုပ်ဆောင်နိုင်ပါသည်။

**(ဃ)** သင်တန်းသားများသည် မိမိတို့လုပ်ဆောင်ထားသောအရာများကို မည်သည့်အရာသည် အကောင်းဆုံးဖြစ်သည်ကို မှတ်စုရေးမှတ်ပေးပါ။

**သင်ခန်းစာ၏အဓိအချက် –** သင်ခန်းစာကို အသေးစိတ်မစီစဉ်ခင်တွင် သင်ခန်းစာတစ်ခုလုံးအတွက် outline (ပုံစံအကြမ်း) ကို လိုအပ်ပါသည်။ အမျိုးမျိုးသောသင်ယူနည်းတွင် ကွင်းဆင်းလေ့လာခြင်း၊ စီမံကိန်း၊ ပြန်လည်လေ့လာခြင်းနှင့် Assessment တို့ ပါဝင်သင့်ပါသည်။

**အဆင့် (၂) – သင်ခန်းစာအတွက် ပြင်ဆင်ခြင်း**

၂။ ဘာသာရပ်တူ (သို့) အတန်းတူသူများအား အဖွဲ့ဖွဲ့စေပြီး သင်တန်းသားများသည် မိမိတို့လက်ရှိသုံးနေသော (သို့) သုံးသွားမည့်သင်ခန်းစာစာအုပ်၊ သင်ရိုးညွှန်းများကိုစုပြီး သင်ခန်းစာ အသေးစိတ်ကို ပြင်ဆင်ပေးပါ။

အကယ်၍ သင်တန်းသားများသည် မည်သည့်အရာကိုမည်သို့ သင်ကြားရမည်ကိုမသိခဲ့သော် သူတို့အား သင်ခန်းစာ စာအုပ်များပေးပါ။ ဥပမာ – CP မှ ပြုစုထုတ်ဝေထားသော Environment Issue ဆိုသည့် သင်ခန်းစာ စာအုပ်ကို ပေးပါ။ (သို့) ယင်းမှ သူတို့စိတ်ဝင်စားသောခေါင်းစဉ်တစ်ခုကို ရွေးချယ်စေပါ။

နောက်စာမျက်နှာတွင်ပေးထားသော ပုံစံ (သို့) မိမိဘာသာလုပ်ထားသောပုံစံကို သုံးနိုင်ပါသည်။ သို့သော် ခေါင်းစဉ်အားလုံးကိုသုံးရန်အတွက် သေချာစေပါ။

အတန်းကိုလှည့်လည်ပြီး သင်တန်းသားများ၏နားလည်မှုအတိုင်းအတာကို လေ့လာပေးပါ။ သူတို့မေးစရာ မေးခွန်းများရှိခဲ့လျှင်လည်း ဖြေကြားပေးခြင်းအားဖြင့် သူတို့ကို ကူညီဖေးမနိုင်ပါသည်။

**၃။** သင်တန်းသားများအား ဝေဖန်ချက်ပေးပါ။ ပြီးလျှင် ဝေဖန်ချက်များကိုသုံးသပ်ပြီး သူတို့လုပ်ဆောင်ထားသောအရာများကို ပြောင်းလဲချင်လျှင် ပြောင်းလဲပေးနိုင်ပါသည်။ သင်တန်းသားများသည် အခွင့်အရေးရှိခဲ့သော် သူတို့လုပ်ဆောင်ထားသော ကြိုတင်ပြင်ဆင်ချက်များကို နံရံပေါ်တွင်ချိတ်ထားပေးပါ။

**C. သင်ခန်းစာ၏ရည်ရွယ်ချက်ကို ရေးဆွဲခြင်း**

သင်တန်းသားများ သင်ခန်းစာ၏ ရည်ရွယ်ချက်များကို ဆုံးဖြတ်စေပါ။

**အဖြေများ –** က၊ ခ နှင့် ဃ၊ ဂ တို့သည် ဖြစ်နိုင်ပါသည်။ သို့သော် ကျောင်းသားများသည် သူတို့လုပ်ဆောင်နေသောအရာများကို နားလည်မှသာဖြစ်နိုင်ပါမည်။

၂။ သင်တန်းသားများအား ရည်ရွယ်ချက်တိုင်းမှ အဆင့်တိုင်း၏အတတ်ပညာကို ခွဲခြားဖော်ပြပေးပါ။

**အဖြေများ –** (က) ခွဲခြမ်းစိတ်ဖြာ လေ့လာခြင်း *(နားလည်သဘောပေါက်ခြင်းနှင့် ပြန်လည်အသုံးချခြင်းများ ပါဝင်ပါသည်။)*

(ခ) ပြန်လည်အသုံးပြုခြင်း – *(နားလည်သဘောပေါက်ခြင်းနှင့် အသိပညာများ ပါဝင်ပါသည်။)*

(ဂ) သင်ကြားမည့်ရည်ရွယ်ချက်များ ပါဝင်မှုမရှိပါ။

(ဃ) အသိပညာ – *(ကျောင်းသားများ ၎င်းတို့လိုက်လုပ်ဆောင်သောအရာများကို သိရန်လိုအပ်သည်။)*

(င) ပြန်လည်စစ်ဆေးသုံးသပ်ခြင်း – *(အသိပညာ၊ နားလည်သဘောပေါက်မှုနှင့် ခွဲခြမ်းစိတ်ဖြာ လေ့လာခြင်းတို့ပါဝင်သည်။)*

၃။ ဆရာများသင်ကြားပေးမှုတွင် သင်ခန်းစာ၏ရည်ရွယ်ချက်သည် မည်မျှအရေးပါအရာရောက်သည်ကို အတန်းလိုက်ဆွေးနွေးပေးပါ။

**ဖြစ်နိုင်ချေရှိသော အဖြေများ –** သင်ခန်းစာ၏ရည်ရွယ်ချက်များကို ဦးတည်မှုမရှိသောဆရာတစ်ဦး၏ သင်ကြားပေးမှုသည် ညွှန်ကြားမှုတစ်ခုကိုသာမှီပြီး သင်ကြားပါသည်။ သင်ခန်းစာ၏ရည်ရွယ်ချက်ကို ဦးတည်သောဆရာသည် ကျောင်းသားများတက်ကြွစွာပါဝင်သောစာသင်ခန်းကို ဖန်တီးပေးနိုင်ရုံသာမက အတတ်ပညာပိုင်းနှင့်ဆိုင်သည့်အချက်များကို ဖော်ပြနိုင်ခြင်း၊ အကျဉ်းချုံးပေးခြင်း၊ ကျိုးကြောင်းလျော်ညီစွာ တွေးတောတတ်ခြင်း၊ သင်ယူထားသမျှကို အသုံးပြုတတ်ခြင်း စသည်တို့ကိုလည်း လေ့ကျင့်သင်ကြားပေးပါသည်။

**ကောင်းသောသင်ခန်းစာ၏ရည်ရွယ်ချက်များကား မည်သို့နည်း။**

၄။ သင်ခန်းစာ၏ရည်ရွယ်များသည် မည်မျှအသုံးဝင်သည်ကို သင်တန်းသားများသာ ဆုံးဖြတ်စေပါ။

**(က)** ရည်ရွယ်ချက်များ၊ ဘာသာရပ်များကို သင်တန်းသားများက ခွဲခြားဖော်ပြပေးပါ။

**အဖြေများ –** (က) ကွန်ပြူတာ / သတင်းအချက်အလက်နှင့်နည်းပညာ။

(ခ) သင်္ချာ။

(ဂ) အင်္ဂလိပ်ဘာသာရပ် (သို့) အင်္ဂလိပ်ဘာသာရပ်ကဲ့သို့သင်ကြားသော မည်သည့်ဘာသာရပ်မဆို။

(ဃ) အင်္ဂလိပ်။

(င) ကွန်ပျူတာ /သတင်းအချက်အလက်နှင့် နည်းပညာ။

(စ) သင်္ချာ။

(ဆ) သိပ္ပံ နှင့် ဇီဝဗေဒ

**(ခ)** သင်တန်းသားများသည် မိမိတို့ဖြေကို SMART အတိုင်းအတာနှင့်သုံးကာ အဖြေရှာပေးပါ။
**ဖြစ်နိုင်ခြေရှိသောအဖြေများ –**

(က) ရိုးစဉ်းလွန်းပါသည်။ အဆင့်များမှာ သိပ်ရှင်းလင်းခြင်းမရှိပါ။ သူတို့အောင်မြင်မှုရှိကြောင်းကို ကျွန်ုပ်တို့ မည်သို့သိရှိနိုင်ပါမည်နည်း။

(ခ) ကောင်းသည်။ တိကျပြီး ရှင်းလင်းပါသည်။

(ဂ) ကောင်းသည်။ ခေါင်းစဉ်၊ အရေအတွက်နှင့် အဆင့်များကို တိကျစွာ ခွဲခြားဖော်ပြထားပါသည်။

(ဃ) ရိုးစဉ်းလွန်းပါသည် – အသိပညာများကို မည်သို့ဖော်ပြထားသည်ကိုလည်း သရုပ်ပြထားခြင်းမရှိပါ။

(င) ကောင်းသည် – တိကျပြီး ရှင်းလင်းပါသည်။

(စ) ရိုးစဉ်းလွန်းပါသည် – ကျောင်းသားများသည် မည်သို့နားလည်သဘောပေါက် သွားရမည်ကိုလည်း ဖော်ပြထားခြင်းမရှိပါ။

(ဆ) ကောင်းပါသည် – တိကျပြီး ကျောင်းသားများ မည်သို့နားလည်သဘောပေါက်မည်ကိုလည်း ဖော်ပြထားပေးပါသည်။

**၅။** သင်တန်းသားများသည် B. 2 မှ အချက်များကိုကိုးကားပြီး သင်ခန်းစာ၏ရည်ရွယ်ချက်များကို ပိုမိုကောင်းမွန်အောင် လုပ်ဆောင်တတ်ပါသည်။
သင်တန်းသားအဖွဲ့သည် မိမိတို့လုပ်ဆောင်ထားခဲ့သော သင်ခန်းစာ၏ရည်ရွယ်ချက်များကို ကျောက်သင်ပုန်းပေါ်တွင်သရုပ်ပြပေးပြီး အတန်းလိုက်အနေနှင့်ဆွေးနွေးကာ ပိုမိုကောင်းမွန်လာအောင်လုပ်ဆောင်ပေးပါ။

**ဥပမာ** – ဤသင်ခန်းစာ၏အဆုံးတွင် ကျောင်းသားများသည် စွန့်ပစ်အမှိုက်အကြောင်းကို သိရှိသွားပါမည်။
**တိုးတက်မှုများ** – ဤသင်ခန်းစာ၏အဆုံးတွင် ကျောင်းသားများသည် ...

– အဓိကကျသောအမှိုက်၏ အမျိုးအစားနာမည်ကိုဖော်ပြနိုင်ပြီး ဥပမာကိုလည်းပေးနိုင်ခြင်း။
– စွန့်ပစ်အမှိုက်များဖြစ်ပေါ်ရခြင်းအကြောင်းရင်းကိုလည်း ဖော်ပြပေးနိုင်ပါသည်။
– စွန့်ပစ်ပစ္စည်းများလျော့ချရေးအတွက် အချက် (၅) ချက်ကိုဖော်ပြပေးပါ။ ပြီးလျှင် တစ်ခုချင်းစီကိုလည်း ရှင်းပြပေးပါ။

(က) B. 2 မှာကဲ့သို့ တစ်ဖွဲ့တည်းထဲမှာပင် သင်တန်းသားများသည် B. 2 မှလုပ်ဆောင်ထားခဲ့သော သင်ခန်းစာ၏ရည်ရွယ်ချက်များကို ပြန်လည်ဆွေးနွေးစဉ်းစားပေးပါ။
(ခ) အုပ်စုလိုက်အနေနှင့် ပိုမိုကောင်းမွန်အောင် မည်သို့ပြန်လည်ရေးသားရမည်ကို ဆွေးနွေးစေပါ။
(ဂ) မိမိအုပ်စုက အခြားအုပ်စုနှင့်ဖလှယ်ပြီး အချင်းချင်း ဝေဖန်ချက်များပေးပါ။
(ဃ) သင်တန်းသားများသည် မိမိ၏ကိုယ်ပိုင်မှတ်စုနှင့် သင်ခန်းစာ၏ရည်ရွယ်ချက်ကောင်းများကို ရေးမှတ်ထားပေးပါ။

## D. သင်ခန်းစာအတွက် ကြိုတင်ပြင်ဆင်မှု

**၁။** သင်ခန်းစာကို တိုတောင်းရှင်းလင်းသည့် ဆွေးနွေးခြင်းများနှင့်အစပျိုးပြီး မေးခွန်း (၁ –၃) ကို မေးပါ။ တချို့သောအဖြေများသည် အထက်စာပိုဒ်တွင်ပါရှိပါသည်။

**ဖြစ်နိုင်ခြေရှိသောအဖြေများ –**

**၁။** ဆရာသည် ကောင်းမွန်စွာပြင်ဆင်ထားပြီး သင်ခန်းစာရည်ရွယ်ချက်များကိုလည်း ရှင်းလင်းစွာသိပါသည်။ သင့်လျော်သော သင်ထောက်ကူပစ္စည်းများလည်းရှိသည်။ အချိန်ကို ပိုင်းခြားထားပြီး လုပ်ဆောင်မှုတိုင်းကိုလည်း အချိန်နှင့်ကန့်သတ်လုပ်ဆောင်ပေးပါသည်။

**၂။** သင်ခန်းစာအတွက် ကြိုတင်ပြင်ဆင်မှုများသည် ဆရာအတွက် မည်သို့လုပ်ဆောင်စီမံရမည်ကို အသေးစိပ် ဖော်ပြထားခြင်းမရှိပါ။

**၃။** ဆရာသည် ပြင်ဆင်ထားခြင်းမရှိပါ။ သူ၏သင်ကြားခြင်းသည်လည်း အစီအစဉ်တကျမရှိဘဲ သင်ခန်းစာ၏ရည်ချက်များမှာလည်း ကျောင်းသားများအား ရှုပ်ထွေးစေပါသည်။

**သာမန်သင်ခန်းစာ အဆင့်ဆင့်**

**လေ့လာသင်ယူမှုအဆင့်ဆင့်အတွက် မည်သို့သောသင်ယူမှုများသည် အသုံးဝင်ပါသနည်း။**

**၂။** သင်တန်းသားများအား သင်ခန်းစာအဆင့်များကို စဉ်းစားစေပါ။ အစပျိုးခြင်းအဆင့် Input လုပ်ဆောင်ခြင်းအဆင့် process နှင့် ပြီးဆုံးသောအဆင့် output ဟူ၍ အဆင့်များရှိပြီး ကျောင်းသားနှင့်ဆရာများသည် ထိုအဆင့်များအတိုင်း မည်သို့လုပ်ဆောင်ရမည်ကို စဉ်းစားပါ။

(က) ဇယားကွက်ကို ကျောက်သင်ပုန်းပေါ်တွင်ရေးဆွဲပါ။ သင်တန်းသားများ အလှည့်ကျ (brain-storm) သိသမျှကိုပြောစေပါ။

(ခ) အတန်းလိုက်အနေနှင့် သင်တန်းသားများသည် စာရင်းများကို အစဉ်အလိုက်စီချပါ။ဥပမာ– ပြီးခဲ့သော သင်ခန်းစာကို ပြန်လည်လေ့လာခြင်းသည် သင်ခန်းစာအစပျိုးခြင်းအဆင့် Input ဖြစ်သည်။

(ဂ) သင်တန်းသားများသည် အတန်းမှလုပ်ဆောင်ထားသော checklist များကို ကိုယ်ပိုင်မှတ်စုအနေနှင့် လုပ်ဆောင်စေပါ။

**ဖြစ်နိုင်ခြေရှိသောအဖြေများ –**

| သင်ခန်းစာအဆင့်များ | ဆရာမည်သို့လုပ်ဆောင်ရပါမည်နည်း။ | ကျောင်းသားများ မည်သို့လုပ်ဆောင်ရပါမည်နည်း။ |
|---|---|---|
| သင်ခန်းစာကို စတင်သင်ကြားခြင်းအဆင့်။ **Input** | – သင်ခန်းစာ၏ခေါင်းစဉ်ကို နိဒါန်းပျိုးပေးခြင်း။<br>– ကျောင်းသားများ သိ/မသိကို လေ့လာခြင်း။<br>– သိထားသောအရာများကို ပြန်လည်လေ့လာစေခြင်း။<br>– အသစ်သောအချက်အလက်များကို နိဒါန်းပျိုးပေးခြင်း၊ မိတ်ဆက်ပေးခြင်း။<br>– ကျောင်းသား၏ သင်ခန်းစာအပေါ် နားလည်မှုအတိုင်းအတာကို သိရှိခြင်း။<br>– အမေးအဖြေများကိုလုပ်ပေးခြင်း။<br>– သင်ကြားနည်းပုံစံအမျိုးမျိုးကို သုံးပေးခြင်း။<br>– ဆရာကိုင်စာအုပ်ကိုသာသုံးပေးခြင်း။ (အ ကယ်၍ တစ်အုပ်တည်းသာရှိခဲ့သော်) | – အမေးအဖြေကိုလုပ်ပေးခြင်း။<br>– တစ်ဦးတစ်ယောက် (သို့) နှစ်ယောက်တစ်ဖွဲ့ ဖွဲ့ပေးခြင်း။<br>– သင်ပုန်းရှေ့တွင်ရပ်ပြီး မိမိသိသောအချက်အလက်များကို ဝေငှခြင်း။<br>– တတန်းလုံးအနေနှင့် activity ကိုလုပ်ဆောင်ပေးခြင်း။ |
| သင်ခန်းစာကို သင်ကြားလေ့ကျင့်ခြင်းအဆင့်။ **Process** | – သင်ခန်းစာ စာအုပ်မှပေးထားသောအရာများအတိုင်း လုပ်ဆောင်ခြင်း။ (သို့) အခြား activity ကိုလုပ်ပေးခြင်း။<br>– ကျောင်းသားများလုပ်ဆောင်မှုများကို လေ့လာရန်အတွက် အခန်းတွင်းသို့ လှည့်လည်ကြည့်ရှုခြင်း။<br>– အထူးအကူအညီလိုအပ်သောကျောင်းသားများအတွက် လေ့ကျင့်မှုကိုထပ်တိုး၍ လုပ်ခိုင်းခြင်း။<br>– သင်ကြားခြင်းပုံစံအမျိုးမျိုးနှင့် သင်ပေးခြင်း။<br>– အမေးဖြေလုပ်ပေးခြင်း။ | – သိရှိထားသောအချက်အလက်များကို စုစည်းပေးခြင်း။<br>– တစ်ဦးတစ်ယောက်ခြင်း၊ နှစ်ယောက်တစ်ဖွဲ့၊ အုပ်စုငယ်ဖွဲ့ပြီး လုပ်ဆောင်ခြင်း။<br>– အမျိုးမျိုးသော သင်ကြားနည်းများကို သုံးခြင်း။<br>– အမေးအဖြေများကို လုပ်ပေးခြင်း။ |
| သင်ခန်းစာကို နည်းအမျိုးမျိုးနှင့် လေ့ကျင့်ပြီး သဘောပေါက်သော အဆင့်။ **Output** | – သင်ထားသောသင်ခန်းစာကို ပြန်လည်လေ့လာခြင်း၊<br>– ကျောင်းသားများသိထားသောအရာများကို ပြန်လည်တိုင်းတာသုံးသပ်ခြင်း။<br>– ပိုမိုနက်နဲသောအလုပ်များကို ရှာဖွေပေးခြင်း။ | – အမေးအဖြေများကိုလုပ်ပေးခြင်း။<br>– သင်ခန်းစာမှသင်ယူတတ်မြောက်ထားသောအရာများကို ပြန်လည်သရုပ်ပြခြင်း။<br>– မိမိတတ်ထားသောအရာများကို တိုင်းတာသိရှိခြင်း။ |

**သင်ခန်းစာအတွက် ကြိုတင်ပြင်ဆင်ခြင်း**

**၃။** သင်တန်းသားများ သင်ခန်းစာကို ကြိုတင်ပြင်ဆင်ပြီးလျှင် နာရီဝက်ခန့် မိမိ၏အဖော်ကို သင်ပြစေပါ။ နောက်စာမျက်နှာတွင်ပါရှိသော သင်ခန်းစာအတွက် ကြိုတင်ပြင်ဆင်ထားသောအချက်များကို ကိုးကားယူပါ။ အချိန်ကို သတ်မှတ်ခြင်းနှင့် ပြန်လည်တိုင်းတာသုံးသပ်ခြင်း၊ သင်ခန်းစာများကိုပြင်ဆင်ရာတွင် သင်တန်းသားများသည် အချက် (၁) မှ (၅) ကို စိတ်ထဲတွင်မှတ်ပါ။ *(သင်ခန်းစာ၏ရည်ရွယ်ချက်၊ သင်ထောက်ကူပစ္စည်းများ၊ activities၊ အချိန်ကိုသတ်မှတ်ခြင်းနှင့် ပြန်လည်တိုင်းတာသုံးသပ်ခြင်း။)*

**၄။** သင်တန်းသားများ၏ လုပ်ဆောင်ထားသောအရာများကို (ပုံစံလမ်းပြ) guidelines E မှအတိုင်း ပြန်လည်တိုင်းတာသုံးသပ်မည်ဖြစ်ကြောင်း သူတို့အားပြောပြပေးပါ။
သင်တန်းသားများသည် အလှည့်ကျ သူတို့ပြင်ဆင်ထားသောအရာများကို အဖွဲ့သားများ (သို့) အတန်းသားအား သင်ပြစေပါ။ checklist E မှ ပုံစံနမူနာကိုယူပြီး သင်တန်းသားများ၏လုပ်ဆောင်ချက်များကို တိုင်းတာပါ။ အကယ်၍ သင်တန်းသားများဦးရေများခဲ့သော် အခြားသောဆရာ (သို့) သင်တန်းကြီးကြပ်သူကို အကူအညီတောင်းပါ။ (သို့) သင်တန်းသားများ microteach လက်တွေ့လုပ်ဆောင်နေသောအချိန်ကို မိနစ် (၂၀) မှ (၃၀) သို့ လျှော့ချပေးပါ။
နှုတ်ဖြင့်သော်လည်းကောင်း၊ စာဖြင့်သော်လည်းကောင်း၊ သင်တန်းသားများအချင်းချင်း လုပ်ဆောင်မှုအပြီးတွင် ဝေဖန်ချက်များပေးစေပါ။

**ဝေဖန်ချက်များပေးခြင်း**

**၅။** သင်တန်းသားတိုင်း လက်တွေ့သင်ကြားပြီးနောက်တွင် လုပ်ဆောင်ခဲ့သောအရာများမှ အားသာချက်နှင့်အားနည်းချက်များကို အတန်းလိုက်နေနှင့် ခြုံငုံပြီးဆွေးနွေးပေးပါ။

**မိမိသင်ခန်းစာ ကောင်း/မကောင်းကို ပြန်လည်သုံးသပ်ခြင်း**

**၆။** သင်တန်းသားများသည် မိမိကိုယ်တိုင်ပြင်ဆင်ထားခဲ့သောသင်ခန်းစာကို ပြန်လည်စဉ်းစားစေပြီး သုံးသပ်ရန်အတွက် ပုံစံစာရွက်တွင် မှတ်တမ်းများကိုရေးမှတ်ထားစေပါ။

## E. Assessment

လက်တွေ့စာသင်ခြင်း micro-teaching sessions checklist မိတ္တူကို သင်တန်းသားများအတွက် လုံလောက်စွာ ကူးပေးပါ။ သင်တန်းသားများ သင်ယူသောအချက်များကို မှတ်သားထားပြီး မှတ်ချက်များကိုလည်း ပေးပါ။

**F. အတိုချုံးခြင်း – လေ့လာသင်ယူခြင်းအတွက် ကြိုတင်ပြင်ဆင်ခြင်း**

အဓိကအချက်များပါသောစာရင်းများ ပါရှိပါသည်။

**G. လှုပ်ရှားမှုများနှင့် သုတေသနပြုလေ့လာမှုပြုခြင်း**

၁။ သင်တန်းသားများသည် အပိုပေးထားသော စာပိုဒ်ကိုဖတ်ပါ။

၂။ ယင်း activities ကို ထူးချွန်ထက်မြက်သောသင်တန်းသားနှင့်သာ လုပ်ဆောင်ပါ၊

· The International Network for Emergency Education (INEE) ဆိုသော ပညာရေးကော်မတီသည် တကယ့် အရေးပေါ်အခြေအနေတွင် ပညာရေး လျော်ညီသောအဆင့်ကိုမှီစေရန်အတွက် ဆောင်ရွက်ပေးပါသည်။ အရေးပေါ် အခြေအနေဆိုသည်မှာလည်း လူ့ဘဝကိုရှုပ်ထွေးစေသော သဘာဝဘေး၊ စစ်ဘေးနှင့် ရွှေ့ပြောင်းပြေးလွှားရသောဘေး များကို ဆိုလိုပါသည်။ ယင်းပညာရေးအဆင့်ကိုလည်း ကမ္ဘာ့အဆင့်မှီပညာရေးအဆင့်ကို ရှေ့ရှု၍ ရည်ရွယ်ကြောင်း ကိုလည်း ဖော်ပြထားသည်။

ယင်းလေ့ကျင့်ခန်းသည် သင်တန်းသားများအား မိမိတို့ကျောင်း၏ ပညာရေးအဆင့်သည် မည်သည့်အဆင့် အခြေအနေတွင်ရှိနေသည်ကို ချင့်ချိန်စဉ်းစားနိုင်ရန် တိုက်တွန်းထားပါသည်။ ပြီးလျှင် သူတို့အား ထပ်ဆင့်လုပ်ဆောင် ရန် သင်ခန်းစာ (၇) တွင် သင်ကြားနည်း (၄) ခုမှ (၁) ခုကို ရွေးချယ်ထားပါသည်။

# သင်ခန်းစာ (၈)
# အဆင့်ဆင့်တိုးတက်မှု၊ ပြန်လည်ဝေဖန်ခြင်းနှင့် အောင်မြင်မှုကိုသုံးသပ်ခြင်း
**Progress, Feedback and Assessment**

## A. အောင်မြင်မှုကို သုံးသပ်ခြင်းဆိုသည်မှာ အဘယ်နည်း

သင်တန်းသားများသည် စာပိုဒ်များတွင်ပါသောအချက်အလက်များကို နားလည်စေရန်အတွက် သေချာစေပါမည်။

**အောင်မြင်မှုကိုသုံးသပ်နိုင်သောနည်းလမ်းများ**

**၁။** သင်တန်းသားများသည် ကျောင်းသားများတိုးတက်မှုကိုပြန်လည်စစ်ဆေးသော မည်သည့် activities ကို သုံးထားပါသနည်း။

**အဖြေများ** – အားလုံး

**၂။** သင်တန်းသားများသည် သင်ခန်းစာ၏ရည်ရွယ်ချက်များကိုလေ့လာပြီး A.1 မှ မည်သည့် assessment နည်းက ရည်ရွယ်ချက်တစ်ခုစီနှင့် သင့်လျော်မှုရှိသည်ကို သင်တန်းသားများ ဆုံးဖြတ်ပါစေ။ အောက်တွင် ဖြစ်နိုင်ခြေရှိသောအဖြေကို ပေးထားပါသည်။

**အဖြေများ** – a. 1,4 b.1,2 c. 3,5 d.1 , e. 4,8 f. 4,8 g.7 h. 3,5

**၃။** နှစ်ယောက်တစ်ဖွဲ့ဖြင့် သင်တန်းသားမှ A.1 မှ မည်သည့် assessment နည်းများကို မည်သည့်အချိန်တွင် သုံးရမည်ကို ဆုံးဖြတ်စေပါ။

**အဖြေများ** – သင်ခန်းစာ၏အစ၊ အလည်၊ အဆုံး အနေအထားအမျိုးမျိုးတွင် A.1 မှ assessment နည်းများကို သုံး၍ရပါသည်။

သင့်လျော်သောအဆင့်နှင့် သင့်လျော်သောအတန်းကို ရွေးချယ်သင်ကြားပေးပါ။ အသုံးပြုမည့်နည်းလမ်းကို အခြေခံပြီး ရလဒ်များသည် သင့်လျော်သောအတတ်ပညာများ (skills) နှင့် သင်ယူခြင်းများကို ရရှိစေပါမည်။

သင်ခန်းစာ၏အဆုံးတွင် assessmentပြန်လည်တိုင်းတာစစ်ဆေးခြင်း စာမေးပွဲများ၊ ပြန်လည်စမ်းစစ်ခြင်းများကို လုပ်ဆောင်ပါသည်။ အမှား/အမှန်ကိုသာဖြေရသောမေးခွန်းများကို မေးခြင်းသည် ကျောင်းသားများအတွက် အမြဲတမ်းမကောင်းပါ။ အကောင်းဆုံးနှင့် အညီမျှဆုံးသော assessment ပြန်လည်တိုင်းတာစစ်ဆေးခြင်းမှာ သင်ခန်းစာတလျှောက်လုံး စစ်ဆေးလုပ်ဆောင်ခဲ့သောအရာများနှင့် သင်ခန်းစာအဆုံးပိုင်းတွင် လုပ်ဆောင်ခဲ့သောအရာများကို ပူးပေါင်းကာ အမှတ်ပေးခြင်း ဖြစ်ပါသည်။

**B. သင်ခန်းစာ၏အစတွင်လုပ်ရသော သုံးသပ်ခြင်း**

activities နှင့် Cue card များကို သင်တန်းကြီးကြပ်သူကိုင်စာအုပ်၏အဆုံးပိုင်း စာမျက်နှာ (၁၀၀) တွင် တွေ့ရပါသည်။

၁။ ကျောင်းသားများကို အဖွဲ့ (၃) ဖွဲ့ ခွဲပေးပါ။ အဖွဲ့တိုင်းကို case studies တစ်ခုစီ ဝေပေးပါ။ အကယ်၍ အတန်းက လူဦးရေများနေပါက အဖွဲ့ကို (၆) ဖွဲ့ခန့်ဖွဲ့ပေးပြီး (၂) ဖွဲ့လျှင် case studies တစ်ခုစီကို လုပ်ဆောင်စေပါ။

၂။ သင်တန်းသားများသည် သူတို့၏ case studies ကို မိနစ်အနည်းငယ်ခန့် ဆွေးနွေးစေပါ။

၃။ ပြီးလျှင် အတန်းသို့ အဖွဲ့လိုက်အနေဖြင့် လိုရင်းတိုရှင်းနှင့် ပြန်လည်တင်ပြပေးပါ။ အဖွဲ့တိုင်းအား Cue card အမှတ် (၂) ကိုပေးပါ။ အဆင့် (၁) မှပေးထားသော case studies များ၏ ဖြစ်နိုင်ခြေရှိသော အဖြေများကိုမူ အဆင့် (၂) တွင်ရှိသော Cue card ၏အစပိုင်းတွင် ပါရှိပါသည်။

**သင်ခန်းစာ၏ အဓိကအချက်များ** – ပြန်လည်လေ့လာစစ်ဆေးခြင်းများ၏အစပိုင်းသည် ဆရာနှင့်ကျောင်းသား၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရပါမည်။

၄။ သင်တန်းသားများသည် သူတို့၏ case studies ကို မိနစ်အနည်းငယ်ခန့်ဆွေးနွေးစေပါ။

၅။ ပြီးလျှင် အတန်းသို့ အဖွဲ့လိုက်အနေဖြင့် လိုတိုရှင်း ပြန်လည်တင်ပြပါ။

**ဖြစ်နိုင်ခြေရှိသောအဖြေများ –**

**A.2 – ၁ ။** ဆရာသည် အားနည်းသော ကျောင်းသားများနှင့် (၄၅) မိနစ်ခန့်ဆွေးနွေးစေပြီး liner equations ကို သင်ပေးပါ။

၂။ ကျန်သောကျောင်းသားများကို ပြန်လည်လေ့ကျင့်ခန်း လုပ်ခိုင်းထားပါသည်။ အားလုံးပြီးသွားလျှင် တတန်းလုံးကို တက်ကြွစေသောမေးခွန်းများကို ပြင်ဆင်မေးမြန်းစေပါ။

**B.2** – ၁၊ ၃။ တစ်တန်းလုံးကို မှတ်စုရေးတတ်ရန်အတွက် သင်ပေးပါ။ အဘယ်ကြောင့်ဆိုသော် အကျိုးရှိသည်ဟု ယူဆသောကြောင့်ဖြစ်ပါသည်။

၂။ ဆရာသည်ကျောင်းသား (၄) ယောက်ကို စာလုံးပေါင်းစာရွက်ကိုပေးပြီး ထိုရက်သတ္တပတ်အတွက် သင်ခန်းစာနှင့်ဆိုင်သည့် အရေးပါသော စာလုံး (၁၀) လုံး၏အဓိပ္ပါယ်ကိုနားလည်စေပြီး ဝါကျများဖွဲ့ပေးရပါမည်။

**C. 2** – ဆရာမသည် ကျောင်းအုပ်ကို မည်သည့်အခက်အခဲမှမရှိပါ၊ တစ်ယောက်တည်းလုပ်ဆောင်နိုင်ပါသည်ဟု ပြောပါသည်။

အိမ်၏အကြပ်အတည်းကြောင့် အဲအဲသည် ဘော်ဒါဆောင်မှကလေးများနှင့်အတူ မနက်စာကိုစားရပါသည်။

စိုးစိုးအတွက် ကျောင်းစာများကို ပိုမိုပြီးလုပ်ဆောင်စေရန်အတွက် ဆရာမက စဉ်းစားပေးနေသည်။ (၁) မိနစ်လုပ်နိုင်သောအလုပ်ကို (၂) မိနစ်လောက်တိုး၍လုပ်စေပြီး အောင်မြင်စွာလုပ်ဆောင်ခဲ့သောအရာများအတွက် ချီးမွမ်းပေးခြင်း၊ အားပေးခြင်းအားဖြင့် သင်ယူမှုကို ပိုမိုအားစိုက်စေပါသည်။

ဆရာမသည် ကျော်ကျော်၏အရှေ့တွင်ရပ်ပြီး ခန္ဓာကိုယ်လှုပ်ရှားမှုကိုသုံးကာ စကားပြောရန် ကြိုးစည်ထားပါသည်။ ကျော်ကျော်သည် သင်ခန်းစာသင်တိုင်း အားလုံးနားလည်လိုက်နိုင်ကြောင်းကို ဆရာမအနေနှင့် သေချာအောင် လုပ်ဆောင်ပါသည်။

**သင်ခန်းစာ၏အဓိကအချက်များ –** ဆရာများသည် ကျောင်းသားများ၏ လိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်ရန်အတွက် ကြိုဖန်တီထွင် ပြင်ဆင်လုပ်ဆောင်ပေးရပါမည်။

## C. သင်ခန်းစာလုပ်စဉ်တွင် သုံးသပ်ပေးခြင်း

**မိမိကိုယ်ကို ပြန်လည်သုံးသပ်ခြင်း။ ကျွန်ုပ်တို့ မည်သို့လုပ်ဆောင်ရပါမည်နည်း။**

၁။ အဖြေများသည် သင်တန်းသားများ၏ အဆင့်ဆင့်တိုးတက်မှုအပေါ်တွင် မူတည်ပါသည်။ သူတို့၏သဘော ပေါက်နားလည်မှုသည်လည်း သူတို့၏ အဆင့်ဆင့်လေ့လာတိုးတက်မှုအပေါ်တွင် မူတည်ပါသည်။

**ကျောင်းသားများ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်သုံးသပ်ဝေဖန်ချက်ပေးခြင်း**

**ဝေဖန်တင်ပြခြင်း - သင်ဘာတွေလုပ်နေသနည်း။**

**ဖေးမထောက်ပံ့မှုကိုပေးသော ဝေဖန်ချက်**

၂။ နှစ်ယောက်တစ်တွဲနှင့် အထောက်အကူဖြစ်စေသော ဝေဖန်ခြင်းမျိုးသည် မည်သည့်ဝေဖန်ခြင်းမျိုးဖြစ်သည်ကို ဆုံးဖြတ်စေပါ။ အဘယ်ကြောင့် ယင်းသို့ဆုံးဖြတ်သည်ကို ရှင်းပြပါ။

(က) ဝေဖန်ချက်များကို သင်တန်းသားများသည် အထောက်အကူဖြစ်သော ဝေဖန်ခြင်း ဟုတ်/မဟုတ်ကို ကြက်ခြေခတ် (သို့) အမှတ်တစ်ခုခုလုပ်စေပါ။

(ခ) သင်တန်းသားများသည် အထောက်အကူဖြစ်စေသော ဝေဖန်ခြင်း ဟုတ်သည်/မဟုတ်ကို ဆုံးဖြတ်ပါစေ။

(ဂ) အဖြေများကို အခြားအတွဲများနှင့်ဖလှယ်ပြီး အထောက်အကူဖြစ်စေသောဝေဖန်ခြင်းကို ပြုလုပ်ပေးပါ။

- ကောင်းလျှင် မည်သည့်အချက်က မည်သို့ကောင်းသည်ကိုဖြေပါ။
- ပိုမိုကြိုးစားရန်လိုအပ်သည့်အရာများကိုလည်း တိကျစွာဖော်ပြပေးပါ။
- တိုးတက်ရန်အတွက်အကြံများပေးခြင်းကို ကျောင်းသားများအားပါဝင်စေပါ။

(ဃ) အတန်းလိုက်အနေနှင့် အဖြေများကို ဆွေးနွေးစေပါ။

**အဖြေများ –**

*၁။ မည်သည့်အရာများ မှားယွင်းနေသည်ကို မရှင်းပြထားပါ။*

*၂။ မည်သည့်အရာများ ကောင်းသည်ကို မရှင်းပြထားပါ။*

*၃။ မည်သည့်အရာများ မှားယွင်းနေသည်ကို မရှင်းပြထားပါ။ ယင်းသို့ထပ်လုပ်ပါက ကျောင်းသားများအား "ငတုံး"ဟူသော ခံစားချက်များကို ဖြစ်ပေါ်စေတတ်ပါသည်။*

*၄။ ကျောင်းသားများ၏ လုပ်ဆောင်မှုသည် မည်သို့ပင်အမှားများရှိနေစေကာမူ အဆိုးမြင်ဝါဒနှင့်ပြန်လည် ဝေဖန်မှုပေးလျှင် အခြေအနေပို၍ဆိုးသွားပါမည်။*

*၅။ မည်သည့်အရာများ မှားယွင်းနေသည်ကို မရှင်းပြပါ။ ကျောင်းသားများကိုလည်း အဆိုးမြင်သဘောနှင့် ဝေဖန်ခြင်း။*

*၆။ မည်သည့်အရာများသည် မှားယွင်းနေသည်ကို မရှင်းပြထားပါ။*

*၇။ ကောင်းသောအရာများကို ရှင်းပြထားပါသည်။ အနည်းငယ်သာကောင်းသောအရာများကို ရှင်းပြသည်။ ကျောင်းသားများကို မည်သို့တိုးတက်အောင်လုပ်ဆောင်ရမည်ကို လုပ်ဆောင်ခိုင်းစေပါသည်။*

**အမှတ်ပေးခြင်း**

**၃။** ယင်းအခြေအနေကို အတန်းလိုက်နေနှင့် ဆွေးနွေးစေပါ။

**(က) အဖြေများ** – မှားမှန်ရောထွေး၊ အမှန်ရေးသည် အမှတ်ရရှိစေရန် ပိုလွယ်ကူပါသည်။စာစီစာကုံး ရေးခြင်းသည် ပိုမိုရှုပ်ထွေးပါသည်။

**(ခ)** အဖြေများသည် သင်တန်းသားများ၏ အတွေးအခေါ်နှင့် အကြိုဉာဏ်များအပေါ်တွင်မူတည်ပါသည်။

– Two point scale နှင့် ပြန်လည်ဝေဖန်ပေးခြင်းသည် ကျောင်းသားများ သင်ခန်းစာ ရည်ရွယ်ချက်များကို ရယူဆည်းပူးနိုင်ရန်အတွက် ဖေးမပေးပါသည်။

– Two point scale သည် မည်သည့်ကျောင်းသားသည် လုပ်နိုင်သည်/မလုပ်နိုင်သည်ကို ညွှန်ပြနိုင်စွမ်းရှိပါသည်။ အဘယ်ကြောင့်ဆိုသော် စိတ်ကြိုက်အမှတ်ပေးသောကြောင့်ဖြစ်သည်။

– နံပါတ်နှင့်ပေးသောအမှတ်သည် တိကျပြီး အမှား/အမှန်ကိုလည်း သင့်လျော်သလိုပေးကာ အဖြေများကိုလည်း သူ့အပိုင်းနှင့်သူ တန်ဖိုးဖြတ်၍ထားပါသည်။

– နံပါတ်နှင့်ဆိုလျှင် ကျောင်းသား၏ စုစုပေါင်းအမှတ်ပျမ်းမျှခြင်းကိုရှာရသည်မှာ လွယ်ကူပါသည်။

– နံပါတ်များနှင့်အမှတ်ပေးခြင်းသည် ကျောင်းသားများမည်သို့ ဆက်ကြိုးစားရမည်ကို ဖော်ပြထားခြင်းမပါရှိပါ။ ဆွေးနွေးခြင်းနှင့် မှတ်ချက်များပေးခြင်းများပါမှသာလျှင် မည်သို့ဆက်လက်ကြိုးစားရမည်ကိုသိရှိနိုင်ပါသည်။

– ကျောင်းသားများသည် မိမိတို့ မည်သို့တိုးတက်အောင် ဆက်လက်ကြိုးစားမှုလမ်းကိုရှာရမည့်အစား တစ်ဦးနှင့်တစ်ဦးရရှိသောအမှတ်များကိုသာ ယှဉ်ပြိုင်တိုင်းတာကြပါသည်။

**မှတ်တမ်းများကို ရေးမှတ်ခြင်း**

၄။ ယင်းခေါင်းစဉ်နှင့်ပတ်သက်ပြီး သင်တန်းသားများ နှစ်ယောက်တစ်ဖွဲ့ ဆွေးနွေးပါ။

**ဖြစ်နိုင်ခြေရှိသောအဖြေများ –**

– ဆရာသည် ကျောင်းသားများ၏ တိုးတက်မှုအဆင့်ဆင့်ကို လေ့လာမှတ်သားခြင်း။

– ဆရာသည် ကျောင်းသားတစ်ဦးတစ်ယောက်စီ၏ အခက်အခဲများကို လွယ်ကူစွာမြင်တွေ့နိုင်ခြင်း။

– ဆရာသည် ရရှိထားသောအချက်အလက်များကိုသုံးကာ ကျောင်းသားတိုးတက်မှုအတွက် ဆွေးနွေးနိုင်ခြင်း။

– ဝေဖန်ချက်များတွင် Two point scale ကိုသုံးသည့်အခါတွင် ဆရာအနေနှင့်သိရှိထားရန်မှာ ကျောင်းသားသည် သင်ခန်းစာ၏ရည်ရွယ်ချက်များအား နားလည်မှုအတိုင်းအတာ မည်မျှရှိသည်ကို သိရှိရပါမည်။

– ဆရာသည် မှတ်တမ်းများကို အမြဲပြန်လည်သုံးသပ်စစ်ဆေးခြင်း (နောက်ဆုံးအဆင့်) တွင် ပြန်သုံးကောင်းသုံးနိုင်ပါသည်။

၅။ အုပ်စုငယ်ဖွဲ့ကာ မှတ်တမ်းများကို မှတ်သားသောပုံစံကို ဆွဲပေးပါ။

(က) သင်တန်းသားများတွင် လုံလောက်သောအချက်အလက်များ ရှိ/မရှိကို စစ်ဆေးပေးပါ။ အတန်း၊ ဘာသာရပ်၊ ကျောင်းသားနာမည်၊ ပြန်လည်စစ်ဆေးလေ့လာသောနေ့စွဲ၊ ရလဒ်။

| ကျောင်းအမည် – ထွန်းလင်းနေ | | | အတန်း – ပထဝီဝင် ၉ | | | | စာသင်နှစ် – ၂၀၁၀ – ၁ | |
|---|---|---|---|---|---|---|---|---|
| စစ်ဆေးခြင်း | စာစီစာကုံး | စမ်းသပ်မှု | စီမံကိန်း | စကားပြော | စာစီစာကုံး | စီမံကိန်း | စမ်းသပ်မှု | အိမ်စာ |
| ရက်စွဲ | ၂၄/၆ | ၁၄/၇ | ၁၇/၇ | ၁၃/၈ | ၂၇/၈ | ၃/၉ | ၇/၉ | စာသင်နှစ် ၁ |
| တင်မောင်သန်း | ၇၆% | ၅၁% | ၃၈% | | | | | |
| ကူးကူး | ၅၂% | ၇၉% | ၇၀% | | | | | |
| ခွန်အောင် | ၆၆% | ၆၃% | ၆၁% | | | | | |
| ကြိမ်းစံ | ၄၅% | ၅၀% | ၆၉% | | | | | |

**ဥပမာ –**

(ခ) ကျောင်းသားများသည် မိမိတို့ပုံစံစာရွက်များကို ဖလှယ်ကြပြီး အထောက်အကူဖြစ်စေသော ဝေဖန်ခြင်းကို လုပ်ဆောင်စေပါ။

(ဂ) အကယ်၍ အဖွဲ့အနေဖြင့် အသုံးဝင်မည်ဟုထင်လျှင် ဝေဖန်ခြင်းအပေါ်၌ အခြေခံထားသည့်စာရွက်များကို ဖလှယ်ပေးပါ။

(ဃ) မှတ်တမ်းတင်ထားသောစာရွက်နှင့်ပတ်သက်ပြီး အတန်းလိုက်အနေနှင့် ဆွေးနွေးပေးပါ။

(င) သင်တန်းသားများသည် မိမိတို့ကိုယ်ပိုင်ရေးထားသောမှတ်တမ်းများကို ကိုယ်တိုင်သိမ်းထားပေးပါ။

**ပြန်လည်လေ့လာစစ်ဆေးခြင်းအတွက် နမူနာဖော်ပေးခြင်း**

၆။ ဤလေ့ကျင့်ခန်း၏ ရည်ရွယ်ချက်သည် သင်တန်းသားများက မိမိကိုယ်ပိုင်အအကြံဉာဏ်များနှင့် လုပ်ဆောင်ထားသောအရာများကို မိမိ၏လုပ်ငန်းခွင်တွင် ပြန်လည်အသုံးချတတ်ရန်အတွက်သာဖြစ်သည်။

**ဖြစ်နိုင်သောအဖြေများ –**

၁။ သင့်လျော်သော cue card များကိုပြင်ဆင်ထားပေးပြီး ယှဉ်တွဲပေးရန်၊ တူသောအချက်များကို ရွေးထုတ်ပေးရန်၊ ဆွေးနွေးရန်၊ case studies လုပ်ရန်။

၂။ ရောင်းသူ ဝယ်သူဇာတ်လမ်းတိုအကြောင်းကို ရုပ်ပုံကဒ်များသုံးပြီးလုပ်ပါ။ (လက်ဘက်ရည် (၂) ခွက်၊ ထမင်း (၄) ပန်းကန်၊ ကြက်၊ ဝက်) စားစရာစာရင်း။

၃။ ယှဉ်တွဲခြင်း – စာလုံးရေးထားသောကဒ်နှင့် သူ၏အဓိပ္ပါယ်ရေးထားသောကဒ်များကို ရောထွေးထားကာ တူသောအတွဲကို ရှာဖွေထုတ်စေခြင်း။

၄။ ရွေးထုတ်ခြင်း – နို့တိုက်သတ္တဝါအကြောင်းကိုရေးထားသော ကဒ်အချို့နှင့် မရေးထားသောကဒ်အချို့။

**၇။** လှုပ်ရှားမှုများကို ပြန်လည်သုံးသပ်ခြင်း –

- ညွှန်ကြားချက်များ ရှင်းလင်းမှုရှိပါသလား။

ကျောင်းသားများသည် သူတို့၏အတွေ့အကြုံ ဗဟုသုတများကို ထည့်သွင်းလေ့ကျင့်ခဲ့ပါသလား။ ဆရာသည် တပည့်များ၏ ကျွမ်းကျင်မှုအား ဆန်းစစ်စစ်ဆေးမှုပြုပါသလား။

သင်တန်းသားများသည် မိမိတိကိုယ်တိုင် activities ကိုလုပ်ဆောင်ပြီး ပြန်လည်သုံးသပ်ပေးပါ။

## D. ပြန်လည်လေ့လာစစ်ဆေးခြင်း၏ အဆုံးပိုင်း – လေ့လာစစ်ဆေးခြင်း အနှစ်ချုပ်

**စာမေးပွဲများ**

**ပြန်လည်လေ့လာသုံးသပ်ခြင်း**

**၁။** သင်တန်းသားများသည် ဘာသာရပ်နှင့်သင့်တော်သော ပြန်လည်လေ့လာတိုင်းတာသုံးသပ်သည့်အရာများကို ထောက်ခံမှုများပြုစေပါ။ အဖြေသည် ဘာသာရပ်အပေါ်တွင်သာမူတည်ပါသည်။ မေးခွန်းများမှာ –

(က) သင်တန်းသားများမှ ဘာသာရပ်၊ အတန်းတို့နှင့် သင့်လျော်သည့် Assessment နည်းလမ်းများကို ရွေးချယ်စေပါ။ Assessment သည် မည်သည့်အရာများကို တိုင်းတာပါသနည်း။ မှတ်မိခြင်း လော၊ နားလည်သဘောပေါက်ခြင်းလော၊ လက်တွေ့တွင် မိမိ၏ဗဟုသုတကိုသုံးခြင်းလော၊ ပြဿနာများကိုဖြေရှင်းခြင်းလော၊ မည်သို့လုပ်ဆောင်နိုင်ပါသနည်း။

(ခ) နောက်ဆုံးအဖြေ၏ရလဒ်ကို မည်သို့တွက်ချက်ရမည်ကို သင်တန်းသားများမှ ဆုံးဖြတ်ပါစေ။ သင်ခန်းစာအဆုံးတွင် ကျောင်းသားများ နားလည်မှုကို စစ်ဆေးစေရန်အတွက် စာမေးပွဲစစ်ခြင်း။ (သို့) အမြဲတမ်း ပြန်လည်လေ့လာစစ်ဆေးခြင်း (သို့) နှစ်ခုစလုံးလုပ်ဆောင်ခြင်း စသည်ဖြင့် ဆုံးဖြတ်ပေးပြီး (၁) ခုစီ ရာခိုင်နှုန်း မည်မျှစီ ရရှိမည်ဖြစ်ကြောင်း အဆင့်ဆင့်ကို ရှင်းပြပေးရပါမည်။

**Vocabulary check**

၂။ သင်တန်းသားများသည် အဓိပ္ပါယ်ဖွင့်ဆိုချက်များနှင့် ယူဆသိမြင်ချက်များကို ရေးချပေးပါ။

**ဖြစ်နိုင်ခြေရှိသော အဖြေများ –**

၁။ သင်ခန်းစာ၏အစတွင် စပြီး Assessment လုပ်ခြင်း။

၂။ သင်ခန်းစာ၏အလယ်တွင် Assessment လုပ်ခြင်း။

၃။ သင်ခန်းစာ၏အဆုံးတွင် Assessment လုပ်ခြင်း။

၄။ ကျောင်းသားများသည် မိမိတို့၏ အဆင့်ဆင့်တိုးတက်မှုကို ပြန်လည်လေ့လာတိုင်းတာခြင်း။

၅။ အခြားသင်တန်းသားများ၏ ဝေဖန်ချက်များနှင့် Assessment လုပ်ခြင်း။

၆။ နောက်ဆုံး ဆန်းစစ်ခြင်းအတွက် အထောက်အကူပြုသည့် Assessment *(သင်ခန်းစာကိုလုပ်နေစဉ်အတွင်း ပြန်လည်လေ့လာတိုင်းတာခြင်း)*

## E. Assessment

သင်ခန်းစာ၏အဓိကအချက်များအား check list ဇယား digram များဖြင့် ပြင်ဆင်ပေးပါ။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

– သင်ယူခြင်းနှင့် တိုးတက်မှုကိုတိုင်းတာသည့် Assessment

– Assessment (၃) မျိုးမှာ သင်ခန်းစာ၏ အစပိုင်း၊ အလယ်ပိုင်းနှင့် အဆုံးပိုင်းတွင်လုပ်သော Assessment

– Assessment လုပ်သည့်နည်းသည် သဘောပေါက်ခြင်း၊ အတတ်ပညာများနှင့် အံဝင်ခွင်ကျရပါမည်။

– Assessment လုပ်ခြင်း၏ အစသည် ဘာသာရပ်ဆိုင်ရာဗဟုသုတ၊ သင်ခန်းစာ၏ အဓိကဘာသာရပ်ဆိုင်ရာအတတ်များနှင့် တစ်ဦးတစ်ယောက်စီ၏လိုအပ်ချက်များကို လေ့လာတိုင်းတာပါသည်။

– သင်ခန်းစာအတွက်လုပ်သော Assessment သည် ကျောင်းသားများ တိုးတက်ရန်နှင့် သင်ခန်းစာကိုနားလည်သဘောဘောပေါက်ရန်အတွက် ဖေးမပါသည်။

– ဝေဖန်ချက်များသည် အမြဲတမ်းအထောက်အကူဖြစ်စေသော ဝေဖန်ခြင်းမျိုးသာဖြစ်ရပါမည်။ မည်သည့်အရာသည် ကောင်းသည်၊ မည်သည့်အရာကို ကြိုးစားရဦးမည်လည်း တိကျစွာဖော်ပြပေးရပါမည်။

– အချင်းချင်းနှင့် မိမိဘာသာ Assessment လုပ်ခြင်းများသည် ကျောင်းသားများအား သူတို့လုပ်ဆောင်ချက် မည်မျှတိုးတက်ကောင်းမွန်ကြောင်းကို ပြောပြပါသည်။

– ဆရာသည် ကျောင်းသားများတိုးတက်မှုအဆင့်ဆင့်ကို မှတ်တမ်းတင်ရေးမှတ်ပေးရပါသည်။

– သင်ခန်းစာ၏အဆုံးပိုင်းတွင်လုပ်သော Assessment သည် အမြဲတမ်းလေ့လာတိုင်းတာခြင်းနှင့် နောက်ဆုံးစာမေးပွဲကိုရောထားသော တိုင်းတာခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။

# သင်ခန်းစာ (၉)
# စာသင်ခန်းကို စီမံခန့်ခွဲခြင်း

**Classroom Management**

## A. စာသင်ခန်း၏ စီမံခန့်ခွဲမှုကြား အဘယ်နည်း

**ခြားနားမှုကိုတွေ့ရှာတ်ခြင်း**

**၁။** သင်တန်းသားများသည် ရုပ်ပုံနှစ်ပုံ ခြားနားပုံကိုလေ့လာပြီး ကျောင်းသားများသည် မည်သည့်ပုံ၌ ပို၍ကောင်းမွန်စွာလုပ်ဆောင်နိုင်သည်ကို ဆွေးနွေးပေးပါ။

**ဖြစ်နိုင်ဖြေရှိသော အဖြေများ –** ကျောင်းသားများသည် သူတို့စိတ်ဝင်စားသောအရာနှင့် သူတို့ကိုလုပ်ဆောင်စေချင်သောဆန္ဒရှိလျှင် သင်ခန်းစာ၌ ပိုမို၍ ထူးချွန်ပါသည်။ ဆရာအနေနှင့် ကျောင်းသားများသည် သင်ခန်းစာကို စိတ်ပါဝင်စားစေရန် နည်းအမျိုးမျိုးဖြင့် စွမ်းဆောင်ပေးနိုင်ပါသည်။

## B. နည်းပညာ

### Classroom skills

၁။ အတတ်ပညာများကို သရုပ်ပြပေးပါ။ သင်တန်းသားများ မှတ်စုရေးထားပေးပါ။

**ကျောင်းသားများ၏စိတ်ဝင်စားမှုကိုရရှိစေရန် လုပ်ဆောင်နည်း – *"အိုကေ – စမယ်ဟေ့"*** ဆိုပြီး အသံကို မြှင့်ပြောပါ။ စကားပြောနေသောကျောင်းသားများနှင့် မတ်တပ်ရပ်နေသော ကျောင်းသားအနီးသို့သွား၍ မျက် လုံးကို သေသေချာချာကြည့်ကာ ***"သင်ခန်းစာ စတော့မယ်။ ပြောဖို့လိုလျှင်လည်း ထိုင်နိုင်ပြီး (သို့) ဘာလို့မထိုင်တာ လဲ"*** ဟု မေးပါ။ သင်ခန်းစာကိုမစခင်တွင် အားလုံးငြိမ်သက်စေရန် စောင့်ပေးပါ။

**အသံအထားအသို** – ကျောင်းသားကိုင်စာအုပ်ကိုသုံးပြီး ဖတ်ပါ။ အစတွင် ဖြည်းညင်းစွာဖြင့် စာကိုဖတ်ပြီး ခေါင်းကိုငုံ့ကာ ဖတ်ပေးပါ။ ပြီးမှ ခေါင်းကိုမော့ပြီး အသံကိုမြှင့်ကာ ***"အနောက်ဘက်မှာထိုင်တဲ့ကျောင်းတွေရော ကြား သလား"*** ဟူ၍မေးပေးပါ။ မိမိဖတ်နေသည့်အရာများကိုလည်း စိတ်ဝင်စားမှုရှိစေရန် အသံအထားအသို အနိမ့်အမြင့် ကိုယ်ဟန်အမူအရာများကို သင့်လျော်သလို အမျိုးမျိုးလုပ်ပေးပါ။

**အကြည့် (မျက်လုံးနှင့်ထိတွေ့ဆက်သွယ်မှု)** – ဆရာသည် မိမိ၏ကျောင်းသားတိုင်းကို အကြည့်နှင့်ထိတွေ့ ဆက်သွယ်မှုကို လုပ်ပေးပါ။ (စာကိုဖတ်ပြနေလျှင် မျက်လုံးကိုပင့်ပြီး ကျောင်းသားများကို ဝေ့၍ကြည့်ပေးပါ။)

**အတန်းထဲတွင် လှည့်ပတ်လှည့်လည်ခြင်း** – ဆရာသည် ကျောင်းသား၏စားပွဲခုံတွင်ရပ်ကာ ကျောင်းသား များနားလည်သဘောပေါက်မှုကို စစ်ဆေးသောအားဖြင့် မေးခွန်းများမေးပေးပါ။

**ကျောင်းသင်ပုန်းကို အသုံးပြုခြင်း** – ဆရာသည် မိမိ၏ကျောကို အတန်းဖက်သို့လှည့်ကာ စာရေးပေးပါ။ ကျောက်သင်ပုန်းအရှေ့တွင်ရပ်ပါ။ သင်တန်းသားများကိုကြည့်ခိုင်းပါ။ ပြီးလျှင် သင်တန်းသားများအား မည်သည့် နေရာသို့ အာရုံစိုက်ရမည်ကိုညွှန်ပြပါ။ ထို့နောက် ကျောက်သင်ပုန်းဘက်သို့ ကိုယ်တစ်ခြမ်းစောင်းပေးပြီး စာရေး နည်းကို သရုပ်ပြပေးပါ။

၂။ သင်တန်းသားများသည် သူတို့မှတ်စုထဲမှ လေ့ကျင့်ရန်အတွက် ကောင်းသောအချက်များကို ကောက်နုတ် ပြီး ကျောက်သင်ပုန်းတွင် ရေးချပါ။

**အဖြေများ** – သင်တန်းသားများ၏မှတ်စုတွင် အောက်ပါပေးထားသော အချက်များပါဝင်ရပါမည်။

**ကျောင်းသားများ၏စိတ်ဝင်စားမှုကိုရရှိစေရန်လုပ်ဆောင်နည်း** – စကားများသောသော ကျောင်းသားဆီသို့ ချဉ်းကပ်သွားပါ။ မျက်လုံးနှင့် ထိတွေ့ဆက်သွယ်ပါ။ မိမိဖြစ်စေချင်သောအရာများကိုပြောပါ။ သင်ခန်းစာမစခင် တစ်တန်းလုံးငြိမ်အောင်စောင့်ပါ။

**အသံထားအသို** – အသံကို ကျယ်ကျယ် ရှင်းရှင်း ဖြေးညင်းစွာပြောပေးပါ။

**အကြည့် (မျက်လုံးနှင့်ထိတွေ့ဆက်သွယ်မှု)** – ဆရာသည် မိမိ၏ကျောင်းသားတိုင်းကို အကြည့်နှင့် ထိတွေ့ ဆက်သွယ်မှုကိုလုပ်ပေးပါ။

**အတန်းထဲတွင် လှည့်ပတ်လှည့်လည်ခြင်း** – ဆရာသည် ကျောင်းသား၏စားပွဲခုံတွင်ရပ်ကာ မေးခွန်းများ မေးပေးပါ။

**ကျောင်းသင်ပုန်းကို သုံးနည်းအနေအထား** – ဆရာသည် မိမိကျောက်သင်ပုန်းနှင့် ကျောင်းသားကိုမြင်ရသော အနေအထား နေပေးပါ။ ကျောင်းသားများကို ကျောဘက်ပေးပြီး မရပ်ပါနှင့်။ သို့မှသာလျှင် ကျောင်းသားများသည်

ကျောက်သင်ပုန်းကိုမြင်ရပါမည်။

၃။ သင်တန်းသားများသည် supplementary activities A. Presentation skills ကိုလုပ်စေပါ။ ယခင်က လုပ်ခဲ့ဖူးသော်လည်း နောက်တစ်ခေါက်ပြန်လုပ်စေပါ။ ယင်းသည် မိမိလုက်ဆောင်ချက်များနှင့် အချင်းချင်းလုပ်ဆောင်ချက်များ၏တိုးတက်မှုအဆင့်ဆင့်ကို လေ့လာတိုင်းတာရန်အတွက် အသုံးပြုပေးပါ။

**စာသင်ခန်း၏စည်းကမ်းများ (အခြေခံစည်းကမ်းများ)**

၄။ နှစ်ယောက်တစ်တွဲနေပြီး အတန်းထဲတွင် မည်သို့သော အုပ်ချုပ်မှုစည်းကမ်းရှိစေချင်သည်ကို သင်တန်းသားများ စဉ်းစားဆုံးဖြတ်ပေးပါ။

၅။ အုပ်စုဖွဲ့စေပြီး သင်တန်းသားများသည် စည်းကမ်းချက်များကို ညှိနှိုင်းချမှတ်စေပါ။ ရေးချစေပါ။ ပြီးလျှင် အတန်းသို့ပြန်လည်တင်ပြစေပါ။ အကျဉ်းချုံးဆွေးနွေးစေပြီး မည်သည့်စည်းကမ်းသည် အသုံးဝင်ပြီး၊ မည်သည့်စည်းကမ်းသည် အသုံးမဝင်သည်ကို ရှင်းပြပေးပါ။

ဥပမာ – အတန်းထဲတွင် ငြိမ်သက်နေရမည်ဟု စည်းကမ်းထုပ်ထားလျှင် အပြန်လှန်ဆက်ဆံဖလှယ်ရန်အတွက် မကောင်းပါ။ ကျောင်းသားများ လက်ထောင်ပြခြင်း မပြုရသောစည်းကမ်းသည်လည်း ဆရာက မေးခွန်းမေးချင်လျှင် တတန်းလုံးကျောင်းသားများအထဲမှ ဆရာက ရွေးချယ်ပြီးခေါ်ရပါမည်။

**ကြိုတင်စီမံခြင်း – မိမိ၏စာသင်ခန်းကို သိကျွမ်းခြင်း**

၆။ သင်တန်းသားများသည် မိမိတို့၏အတန်းတွက် ကြိုတင်ပြင်ဆင်ခြင်းများအတွက် လုပ်ဆောင်စေပါ။ မိမိအခန်းမြေပုံကို စီစဉ်စေပါ။

(က) သင်တန်းသားများသည် ကျောင်းတွင်းတံခါးပေါက်များ၊ ကျောက်သင်ပုန်း၊ စားပွဲနှင့်ကုလားထိုင်များကိုရေးမှတ်စေပါ။

(ခ) ပြီးလျှင် ထိုင်သောနေရာအသီးသီးကို အမှတ်အသားများထားပေးပြီး တိတ်ဆိတ်ဇုံနှင့် ဆူညံဇုံကိုလည်း သတ်မှတ်စေပါ။

(ဂ) ဆရာအနေနှင့် တိတ်ဆိတ်ဇုံနှင့် ဆူညံဇုံအတွက်ကို မည်သို့ကိုင်တွယ်ရမည့်နည်းဗျူဟာကို အတန်းလိုက်အနေနှင့် ဆွေးနွေးစေပါ။

**ဖြစ်နိုင်ခြေရှိသောအဖြေများ** – စာသင်ခန်း၏နည်းဗျူဟာအတတ်များ၊ အတန်းတွင်းသို့လှည့်လည်ကြည့်ရှုခြင်း၊ ကျောင်းသားအနားသို့ချဉ်းကပ်ကာ မျက်လုံးနှင့်ဆက်သွယ်ဆက်ဆံခြင်း၊ မေးခွန်းမေးနည်းဗျူဟာအမျိုးမျိုးကိုသုံးပြီး မေးခွန်းကိုမေးခြင်း၊ ကျောင်းသားအဖွဲ့လိုက်ကိုစုပြီး ရောထွေးလုပ်ဆောင်စေခြင်း *(ဥပမာ – ၁ ၂ ၃ ဟူ၍ခေါ်စေပြီး နံပါတ်တူအချင်းချင်းကို တစ်ဖွဲ့ဖွဲ့စေပြီး အဖွဲ့လုပ်ဆောင်စေခြင်း)*၊ တိတ်ဆိတ်ဇုံနှင့် ဆူညံဇုံမှ ကျောင်းသားများကို ပြန်လည်၍တင်ပြစေခြင်းတို့ ဖြစ်ပါသည်။

## C. ဆုပေး ဒဏ်ပေးစနစ်

၁။ ကျောင်းသားများသည် စာရင်း (၂) ချက်ကိုပြုစုပေးပါ။ တစ်ခုမှာ ကျောင်းသားများပြုလုပ်ထားသော အမှားများဖြစ်ပြီး ကျန်တစ်ခုမှာ သူတို့တွေ့ကြုံခဲ့ရသည့် (သို့) မြင်ဖူးသော ဒဏ်ပေးခြင်းကို ရေးချစေပါ။

၂။ အတန်းလိုက်အနေနှင့် သင်တန်းသားများသည် ရောနှောထားသောခေါင်းစဉ်ကို စီထားပြီး ကျောက်သင်ပုန်းပေါ်တွင် ရေးချစေပါ။ စီချထားသောအချက်များမှ အတန်းအနေနှင့် ဒဏ်ပေးခြင်းတစ်ခုစီ၏အကြောင်းကို ဆွေးနွေးပေးပါ။

မေးခွန်းများ မေးခြင်းကိုသုံးပါ။ အကယ်၍ ကျောင်းသားသည် ခေါင်းစဉ်နှင့်ပတ်သက်မှုရှိနေလျှင်လည်း ဆွေးနွေးစေပါ။

**၃။** နှစ်ယောက်တစ်တွဲ (သို့) အုပ်စုငယ် (၄) ဖွဲ့ဖွဲ့ပြီး ကျောင်းဆရာများကျင့်သုံးထားသော ဒဏ်ပေးသည့်စာရင်းကိုကြည့်ပြီး မေးထားသောမေးခွန်းကို ဖြေစေပါ။

– အတန်းလိုက်အနေနှင့် ဆွေးနွေးပေးပါ။ ယင်းဒဏ်ပေးမှုသည် ကျောင်းဆရာအတွက် လွယ်ကူပါသလား။ ကျောင်းသားအတွက်ရော မှတ်သားသင်ယူစရာများ ဖြစ်သွားပါမည်လား စသည်ဖြင့် ဆွေးနွေးစေပါ။

– မည်သည့်ဒဏ်ပေးစနစ်သည် မသင့်တော် မအပ်စပ်သည်ကိုလည်း အဖွဲ့လိုက်ဆွေးနွေးစေပါ။

**၄။** ယင်းဒဏ်ပေးစနစ်များအကြောင်းကို အတန်းလိုက်အနေဖြင့် ဆွေးနွေးစေပါ။

**အဖြေများ** – ဒဏ်ပေးခြင်း (၅) ခုတွင် မည်သည့် ဒဏ်ပေးခြင်းသည် အကျိုးသက်ရောက်မှုမရှိပါ။ ၆ – ဆရာအတွက် အထောက်အကူဖြစ်သော်လည်း တစ်တန်းလုံးကို အပြစ်ပေးရာကျပါသည်။ ၇ – ဆရာနှင့်စာသင်ခန်းအတွက်ကောင်းသော်လည်း ကျောင်းသားအတွက် မကောင်းပါ။ ၈ – မည်သူ့အတွက်မှ အကျိုးမရှိပါ။ ၉–၁၁ အတန်းအတွက်ရော ကျောင်းသားအတွက်ပါအကျိုးရှိသော်လည်း ဆရာမှာတာဝန်များ ပို၍ပိစေပါသည်။

ဒဏ်ပေးခြင်း ၁–၅ ကို မည်သို့သောအခါမှ မသုံးပါနှင့်။ ယင်းအချက်နှင့်ပတ်သက်သည့် အချက်အလက်များကို နောက်စာမျက်နှာတွင် စာပိုဒ်အနေနှင့်တွေ့ရပါမည်။

**D. လက်တွေ့လုပ်ဆောင်ခြင်း**

သင်တန်းသားများသည် ခန္ဓာကိုယ်ပိုင်းဆိုင်ရာ (ရုပ်ပိုင်းဆိုင်ရာ) ဒဏ်ပေးသည့်ပေါ်လစီရှိသောကျောင်းကို ဖော်ထုတ်စေပါ။ သင်တန်းသားများ သတိပြုရန်မှာ တရားဝင်ချမှတ်ထားသော ခန္ဓာကိုယ်ပိုင်းဆိုင်ရာ (ရုပ်ပိုင်းဆိုင်ရာ) ဒဏ်ပေးသည့်ပေါ်လစီမှာ ကျောင်းတော်တော်များများတွင် မကျင့်သုံးတော့ပါ။

**E . အကျဉ်းချုပ် – စာသင်ခန်းကို စီမံခန့်ခွဲခြင်း**

သင်ခန်းစာတွင် အဓိကအချက်များ ပါရှိပါသည်။

**F. Assessment**

သင်တန်းသားများသည် မိမိတို့ ဤသင်ခန်းစာနှင့်ပတ်သက်ပြီး မည်မျှနားလည်သည်ကိုပြနိုင်ရန် စာပိုဒ်တစ်ပိုဒ်ခန့်နှင့် ထိုအကျဉ်းချုပ်ထားသောအချက်များကို မိမိအားသန်ရာအသုံးအနှုန်းဖြင့် ရေးချစေပါ။ သူတို ကြိုက်သောအရာ ကိုရေးရန် ကိုယ်တိုင်ရွေးစေပါ။

**အမှတ်ပေးခြင်းအတွက် လမ်းညွှန်**

သင်တန်းသားများသည်အချက်အလက်များအနေဖြင့် ပေးထားသောစာပိုဒ်များနှင့် activities လုပ်ဆောင်မှုများမှ အဖြေရေးရန်ထုတ်ထားသည့်မှတ်စုများကို သုံးပါ။

သင်တန်းသားများ၏ အဖြေများပါဝင်ရမည့်အချက်များမှာ – က – ခေါင်းစဉ်၏ဆိုလိုချက် – ခ – သင်မည်သို့ လုပ်ဆောင်သည်ကို ရှင်းပြထားသောအချက်များတို့ဖြစ်သည်။

စိတ်ကြိုက်ရေးသားခြင်းကို မကျင့်သုံးတတ်လျှင် မေးခွန်းများကိုဖြေရန်သူတို့အားပြောပါ။ အဘယ်နည်း။ သင်မည်သို့လုပ်ဆောင်ပါသနည်း ..စသည်ဖြင့် မေးမြန်းပေးပါ။

# သင်ခန်းစာအဆုံးတွင် ပြန်လည်လေ့လာသုံးသပ်တိုင်းတာခြင်းကိုလုပ်ခြင်း

**End of Course Assessment**

သင်ခန်းစာ၏အခြေအနေကို နောက်ဆုံးလေ့လာတိုင်းတာခြင်းသည် output (ထွက်လာသောရလဒ်) များ တိုင်းတာခြင်းကို ဆိုလိုပါသည်။ သင်ခန်းစာတလျှောက်လုံးတွင်နှင့် နောက်ဆုံးအထိ သင်ခန်းစာများကို နားလည်သဘော ပေါက်စေပြီး ပြန်လည်ကျင့်သုံးတတ်စေရန် ဖေးမထားပါသည်။ လက်တွေ့သရုပ်ပြခြင်းမှလည်းကောင်း၊ သင်ကြား ပေးခြင်းများမှ ၎င်းလေ့လာသင်ယူထားသောအရာများကို ပြန်လည်အသုံးချတတ်ရန်အတွက် check -list ကို သုံးပေး ရပါမည်။ သို့မှသာလျှင် သူတို့ရှာဖွေသိရှိရမည့်အရာများကို သိရှိပါမည်။ စာမျက်နှာ (၇၂) မှ check -list ကို အသုံးပြု နိုင်ပါသည်။

## A. အမြဲတမ်းပြန်လည်သုံးသပ်ခြင်း

သင်တန်းသားများသည် လုပ်ဆောင်ထားခဲ့သော End of course assessment ကို ပြန်ကြည့်ပါ။ ပြီးလျှင် အား လုံးကိုခြုံပြီး သူတို့၏တိုးတက်မှုအဆင့်ဆင့် စသော ကောင်းမွန်သောလုပ်ဆောင်မှုများနှင့် ဆက်လက်ကြိုးစားရမည့် အရာများကို မှတ်ချက်အနေနှင့်ပေးပါ။

## B. သင်ခန်းစာကို ကြိုတင်ပြင်ဆင်ခြင်းနှင့် သင်ကြားခြင်း

၁။ သင်တန်းသားများသည် မိနစ် (၃၀) ခန့်ကြာသောသင်ခန်းစာကို သင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုများ လုပ်ပေးပါ။ အကယ်၍ သူတို့သည် သင်ယူပြီးဖြစ်လျှင် စာသင်ခန်းပုံစံအတိုင်းလုပ်ဆောင်ပေး၍ ရပါသည်။ (သို့မဟုတ်) သူတို့သည် အချင်းချင်း ပြန်သင်ကြားပေး၍လည်းရပါသည်။ ယင်း၏ ကြိုတင်ပြင်ဆင်မှုများသည် သူတို့သင်သွားမည့် အတန်းနှင့်ဘာသာရပ်များသာဖြစ်ရပါမည်။

၂။ အခြားသင်တန်းသားများသို့ သင်၏ assessment checklist ၏ မိတ္တူကို ကြိုတင်ပြင်ဆင်မှုများမလုပ်မီတွင် ဝေပေးပါ။ သို့မှသာ သင်မည်သည့်အရာများကို ရှာဖွေလေ့လာနေသည်ကို သိရှိရပါမည်။ စာမျက်နှာ (၇၂) မှ checklist ကို သုံးနိုင်ပါသည်။ (သို့မဟုတ်) မိမိဘာသာ တီထွင်နိုင်ပါသည်။ သင်တန်းသားတစ်ဦးလျှင် checklist တစ်ခုစီရှိစေပါ။သင်၏ checklist သည်လည်း သင်တန်းသားများကိုပြန်လည်ဝေဖန်ချက်ပေးသောအခါ မှတ်ချက် များရေးနိုင်ရန်အတွက် နေရာလွတ်ထားပေးရပါမည်။

၃။ checklist အားသုံးပြီး သင်ခန်းစာကို ကြည့်ရှုလေ့လာပေးပါ။ သင်တန်းသားများလုပ်ဆောင်သည့် အချက် များကို အမှတ်ခြစ်ပေးပါ။ အရမ်းကောင်းမွန်သော အရာများ (သို့) အရမ်းညံ့ဖျင်းသောအရာများကို မှတ်ချက် များရေးပေးပါ။ သင်တန်းသားတစ်ယောက်သည် ဤသင်တန်းတွင် assessment ကို အောင်မြင်ဖို့ရန်အတွက် ကောင်းသော လေ့ကျင့်မှုများကို လုပ်ဆောင်သွားနိုင်သည်/မနိုင်သည်ကို စီရင်ဆုံးဖြတ်ပေးပါ။

၄။ ဖြစ်နိုင်လျှင် သင်တန်းသားများအား ဝေဖန်ချက်များကို ချက်ခြင်းပေးပါ။ မဖြစ်နိုင်သော် ထိုနေ့အတွင်း (သို့မဟုတ်) နောက်တစ်နေ့တွင် ဝေဖန်ပေးပါ။ သင်တန်းသားများကိုလည်း ရှင်းလင်းစွာဖြင့် သူတို့ အောင် သည်/မည်မျှကြိုးစားရန်လိုသေးသည်ကို ပြောပြပေးပါ။ ကြိုးစားရန်လိုအပ်သောဧရိယာကိုလည်း တိတိကျကျ ဖော်ပြပေးပါ။

**အမှတ်ပေးခြင်းအတွက် လမ်းညွှန် –**

- *ကြိုတင်ပြင်ဆင်ပြင်ဆင်ထားခြင်း၏ ရလဒ်သက်သေ (သင်တန်းသားများ၏ lesson plan ကို ကြည့်ပါ။)*
- *သင်ခန်းစာအဆင့်ဆင့် (input, process ,output)*

*– သင်ခန်းစာ၏ activities များသည် ခြားနားကြခြင်း။*

*– ကျောင်းသားများသည် တက်ကြွမှုရှိကြပါသည်။ နှစ်ယောက်တစ်တွဲ (သို့) အုပ်စုလိုက်လုပ်ဆောင်မှုများ ရှိပါသည်။*

*– ဆရာ၏ကဏ္ဍ၊ ကောင်းမွန်သောပြန်လည်တင်ပြခြင်းအတတ်နှင့် စာသင်ခန်းကို ပတ်လည်ကြည့်ရှုခြင်း။*

စစ်ဆေးခြင်းနှင့်ဖေးမခြင်း သင်ယူဖို့ရန်အတွက် ကောင်းမွန်သည့် အကျဉ်းချုံး။

# ဖြည့်စွက်လုပ်ရှားမှု၊ စာသင်နည်းကို လက်တွေ့ကျင့်သုံးခြင်း

**Supplementary Activities to Practise Teaching Methods**

## A. လက်တွေ့သင်ကြား သရုပ်ပြခြင်း

Method files ၏လမ်းညွှန်ကို သင်တန်းသားများ ဖတ်ရှုလေ့လာပါ။

၁။ သင်တန်းသားများ လိုတိုရှင်းပြောရန်အတွက် ပြင်ဆင်ထားပါ။

၂။ အဖွဲ့လိုက် အလှည့်ကျစီတင်ပြပေးစေပြီး ကျန်သောအဖွဲ့များမှနားထောင်ကာ ကောင်းသောလေ့ကျင့်ခြင်းများကို လုပ်ဆောင်ရန်အတွက် လေ့လာပါ။ (နားထောင်သောအဖွဲ့ A - D)

၃။ တင်ပြသောသူ၏ ကိုယ်ပိုင်လုပ်ရှားမှု။

၄။ နားထောင်သောသူ၏ ပြန်လည်ဝေဖန်မှု၊ ကြိုးစားရန်လိုအပ်သောအရာများနှင့် ကောင်းသောအချက်များကို ဖော်ပြပေးခြင်း။

၅။ နားထောင်သောသူများသည် တင်ပြသူမှ အကြောင်းအရာအသစ် တင်ပြသည့်အတွက် မိမိတို့၏ အမြင်အတွေးများ ပြောင်းသွားခြင်း။

လှည့်ပတ်လေ့လာပေးပါ။ လိုအပ်ပါက သင်တန်းသားများအား တိကျရှင်းလင်းသော ဝေဖန်သုံးသပ်ချက်များကို ပေးတတ်ရန်အတွက် ဖေးမပေးပါ။ ဥပမာ – *နားထောင်သူ C, ခင်ဗျား မျက်လုံးနဲ့ဆက်သွယ်ရာမှာ သိပ်ကောင်းတယ်။ ကျွန်တော့်ကိုစကားပြောနေသလိုဘဲ ခံစားရတယ်။ သိပ်တော်တယ်။*

## B. မေးခွန်းများကိုမေးခြင်း၊ အဖွင့်မေးခွန်းနှင့် အပိတ်မေးခွန်း

သင်တန်းသားများသည် အဖြေတစ်ခုတည်းသာရှိသောမေးခွန်းနှင့် သင်မည်သို့ထင်မြင်ပါသနည်းဆိုသော မေးခွန်းများ၏ ခြားနားခြင်းများကိုသိရှိရန်အတွက် Methods files C – Open and closed questions ကို လေ့လာပါ။

**၁။** သင်တန်းသားများသည်မေးခွန်း (၁) နှင့် (၂) မှ အဓိကခြားနားသောအချက်များကို ဖော်ပြပေးပါ။

**အဖြေများ –** (က) ယင်းမေးခွန်းသည် ကျောင်းသားများသင်ကြားခဲ့သောအကြောင်းရင်း (၄) ရပ်ကို ပြန်လည်မှတ်မိရန်အတွက် မေးထားပါသည်။

(ခ) ယင်းမေးခွန်းသည် ကျောင်းသားများသင်ကြားခဲ့သောအရာများကို ပြန်လည်စဉ်းစားရန်နှင့် အဓိကအကြောင်းအရင်းများကို မည်သို့ထင်မြင်ပါသနည်းဟု မေးထားသောမေးခွန်းများကို မေးထားပါသည်။

၂။ သင်တန်းသားများသည် အပိတ်မေးခွန်းမှ အဖွင့်မေးခွန်းသို့ပြောင်းလဲပေးပါ။

**ဖြစ်နိုင်ခြေ ရှိသော အဖြေများ–**

၁။ လင်းပိုင်သည် ငါးမဟုတ်ဆိုသည်ကို သင်မည်သို့သိရှိပါသနည်း။

၂။ သစ်ပင်သည် ကာဗွန်ဒိုင်အောက်ဆိုဒ်ကို မည်သို့ သိုလှောင်ထားပါသနည်း။

၃။ ပြည်ထောင်စုမြန်မာနိုင်ငံ မည်ကဲ့သို့ လွပ်လပ်ရေးရရှိခဲ့ပါသနည်း။

မည်သို့သောအကြောင်းရင်းများကြောင့် မြန်မာပြည် လွပ်လပ်ရေးရရှိသွားပါသနည်း။

၄။ မှန်သောအဖြေများမှာ မည်သို့ဖြစ်နိုင်ပါသနည်း။

၅။ ငှက်ပျောပင်အကြောင်းကို သင်မည်မျှသိရှိပါသနည်း။

၆။ အာဆီယံဆိုသည်မှာ အဘယ်နည်း။

## C. Chart and Organizers

Method files မှ Charts and Organizers ကို သင်တန်းသားများအားအညွှန်းအနေနှင့် လေ့လာခိုင်းပါ။

၁။ ယင်းသင်ကြားခြင်းနှင့်ဆိုင်သည့် ဥပမာအချို့ကို ပေးထားပါသည်။ အခြားဥပမာများလည်းပေးထားပါသည်။

**ဖြစ်နိုင်ခြေရှိသောအဖြေများ –** (က) *2.B.1* သင်ကြားနည်းများအတွက် ဇယားကွက်များ။

(ခ) *4.A.2* Bloom ၏ပညာရေးဆိုင်ရာရည်ရွယ်ချက်များ၏ သင်ကြားနည်းပုံစံများ။

(ဂ) *1.D.1*စာသင်စက်ဝန်းများ၊ *4.A* ၏ ရည်ရွယ်ချက်များ၊ လုပ်ဆောင်မှုများနှင့် activities များ၊ *7.A* ၏ကြိုတင်စီမံမှုများ၊ 7.D.1 အဆင့်ဆင့်ရှိသောသင်ခန်းစာများ၊ *7.D.1* ပြန်လည်ဝေဖန်သောကွင်းဆက်များ။

၂။ ဤနေရာတွင် သင်တန်းတွင်ပါသော activities များကို ဥပမာအနေနှင့်ပေးထားပါသည်။

**ဖြစ်နိုင်ခြေရှိသော အဖြေများ –** (က) *1.B* အသိ၊ အတွေးအမြင်နှင့် အတတ်ပညာများ၊ *2.B.3* သင်ခန်းစာတွင်ပါသော *activities*များကိုခွဲခြားပေးခြင်း၊ *2.C.2*သင်ကြားမှု၏ပုံစံများ၊ *3.A.2* ညီတူယှဉ်တွဲခြင်း၊ *3.C.4* mind-map.

(ခ) *3.C.1* လှုံ့ဆော်သူကို အဆင့်ပေးခြင်း၊ *4.A.1* Bloom ၏ အမျိုးအစားများကို အဆင့်ပေးခြင်း၊ *5.B.1* အဖွဲ့လိုက်လုပ်ဆောင်မှုများ။

(ဂ) *5.B.1* အဖွဲ့လိုက်လုပ်ဆောင်မှုများ။

## D. အမှုအရာနှင့်လုပ်ဆောင်သောနည်းများ (ပြဇာတ်တို)

အဖွဲ့လိုက်အနေနှင့် သင်တန်းသားများသည် ကြိုတင်စီမံမှုပုံစံစာရွက်ကို ဖြည့်ပေးပါ။ စာမျက်နှာ (၇၄) တွင်ပေးထားသောပုံစံစာရွက်ကို သုံးနိုင်ပါသည်။

**သင်ခန်းစာ၏ရည်ရွယ်ချက်များ –** ယင်းသည် မိမိ၏အမြင်ကိုဖော်ပြခြင်းလော၊ အင်္ဂလိပ်ဘာသာစကားကို လေ့ကျင့်ခြင်းလော၊ အမှုတစ်ခုအတွက်ငြင်းခုံနေခြင်းလော၊ ပို၍အားနည်းသော ကျောင်းသားများအတွက် ပိုလွယ်သောအမြင်ကိုပေးခြင်းလော၊ တော်သောကျောင်းသားကို ဥက္ကဋ္ဌအနေနှင့်ထားခြင်းလော။

**Input** – ကျောင်းသားများ၏စိတ်ဝင်စားမှုများကိုဆွဲဆောင်နိုင်ရန်နှင့် ခေါင်းစဉ်ကိုနိဒါန်းပျိုးမိတ်ဆက်ရန်အတွက် မည်သို့လုပ်ဆောင်ပါမည်နည်း။ ဥပမာ – ကျောင်းဝတ်စုံနှင့်ပတ်သက်ပြီး သူတို့၏ အမြင်သဘောထားများကိုရေးပေးပါ။

**Process** – ကျောင်းသားများ၏သရုပ်ဖော် role play အတွက် မည်သို့ပြင်ဆင်ပါမည်နည်း။ ဥပမာ – (၂ – ၃) ယောက်တစ်ဖွဲ့ပါသောအုပ်စုအား တူညီသောအချက်မှ သူတို့ရှာဖွေထားသောအချက်များကို မှတ်တမ်းတင်ရေးမှတ်ထားပါ။

**Output** – သရုပ်ဖော် role play ကို မည်ကဲ့သို့လုပ်ဆောင်ပုံဖော်ပါမည်နည်း။ အဖွဲ့ကြီးတစ်ဖွဲ့အနေနှင့်လော၊ ခြားနားသောအဖွဲ့များနှင့် လုပ်ဆောင်ပါမည်လော။ အဆုံးတွင် အဖွဲ့များမှ မဲဖြင့်အမှတ်များပေးပါမည်လော။ အိမ်စာများပေးခြင်းအားဖြင့် အခြေအနေများကို ပြန်လည်စစ်ဆေးပေးခြင်းများ လုပ်ဆောင်ပါသလား။

**Activities 2.D.1 အတွက် cue card များ – (Active and passive learning)**

**Passive**

– အကယ်၍ အတန်းကိုတက်ပြီး ပြောသမျှကို ကျွန်တော်လုပ်လျှင် သင်ကြားတတ်မြောက်သွားပါ မည်။

– ကျွန်ုပ်၏အောင်မြင်မှုသည် ဆရာကောင်းတစ်ယောက်အပေါ်တွင် မူတည်ပါသည်။

– သင်ကြားတတ်မြောက်ခြင်းမရှိပါလျှင် အဓိပ္ပါယ်မှာ ကျွန်တော်ညံ့သောကြောင့်သာဖြစ်သည်။

–ကျွန်ုပ်တတ်မြောက်ဖို့ရာမှာ ဆရာ၏တာဝန်သာဖြစ်သည်။

– ကျွန်ုပ်၏ သင်ကြားတတ်မြောက်မှုများသည် သမ္မာဓိရင့်သောသူထံမှလာပါသည်။

– အောင်မြင်မှုမရှိသည့်အတွက် ကျွန်ုပ်လက်လျှော့လိုက်ရပါသည်။

– မလိုက်နိုင်သည့်အတွက် ယနေ့ ကျွန်ုပ် ကျောင်းသို့သွားစရာအကြောင်းမရှိပါ။

– ကျောင်းသားများမေးသောမေးခွန်းတိုင်းကို ဆရာက သိဖို့သင့်သည်။

– မေးခွန်းများ မေးရသည်ကို မနှစ်သက်ပါ။ ဝတုံးနှင့်တူသည်ဟု ယူဆပါသည်။

– မေးလာသောမေးခွန်းများကို မဖြေဆိုချင်ပါ။ အမှားများဖြေမိမည်ကို စိုးရိမ်သည်။

– ကျွန်ုပ် ထင်မြင်ယူဆသောအရာများကို မပြောချင်ပါ။

– ဆရာက ကျွန်ုပ်တို့လုပ်ထားသောစာကို စစ်ဆေးအမှတ်ပေးခြင်းကို နှစ်သက်ပါသည်။ သို့မှသာလျှင် လုပ်ဆောင်ထားသည့်အရာများ မှားသည်/မှန်သည်ကို သိရှိရပါမည်။

– ကျောင်းသားတယောက် စာသင်ခန်းတွင် ကောင်းမွန်စွာလုပ်ဆောင်ပုံဖော်နိုင်ရန်မှာ ဆရာ၏ အဓိကတာဝန်တရပ်ဖြစ်သည်။

**Active**

– ကျွန်ုပ်သင်ကြားတတ်မြောက်ဖို့ရာအတွက် မိမိတွင်သာ တာဝန်ရှိပါသည်။

– ကျွန်ုပ်၏အောင်မြင်မှုသည် ကျွန်ုပ်အပေါ်တွင်သာ မူတည်ပါသည်။

– မတတ်လျှင် အကူအညီကို ကျွန်ုပ်တောင်းခံရပါမည်။

– ကျောင်းသားတိုင်းသည် သင်ကြားတတ်မြောက်ရန်အတွက် အရည်အချင်းကိုယ်စီရှိကြပါသည်။

– စာသင်ချိန်တစ်ချိန်လုံး ထိုင်ပြီးနားထောင်နေရခြင်းကို ကျွန်တော်မနှစ်သက်ပါ။

– စာသင်ချိန်အား **activities** အမျိုးမျိုးနှင့်လုပ်ဆောင်ရသည်ကို နှစ်သက်ပါသည်။

– သင်ခန်းစာ၏ခေါင်းစဉ်သည် ခက်သည်ဟုထင်ရသည်အတွက် ယနေ့ကျောင်းကိုသွားမည်။

– အကောင်းဆုံးလုပ်ဆောင်သွားပါမည်။ အားလုံးကောင်းရန်မလိုပေ။

– သင်ခန်းစာလုပ်ရန်ခက်လျှင် ဆရာကို အကူအညီတောင်းခံပါမည်။

– သင်ခန်းစာလုပ်ရန်ခက်လျှင် အတန်းသားအချင်းချင်း အကူအညီကိုတောင်းခံပါမည်။

– ကျွန်တော် ကောင်းကောင်းမွန်မွန်နားလည်နိုင်ရန်အတွက် မရှင်းလင်းသောအရာများအား
မေးခွန်းမေးရသည်ကို နှစ်သက်ပါသည်။

– မိမိ၏အမြင်နှင့် အတွေးအခေါ်များကို ဆွေးနွေးရသည်ကို နှစ်သက်ပါသည်။

## Cue Cards for Activity 3.A.2

## ပညာရေးနယ်ပယ်မှ တန်းတူညီမျှခြင်း

**Equality in Education**

| အသုံးအနှုန်း | အဓိပ္ပါယ် | ဥပမာ |
|---|---|---|
| ခံစားပိုင်ခွင့် | အခွင့်အရေး တစ်ခုခုကို ရရှိစေပါသည်။ | အသက် (၁၀) နှစ်အထိ ပညာရေးဆိုင်ရာ အခွင့်အရေးများ။ |
| | | အဆင့်မြင့်သောပညာရေးကိုဆည်းပူးရန်အတွက် အခွင့်အရေးများ။ |
| တန်းတူညီမျှမှု | တန်းတူစွာဆည်းပူးအောင်မြင် ရရှိခွင့် | မိန်းကလေး၊ ယောက်ျားလေး ဘာသာရပ်တစ်ခုကို တန်းတူဆည်းပူးယူခြင်း။ |
| | | ကျောင်းသားများသည် သင်ကြားမှု၏ ရလဒ်ကို မျှတစွာဆွတ်ခူးခြင်း။ |
| အမျိုးအစားကွဲပြားခြင်း | အမျိုးမျိုးကွဲပြားခြားနားခြင်း | အမျိုးမျိုးသော ရိုးရာပွဲများကို ကျောင်း၌ ကျင်းပခွင့်ရခြင်း။ |
| | | ခြားနားသောရိုးရာ၏နောက်ခံကို အခြေခံပြီး သင်ခန်းစာကို မီးမောင်းထိုးခြင်း။ |
| ပါဝင်ခြင်း | အားနည်းသောကျောင်းသားများကိုလည်း ပါဝင်စေခြင်း။ | ဆည်းပူးမှုနှင့်ဆိုင်သည့် အခက်အခဲရှိသောကျောင်းသားများကို ကျောင်းတွင်လက်ခံခြင်း |
| | | ခြားနားမှုရှိသော်လည်း ကျောင်းသားသည် ခေဒကတက်ခြင်းများ မရှိပါ။ |
| ခြားနားခြင်း | ဆရာတစ်ယောက်အနေဖြင့် မိမိ၏ ကျောင်းသား တစ်ဦးတစ်ယောက်စီနှင့် ပတ်သက်သောလိုအပ်ချက်များကို သိရှိခြင်း။ | ဆရာသည် အဆင့်မတူသော အတန်းများကို ရောသင်ရန်အတွက် စီစဉ်ခြင်း။ |
| | | ကျောင်းသား တစ်ဦးစီသည်လည်း မိမိတို့ဆည်းပူးရန်အတွက် အသီးသီး စီစဉ်ခြင်း။ |

## Cue Cards for Activity 4.B.1

### ရောထွေး ယှဉ်တွဲခြင်း

**Mix and Match**

| | |
|---|---|
| ပြန်လည်သုံးသပ်ခြင်း | ဆင်ခြင်ယူဆခြင်း |
| ခွဲခြမ်းစိတ်ဖြာစစ်ဆေးခြင်း | ပြန်လည်အသုံးချခြင်း |
| နားလည်သဘောပေါက်ခြင်း | အသိပညာ |

| | | |
|---|---|---|
| သင်ယူခြင်းအခြေအနေ | အစီရင်ခံစာကို ရေးသားတင်ပြခြင်း | ဆွေးနွေးခြင်း |
| စာစီစာကုံးရေးသားခြင်း | စီမံကိန်းလုပ်ငန်း | ပြဿနာများကို ဖြေရှင်းခြင်း |
| တီထွင်ကြံဆ ရေးသားခြင်း | သရုပ်ပြခြင်း | ဆွေးနွေးခြင်း |
| စစ်တမ်းယူခြင်းနှင့် ရလဒ်များကို ခွဲခြမ်းစိတ်ဖြာခြင်း | ကျောင်းသား၏ ရှင်းလင်းတင်ပြမှု | ကွန်ပျူတာအသုံးပြု၍ ရှာဖွေလေ့လာခြင်း |
| ပုံစံကားချပ်များကို ရေးဆွဲခြင်း | ကွန်ပျူတာအသုံးပြု၍ စာရိုက်ခြင်း | ဆည်းပူးထားသည့်အရာများကို လေ့ကျင့်ပေးခြင်း |

| | | |
|---|---|---|
| ကွင်းဆင်းလေ့လာခြင်း | ဆည်းပူးနားလည်မှုကို နားလည်ရန် စစ်ဆေးခြင်း | ကျောင်းသားများ မေးခွန်းမေးခြင်း |
| အကျဉ်းချုံးခြင်း | ကျောင်းသားများ မှတ်စုများကို မှတ်ယူခြင်း | ဆရာအနေနှင့် သင်ခန်းစာကို ပို့ချခြင်း |
| . ကြည့်ရှုလေ့လာခြင်း | ပြန်လည်ရွတ်ဆိုခြင်း | အလွတ်ရွတ်ဆိုခြင်း |
| ကျောက်သင်ပုန်းပေါ် ဆရာရေးထားသည်ကို ကျောင်းသားမှကူးယူခြင်း | ကျောင်းသား၏ ရှင်းလင်းတင်ပြမှု | ကျောင်းသားများ အဖွင့်မေးခွန်းကို ဖြေဆိုခြင်း |
| ကျောင်းသားအနေဖြင့် တိုးတက်မှုကိုပြသည့်ပုံစံကားချပ်ကို ဖန်တီးခြင်း | စကားရည်လုပွဲ | ကျောင်းသားများ တစ်ဦးနှင့်တစ်ဦး မေးခွန်းများ မေးခြင်း |
| အင်္ဂလိပ်ဘာသာစကားကို လေ့ကျင့်ရန်အတွက် သရုပ်ဆောင်စကားပြောခြင်းကို လုပ်ဆောင်ခြင်း။ | ကျောင်းသားများ အပိတ်မေးခွန်းကို ဖြေဆိုခြင်း | |

## Task Cards for Activity 5.B.1

## အဖွဲ့လိုက်လုပ်ဆောင်ရန်အတွက် စီမံခန့်ခွဲခြင်း

**Setting and Managing Group work tasks**

သင်၏ကျောင်းသားများ ဆည်းပူးချင်သည့်အရာကို သိရှိခြင်း

လှုပ်ရှားမှုများအတွက် စီမံခြင်း

ကျောင်းသားများ မည်သို့ပြန်လည်တင်ပြရမည်ကို ဆုံးဖြတ်ခြင်း

သင်ထောက်ကူပစ္စည်းများကို ပြင်ဆင်ခြင်း

ကျောင်းသားများကို အုပ်စုခွဲခြင်း

အဆင့်ဆင့်သော ညွှန်ကြားချက်များကို ရှင်းလင်းစွာပေးခြင်း

ဥပမာပေးခြင်း

မေးစရာ ရှိ/မရှိကို မေးခြင်း

အချိန်အကန့်အသတ်ကို သတ်မှတ်ပေးခြင်း

အဖွဲ့တိုင်းသို့လှည့်လည်ကာ ကျောင်းသားများ၏နားလည်သဘောပေါက်မှုအခြေအနေကို လေ့လာခြင်း

ကျောင်းသားများ၏ တိုးတက်မှုအခြေအနေကိုသိစေရန် အဖွဲ့တိုင်းသို့လှည့်လည်ခြင်း

မေးခွန်းများမေးခဲ့သော် (သို့မဟုတ်) လိုအပ်လျှင် အကြံဉာဏ်များပေးခြင်း

ပြန်လည်တင်ပြခြင်းကို စီမံခန့်ခွဲခြင်း

သင်ပြီးသမျှကို အကျဉ်းချုံးခြင်း

လိုအပ်သည့်အချက်များကို ထပ်မံဖြည့်စွက်ခြင်း

အဓိကအချက်များကို ကျောင်းသားများက မှတ်စုလိုက်ရေးခြင်း

# Task Cards for Activity 6.B.1
# Workstation

**သုတေသနလုပ်ခြင်းကို သင်ထောက်ကူအနေနှင့်သုံးခြင်း – (က) ကျောက်သင်ပုန်းပေါ်တွင် လုပ်ဆောင်သောအချက်များကိုရေးပြပါ။**

**သင်ယူခြင်းတွင် အခြားသောသူများအား သင်ထောက်ကူပစ္စည်းအနေဖြင့် သင်မည်ကဲ့သို့ အသုံးပြုပါသနည်း။**

၁။ ကျောက်သင်ပုန်းကိုသုံးကာ Brainstorm လုပ်ပေးပါ။ Methods file ကိုကြည့်ပြီး လေ့လာပေးပါ။ အုပ်စုလိုက်ဖွဲ့ပြီးလုပ်ပေးပါ။

၂။ အကောင်းဆုံးသော အကြံဉာဏ် (၃ – ၅) ခုကို ရွေးချယ်ပေးပါ။

၃။ Visual aid ကိုသုံးပြီး သင်၏အဖြေကိုတင်ပြရန်အတွက်လည်း စာရွက်ကိုပြင်ဆင်ထားပေးပါ။ ဥပမာ – ပိုစတာများ – mind map စသည်ဖြင့် …

၄။ ကျောက်သင်ပုန်းတွင်ရှိနေသောအရာများကို ဖျက်လိုက်ပါ။

---

**သုတေသနလုပ်ခြင်းကို သင်ထောက်ကူအနေနှင့်သုံးခြင်း –(ခ) ကွင်းဆင်းလေ့လာခြင်း**

**စာသင်ခန်း၏ပြင်ပကို သင်ခန်းစာအထောက်အကူပြုအနေဖြင့် သင်မည်သို့ သင်ကြားပေးနိုင်ပါသနည်း။**

၁။ စာသင်ခန်းအပြင်သို့ (၅) မိနစ်ခန့်သွားပြီး မှတ်စုစာအုပ်ကိုလည်း တစ်ပါတည်းယူသွားပါ။

၂။ သင်တန်းသားများ တစ်ဦးစီ မိမိတို့၏ အကြံဉာဏ်များကို ရေးချပေးပါ။

၃။ အုပ်စုအနေနှင့် မိမိတို့၏ အကြံဉာဏ်များကို ဆွေးနွေးပေးပါ။

၄။ Visual aid ကိုသုံးပြီး သင်၏အဖြေကိုတင်ပြရန်အတွက် စာရွက်ဆိုဒ်ကြီးများ ပြင်ဆင်ထားပေးပါ။ ဥပမာ – ပိုစတာများ၊ mind map စသည်ဖြင့် …

---

**သုတေသနလုပ်ခြင်းကို သင်ထောက်ကူအနေနှင့်သုံးခြင်း –(ဂ) စာအုပ်များမှ ရှာဖွေခြင်း**

**လုပ်ရှားသင်ယူမှုနည်းလမ်းကို သင်၏သင်ခန်းစာတွင် မည်သို့ အသုံးပြုနိုင်ပါသနည်း။**

၁။ အခြားတစ်ဖွဲ့မှ မလုပ်ရသေးသောဘာသာရပ်ကို ရွေးချယ်ပါ။

၂။ Methods file မှပါပေးထားသော Active learning method ကိုသုံးပါ။ သင်ခန်းစာ စာအုပ် (သို့) သင်ကြားခြင်း အတတ်စာအုပ် – စသည်ဖြင့် …

၃။ မိမိတို့၏အကြံဉာဏ်များကို စာရွက်ပေါ်တွင်ရေးချပေးပါ။ ရှင်းလင်းတိကျသော ဥပမာများကိုပေးပေးပါ။ (ဥပမာ– ရာဇဝင်သမိုင်း၏ နေ့ရက်များကို ဇယားနှင့်တစ်ကွပေးပေးပါ။)

---

**သုတေသနလုပ်ခြင်းကို သင်ထောက်ကူအနေနှင့်သုံးခြင်း –(ဃ) အင်တာနက်ကို အသုံးပြုခြင်း**

**အင်တာနက်ကို သင်ထောက်ကူပစ္စည်းအနေဖြင့် မည်ကဲ့သို့ အသုံးပြုပါသနည်း။**

၁။ Website မှ www.teachingidea.co.uk ကို လေ့လာပါ။

၂။ သင်ကြားနေသော ဘာသာရပ်(သို့) သင်ကြားသွားမည့်ဘာသာရပ်ကို ရွေးချယ်ပေးပါ။

၃။ အတန်းထဲတွင်သင်ကြားပေးနိုင်မည့်အကြံကို ပေးပါ။ Visual aid ကိုသုံးပြီး သင်၏အဖြေကိုတင်ပြရန်အတွက် စာရွက်ကိုလည်း ပြင်ဆင်ထားပေးပါ။

ဥပမာ – ပိုစတာများ၊ mind map စသည်ဖြင့် …

# Task Cards for Activity 8.B.1
# Assessment at the Start of a Course

| |
|---|
| **A.2 သချာင်္ဆရာ** |
| **Initial assessment:** |
| ဆရာသည် liner equation မေးခွန်းများကို လွယ်ရာမှ ခက်ရာသို့ မေးသွားစေပါ။ အကယ်၍ ကျောင်းသားသည် မေး ခွန်း အစဉ်လိုက် (၅) ပုဒ်တွင် (၄) ပုဒ်လာက်ကို မှန်အောင်ဖြေဆိုနိုင်လျှင် ထိုကျောင်းသားသည် ဘာသာရပ်ကို ကောင်း မွန်စွာနားလည်ကြောင်းကိုပြပါသည်။ ပိုအားသာသောကျောင်းသားကိုမူ မေးခွန်းနံပါတ်စဉ် (၅) ကို မေးပေးပါ။ – ဆရာမသည် ထိုမေးခွန်းကို ကျောင်းသားတိုင်းဖြေဆိုနိုင်မည်ဟု မထင်ပါ။ |
| **ရလဒ်** |
| – ကျောင်းသား (၃) ယောက်သည် liner equation ကို ကောင်းကောင်းမလုပ်တတ်ကြောင်းကို တွေ့ရှိရပါသည်။ |
| **ဆရာမသည် မည်သို့လုပ်ဆောင်ပါသနည်း။** |
| (က) ထိုကျောင်းသား (၃) ယောက်နှင့်သော်လည်းကောင်း ... |
| (ခ) ကျန်သောအတန်းသားအားလုံးနှင့်သော်လည်းကောင်း .... |
| **B.2 ပထဝီဝင်ဆရာ** |
| **Initial assessment:** |
| ဆရာက ကျောင်းသားများကို ငါးမိနစ်အတွင်း သင်ခန်းစာပို့ချပြောဆိုခြင်းများကို မှတ်စုရေးစေပါ။ (အဓိက သုံးချက်နှင့် ယင်း၏ဥပမာများ) ဆရာက တစ်တန်းလုံးကို မေးခွန်းများမေးပေးပြီး သူတို့ရေးမှတ်ထားသော မေးခွန်း များကို ပြန်လည်ကြည့်ရှုလေ့လာပါ။ |
| **ရလဒ်** |
| ဆရာသည် မိမိ၏ကျောင်းသား (၂၅) ဦး ရှိသည့်အနက် (၁၄) ယောက်သည် မှတ်စုများရေးမှတ်ရာတွင် အားနည်း သည်ကိုတွေ့ရပြီး ထိုကျောင်းသားများသည် ဇမာစာအရေးအသားအပြောအဆိုတွင်လည်း အားနည်းနေသည်ကိုတွေ့ ရပါသည်။ |
| **ဆရာသည် မည်သို့လုပ်ဆောင်ပါမည်နည်း။** |
| ၁။ ကျောင်းသား (၁၄) ယောက်နှင့် |
| ၂။ ကျောင်းသား (၄) ယောက်နှင့် |
| ၃။ ကျန်သောကျောင်းသားများ ကိုးယောက်နှင့် |
| **C.2 ပထမတန်းဆရာ** |
| **Initial assessment:** |
| ဆရာမသည် ကျောင်းသားကလေးငယ်များအား သူတို့၏အကြောင်းနှင့် သူတို့၏မိသားစုများအကြောင်းကို မေးပါ သည်။ ကျော်ကျော်အမည်ရှိသော ကျောင်းသားလေးကို အနောက်ကနေ ဆရာမကခေါ်သော်လည်း သူမှာ ပြန်မထူး ချေ။ |
| **ရလဒ်ကား –** |
| **၁။** အဲအဲ အစာကို ဝလင်စွာမစားခဲ့ရသည်ကို သိရှိသွားပါသည်။ |
| **၂။** စိုးစိုး စာကို ကြာကြာစိတ်ဝင်စားစွာ သင်ကြားနိုင်မည်ဟု မထင်မိပါချေ။ |
| **၃၊** ကျော်ကျော် အကြားအာရုံသိပ်မကောင်းသူဟု သံသယဖြစ်မိပါသည်။ |
| **ဆရာမသည် ယခု ဘာလုပ်ပါသနည်း။** |